ဩကာသကန်တော့ချိုး

နှင့်

# သီလတော်မြတ်အကျိုး



၃

ဗိန်တိုင်ထွန်း

Graphic Art
(Htet Akar Kyaw Group)

# ဩကာသကန်တော့ချိုး

## နှင့်

# သီလတော်မြတ်အကျိုး

ဝိနည်းတိုင်ဝေ့နွန်း

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ☐ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☐ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☐ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☐ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ☐ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☐ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☐ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ☐ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ☐ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☐ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☐ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ☐ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း


မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၉၃၆၀၉၀၇

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၉၆၅၀၈၀၇

ထုတ်ဝေသည့်ကာလ - ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၀၀၀

ထုတ်ဝေသူ - ရှင်မတောင်စာပေ
(၂၉၆)၊ အနော်မာအရှေ့(၇) လမ်း၊
သာကေတမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - တော်ဝင်ကျောက်စိမ်းပုံနှိပ်တိုက်
(မြဲ - ၀၇၀၉၅)

စိန်တိုင်ထွန်း ၁၃၉•၃

ဩကာသကန်တော့ချိုးနှင့် သီလတော်မြတ်အကျိုး

ရှင်မတောင်စာပေ (၂၀၀၉)

စာမျက်နှာ ၆၄ - ၁၃ စင်တီ × ၁၈ စင်တီ

# မာတိကာ


- စာရေးသူ၏အမှာစာ
- ဗုဒ္ဓဘာသာဟူသည် ၁
- ဗုဒ္ဓဘာသာဝင်နှင့်သရဏဂုံသုံးပါး ၇
- သရဏဂုံပျက်မပျက် ၁၇
- ဩကာသကန်တော့ချိုး (၁) ၂၇
- ဩကာသကန်တော့ချိုး (၂) ၃၇
- ဩကာသကန်တော့ချိုး (၃) ၄၅
- ဩကာသကန်တော့ချိုး (၄) ၅၁
- ဩကာသကန်တော့ချိုး (၅) ၅၉
- ဩကာသကန်တော့ချိုး (၆) ၆၅
- ဩကာသကန်တော့ချိုး (၇) ၇၅
- သီလတောင်း (၁) ၈၅
- သီလတောင်း (၂) ၉၃
- နမောတဿဘုရားရှိခိုး ၁၀၁
- ငါးပါးသီလနိဒါန်းနှင့်နိဂုံး ၁၀၇
- ဗြဟ္မစရိယသီလ ၁၄၁
- အာဇီဝဋ္ဌမကသီလ ၁၅၅
- နဝင်္ဂဥပုသ်သီလ (ကိုးပါးသီလ) ၁၆၃
- ဒသင်္ဂဟဋ္ဌသီလ (၁၀) ပါးသီလ ၁၆၅
- (မေတ္တာအကြောင်း) မေတ္တာပို့ ၁၆၉
- ဆုတောင်း ၁၈၇
- အမျှဝေနှင့်သာဓုခေါ်ပုံ ၁၉၃

# စာရေးသူ၏အမှာစာ

စာရေးသူသည် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန စာကြည့်တိုက်တွင် ဦးစီးမှူးတာဝန်ထမ်းဆောင်စဉ် (၁၉၉၅) ခုနှစ်တွင် သာထွန်းပြန့်ဓမ္မစာစောင်ကို လစဉ်ထုတ်ဝေရန် လူကြီးများစီစဉ်ခဲ့ရာ၌ စာရေးသူအား အယ်ဒီတာအဖွဲ့ဝင်တာဝန်ပေးခဲ့သည့်အတွက် စာစောင်သို့ ပြင်ပမှပေးပို့လာသော ဆောင်းပါးများကို စိစစ်ရွေးချယ်ပေးခြင်း မိမိကိုယ်တိုင်ကလည်း စာစောင်တွင် လစဉ်သင့်လျော်သော ဆောင်းပါးများရေးသားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၈ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ တာဝန်အရ ပြောင်းရွှေ့၍ စာကြည့်တိုက်မှူးတာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုတက္ကသိုလ်တွင်လည်း သာသနာရေးဝန်ကြီးဌာန ဝန်ကြီးက ဤတက္ကသိုလ်တွင် ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ သင်တန်းသားများ ထေရဝါဒပိဋကတ်တော်များကို အင်္ဂလိပ်ဘာသာဖြင့် လေ့လာသင်ယူနေကြသကဲ့သို့ ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင် ပြည်သူများလည်း ထေရဝါဒဗုဒ္ဓအစစ် အဆီအနှစ်များကို သိရှိလိုက်နာကျင့်ကြံနိုင်စေရေးအတွက် လစဉ်စာစောင်တစ်ခု ထုတ်ဝေသွားရန် လမ်းညွှန်ခဲ့ပါသည်။

ယင်းလမ်းညွှန်ချက်အရ ထေရဝါဒဓမ္မစာစောင်ကို ၂၀၀၄-ခုနှစ် အောက်တိုဘာလမှစ၍ လစဉ်ထုတ်ဝေခဲ့ပါသည်။ထိုစာစောင်တွင် စာရေးသူအား တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ပေးအပ်ခဲ့သဖြင့် ထိုတာဝန်အရ ဘာသာရေးစာပေများကို တာဝန်ယူလျက်

## စိန်တိုင်ထွန်း

ဆက်လက်ရေးသားနေစဉ် ယခင် သာထွန်းပြန့်ဓမ္မစာစောင် အယ်ဒီတာတာဝန်ယူခဲ့စဉ်က ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းကာ " အလင်းသီတံအမှန်ပန်းကုံး" အမည်ရှိ စာအုပ်ကို ၂၀၀၈-ခုနှစ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုတစ်ဖန် ထေရဝါဒဓမ္မစာစောင် တာဝန်ခံအယ်ဒီတာ အဖြစ် ဆောင်ရွက်လျက်ရှိစဉ် လစဉ်အယ်ဒီတာအာဘော်နှင့် လူငယ်များ သိသင့်သိထိုက်သော မြန်မာ့ယဉ်ကျေးမှုအခြေခံ ဘာသာရေးဆောင်းပါးများကို ရေးသားလျက်ရှိရာ ထိုရေးသားချက်များကို စုစည်း၍ "ဩကာသကန်တော့ချိုးနှင့် သီလတော်မြတ်အကျိုး" အမည်ရှိ စာအုပ်ကို (၃) အုပ်မြောက်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ဤစာအုပ်မှာ သာမန်အားဖြင့်ကြည့်လျှင် ဘာသာရေးသက်သက်ဟု ထင်မြင်ရသော်လည်း အမှန်မှာ ထေရဝါဒဗုဒ္ဓဘာသာကို အခြေခံထားသော မြန်မာတို့၏ ယဉ်ကျေးမှုအမွေအဖြစ် စာရေးသူ ခံယူထားပါသည်။

ဤစာစောင်ထုတ်ဝေရာတွင် စာမူများကို တည်းဖြတ်ပြင်ဆင်ပေးသော ဦးခင်စိုး (စိုးစိုး-ပန်းတောင်း) စာတည်းမှူး-စာပေဗိမာန်နှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှကူညီပေးခဲ့သော စာရေးသူ၏ဇနီးဖြစ်သူ ဒေါ်ခင်ရီတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

× × × × ×

# စာရေးသူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

ဦးလှထွန်း (စိန်တိုင်ထွန်း)ကို ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ စိန်တိုင်ကျွန်း စံပြကျေးရွာတွင် ၁၉၄၃-ခုနှစ်၊မေလ (၂၀) ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ရွာဦးဘုန်းတော်ကြီး ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ရှင်သာမဏေဘ၀၊ ရဟန်းဘ၀တို့ဖြင့် လောကုတ္တရာစာပေများကို လေ့လာသင်ယူခဲ့ရာ သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့ ရရှိခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် ကမ္ဘာအေးတွင် ဖွင့်လှစ်သော သံဃတက္ကသိုလ်၊ သာသနာပြုသင်တန်းတက်ရောက် သင်ကြားခဲ့ရာ ဗုဒ္ဓဒေသနာဆရာဖြစ် (၃) နှစ်သင်တန်း (B.D.T) အောင်မြင်ခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် အကြောင်းကြောင်းကြောင့် သံဃတက္ကသိုလ်ကို ဖျက်သိမ်းခဲ့သဖြင့် အတန်းပညာများကို ဆက်လက်လေ့လာခဲ့ရာ ၁၉၇၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပါသည်။

ဘွဲ့ရပြီးနောက် အဖွဲ့အစည်းကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း လိုအပ်သော အထက်တန်းပညာရပ်များကို အချိန်ပိုင်းဆက်လက်ဆည်းပူးခဲ့ရာ အထက်တန်းရှေ့နေစာမေးပွဲ H.G.P နှင့် မှတ်ပုံတင်ရှေ့နေစာမေးပွဲ RL တို့ကို အောင်မြင်ခဲ့ပါသည်။

ဝန်ထမ်းဘ၀ဖြင့် တာဝန်ပေးချက်အရ ဆောင်းပါးများရေးသားခဲ့သည့်အတွက် စာပေလုပ်သားအဖွဲ့ဝင်အမှတ် (၂၇၀၆) ဖြင့် စာပေလုပ်သားအဖွဲ့ဝင် ဖြစ်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး

**စိန်တိုင်ထွန်း**

ဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေစဉ်အတွင်း သာထွန်းပြန့်ဓမ္မစာစောင်ထုတ်ဝေခဲ့ရာ အယ်ဒီတာတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုစဉ်က ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ အလင်းသီတံအမှန် ပန်းကုံးအမည်ဖြင့် စာအုပ်ကို ၂၀၀၈ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

စာရေးသူသည် ယခုအခါ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသာနပြုတက္ကသိုလ်မှ အငြိမ်းစားယူပြီးဖြစ်ပါသည်။ ထေရဝါဒဓမ္မစာစောင်တွင် ယခုတိုင် အယ်ဒီတာအာဘော်နှင့် လူငယ်များသိမှတ်ဖွယ်ရာ ဘာသာရေးအခြေခံဆောင်းပါးများကို ဆက်လက်ရေးသားနေဆဲ ဖြစ်ပါသည်။ ထေရဝါဒဓမ္မစာစောင်တွင် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်း၍ “**ဩကာသကန်တော့ ချိုးနှင့် သီလတော်မြတ်အကျိုး**” အမည်ရှိ စာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။

စာရေးသူသည် ယခုအခါ ဘာသာသာသနာအကျိုးပြုဆောင်းပါးများကို ဆက်လက်ရေးသားနေဆဲဖြစ်ပါသည်။

# တို့တာဝန်

ရှင်ချစ်ဗုဒ္ဓ၊ ဟောဖော်ပြသည့်
ဓမ္မဒေသနာ၊ အဖြာဖြာကို
သူငါအများ၊ လိုက်နာပွားက
ရငြားမသွေ၊ ကျိုးထွေထွေတည်း။
ထိုသို့ရရန်၊ စိတ်ရည်သန်ကာ
ကျမ်းဂန်ဓမ္မ၊ အဝဝကို
ဗုဒ္ဓဘုရား၊ ဟောထားအချက်
မပျက်စေရန်၊ အတန်တန်လျှင်
သင်္ဂါယနာ၊ တင်ကာဆောင်ကြဉ်း
ပြုခဲ့ခြင်း၏ အရင်းမူလ ပဓာနပါ။
ယခုအခါ၊ တို့သူငါလည်း
နောင်လာနောင်သား၊ အကျိုးများဖို့
ဘုရားသာသနာ၊ ပြန့်ပွားလာအောင်
ကြံဆောင်ကြိုးကုတ်၊ လွန်အားထုတ်မှ
တို့ကတာဝန်၊ ကျေလိမ့်မည်။
တို့ရဲ့တာဝန်၊ တို့ကျေပွန်မှ
မြတ်မွန်သာသနာ၊ ပြန့်ပွားသာစည်
ကြာရှည်တည်တံ့၊ ကမ္ဘာပြန့်လိမ့်။

စိန်တိုင်ထွန်း



# ဗုဒ္ဓဘာသာဟူသည်

စိန်တိုင်ထွန်း

တစ်နေ့တွင် ရွာမအရှေ့ရပ်ကွက်ရှိ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မ စာကြည့်တိုက်မှ စာကြည့်တိုက်မှူးဖြစ်တဲ့ ဦးဝေအောင်နဲ့အဖွဲ့ ကျွန်ုပ်အိမ်သို့ ရောက်ရှိလာရာ "လာဗျာ ဦးဝေအောင်တို့ . . . ထိုင်ကြပါ၊ ကိစ္စပြောပါ"

အောင်။ ။ "အခြားကိစ္စ ထွေထွေထူးထူးမရှိပါဘူး။ ဆရာနဲ့ တွေ့ချင်လို့ပါ။ ကျွန်တော်တို့ရပ်ကွက်က လူငယ်တွေဟာ တနင်္ဂနွေနေ့ညတိုင်း စာကြည့်တိုက်မှာစုဝေးပြီး ဘာသာရေးခေါင်းစဉ်တစ်ခုခု ရွေးချယ်ဆွေးနွေးကြပါတယ်။ အဲဒီဆွေးနွေးပွဲမှာ အထောက်အကူ ပြုနိုင်အောင် ဆွေးနွေးချင်တာလေးတွေရှိလို့ပါဆရာ။ ဆရာနဲ့လည်း အရမ်းတွေ့ချင်နေတာ။ ဆရာ့အိမ်ကိုလာတိုင်း မတွေ့ရပါဘူး။ ဒီတစ်ခါကျမှပဲ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတော့တယ်"

ကျွန်ုပ်။ ။ "အေးဗျာ။ ကျွန်တော်လည်း ရုံးက ပင်စင်ယူထားပေမဲ့ ရုံးကို တစ်ပတ် (၂) ရက်သွားပြီး ထေရဝါဒဓမ္မစာစောင်မှာထည့်မယ့် ဆောင်းပါးတွေ စိစစ်ရတယ်။ ရွေးသင့်တာ ရွေးရတယ်။ ကျန်တဲ့ရက်တွေမှာတော့ လှိုင်သာယာစက်မှုဇုန် (၅) ရှိ ကျွန်တော့်သားရဲ့ လုပ်ငန်းမှာ ကူညီပြီး လုပ်ဆောင်ပေးနေရလို့ ခင်ဗျားတို့နဲ့ မတွေ့ဖြစ်တာပါ။ ခုလည်း ကိစ္စလေးရှိတာနဲ့ အိမ်ကို ခဏ ပြန်လာလို့ ခင်ဗျားတို့နဲ့တွေ့ရတာပါ"

အောင်။ ။ "ကျွန်တော်တို့လည်း ဆရာပင်စင်ယူသွားပြီ ကြားကတည်းက ဝမ်းသာနေကြတာ။ အရင်တုန်းကတည်းက ဆရာ့ကိုမေးချင် တာလေးတွေရှိနေပေမယ့် ဆရာအလုပ်တစ်ဘက်နဲ့မို့ အားနာလို့ မမေးခဲ့ပါဘူး။ ခုပင်စင်ယူသွားပြီဆိုတော့ မေးခွန်းမေးဖို့ အချိန်ရပြီဆိုပြီး ဝမ်းသာနေကြတာ။ ဆရာ့အိမ်ကိုလာတိုင်း မတွေ့ဖြစ်နေလို့ အားတောင်လျော့ကုန်ကြပါတယ်"

ကျွန်ုပ်။ ။ "ဒီလိုလည်း ဘယ်ဟုတ်မလဲဗျာ၊ ခင်ဗျားတို့မေးချင်တာရှိရင် တစ်လတစ်ခါလောက်တော့ အချိန်ပေးနိုင်ပါတယ်။ ဓမ္မဒါန ကုသိုလ်ပြုရတာပေါ့ဗျာ"

အောင်။ ။ "ဆရာ ခုလိုအချိန်ပေးတယ်ဆိုတော့ ကျွန်တော်တို့ဝမ်းသာ လှပါတယ်။ ဒီလိုပါဆရာ။ ကျွန်တော်တို့လည်း ဘာသာရေး စာစောင်တွေဖတ်သင့်သလောက် ဖတ်ပါတယ်။ ဒါပေမယ့် သိချင်တာလေးတွေ၊ နားမလည်တာလေးတွေ များများလာလို့ ဆရာ့ဆီကိုလာခဲ့တာပါပဲ။ ကျွန်တော်တို့မေးချင်တာလေးတွေ မေးခွင့်ပြုပါဆရာ"

ကျွန်ုပ်။ ။ "မေးပါဗျာ။ ကျွန်တော်သိသလောက်တော့ ရှင်းပြပါ့မယ်"

အောင်။ ။ "ဆရာက တစ်လတစ်ခါ ဆွေးနွေးခွင့် ပေးမယ်ဆိုတော့ ကျွန်တော်တို့သိချင်တာတွေထဲက ဦးစားပေးအစီအစဉ်အတိုင်း မေးချင်ပါတယ်ဆရာ"

ကျွန်ုပ်။ ။ "မေးပါ၊ မေးပါ"

အောင်။ ။ "ကျွန်တော်တို့ဟာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေသာဖြစ်လို့ ဗုဒ္ဓဘာသာအကြောင်း ရေရေလည်လည် မသိပါဘူး။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲဆိုတာကစပြီး ခြေခြေမြစ်မြစ် သိချင်ပါတယ် ဆရာ"

ကျွန်ုပ်။ ။ "ဟုတ်ပြီ၊ ခင်ဗျားတို့သိချင်တဲ့အကြောင်းတွေကို ဆရာကြီး ဓမ္မာစရိယ ဦးအေးနိုင်ရေးတဲ့ ဗုဒ္ဓဘာသာ အနှစ်သာရများဆိုတဲ့ အခန်းဆက်ဆောင်ပါးကို မှီငြမ်းပြုပြီး ရှင်းပြပါ့မယ်၊ ခင်ဗျားတို့လည်း ပါဝင် ဆွေးနွေးနိုင်ပါတယ်"

အောင်။ ။ "ဟုတ်ကဲ့ပါ ခင်ဗျာ"

ကျွန်ုပ်။ ။ "ရှေးတုန်းက ကျွန်တော်တို့အခုခေါ်နေတဲ့ ဗုဒ္ဓဘာသာ ကို သမ္မာဒိဋ္ဌိ (မှန်ကန်သောအမြင်)။ ဗုဒ္ဓဘာသာဝင် ကို သမာဒိဋ္ဌိက (မှန်ကန်သောအယူအမြင်ရှိသူ) လို့ ခေါ်ဝေါ်သုံးစွဲခဲ့တာပါ။ ဒီလိုသုံးစွဲခဲ့တဲ့ အထောက် အထားကိုလည်း ပါဠိတော် အဋ္ဌကထာ စတဲ့ ကျမ်းဂန် တွေမှာ တွေ့ရပါတယ်။ နောက်ပိုင်း ဒီလိုကျမ်းဂန်တွေ မှာ သုံးစွဲခဲ့တဲ့ "သမ္မာဒိဋ္ဌိ" ကို ဗုဒ္ဓဘာသာ၊ "သမ္မာ ဒိဋ္ဌိက" ကို ဗုဒ္ဓဘာသာဝင်လို့ သုံးလာခဲ့ကြပါတယ်။ ဒီဗုဒ္ဓ ဘာသာ၊ ဗုဒ္ဓဘာသာဝင်ဟူသော ဝေါဟာရကို အင်္ဂလိပ် - မြန်မာ အဘိဓာန်ကျမ်းပြုဆရာကြီး ယုဒသန် (ဂျပ်ဆင်) က စတင်တီထွင်ခဲ့တာလို့ အချို့ က ဆိုကြပါတယ်။

အချို့ပညာရှင်များကမူ သာလွန်မင်းတရားကြီး လက်ထက်ကစတင်ခဲ့တယ်လို့လည်း ပြောကြပါတယ်။ တောင်ဖီလာပုဂ္ဂိုလ်ကျော် ဆရာတော်နဲ့ ကိုင်းစား ရှာစား အမတ်ကြီး မနုရာဇာတို့ မြန်မာသက္ကရာဇ် ၉၉၁ (၁၆၂၉-အေဒီ) တွင် စီရင်ပြုစုခဲ့သော မနုသာရ ရွှေမျဉ်းဓမ္မသတ်ခေါ် မဟာရာဇ သတ်ကြီး စာမျက်နှာ ၁၇၅ ၌ "ရှင်ဂေါတမ သာသနာဝင်၊ ဗုဒ္ဓဘာသာ

ရဟန်းတော်တို့ဟူ၍လည်းကောင်း” “ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်လူအပေါင်းတို့ဟူ၍ လည်းကောင်း” သုံးစွဲခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် သာလွန်မင်းတရားကြီး လက်ထက်ကတည်းက ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်ဟူသော ဝေါဟာရကို သုံးစွဲနေကြပြီဆိုတာ သိရပါတယ်။

တကယ်တော့ ဘယ်သူက စတင်သုံးစွဲခဲ့တယ် ဆိုတာ ပြဿနာ မဟုတ်ပါဘူး။ ဒီဗုဒ္ဓဘာသာဆိုတဲ့ အသုံးအနှုန်းဟာ ပါဠိကျမ်းဂန်သုံး သမ္မာဒိဋ္ဌိဆိုတဲ့ ဝေါဟာရနဲ့ လိုက်လျော ညီထွေမှု ရှိ/မရှိဆိုတာသာ အရေးကြီးပါတယ်။ ခင်ဗျားတို့ကော ဘယ်လို သဘောရသလဲ”

အောင်။ ။ “ကျမ်းဂန်နဲ့ ညီ/မညီဆိုတာသာ ပဓာနကျတယ် ဆိုတာ မှန်ပါတယ် ဆရာ”

ကျွန်ုပ်။ ။ “အချို့ပညာရှင်တွေကျပြန်တော့ ပါဠိစာပေကျမ်းဂန်များ၌ ဗုဒ္ဓဘာသာဆိုတဲ့ ဝေါဟာရမရှိပေမယ့် ဗုဒ္ဓသာသနာဆိုတဲ့ ဝေါဟာရရှိတာမို့ ဗုဒ္ဓဘာသာအစား ဗုဒ္ဓသာသနာဆိုတဲ့ ဝေါဟာရသုံးသင့်တယ်လို့ ထောက်ပြကြပြန်တယ်။ တကယ်တော့ ဗုဒ္ဓဘာသာ ဆိုတဲ့စကားဟာ အသုံးတွင်ကျယ်နေပြီဖြစ်လို့ ပြောင်းလဲသုံးစွဲဖို့ မလွယ်ကူပါဘူး။ ပြီးတော့ တကယ်လို့ ပြောင်းလဲသုံးစွဲမယ်ဆိုရင်လည်း ဗုဒ္ဓဘာသာဝင်ကိုလည်း ဗုဒ္ဓသာသနာဝင်လို့ ပြောင်းလဲသုံးစွဲရမှာ ဖြစ်လို့ သာသနာ့ဝန်ထမ်းတွေနဲ့ ရောနှောသွားနိုင်ပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓသာသနာဝင်ဟူ၍ ပြောင်းလဲ သုံးစွဲရန် မသင့်ပြန်ဘူး”

ဗုဒ္ဓဘာသာဝင်ဆိုတဲ့ ဝေါဟာရဟာ ကျမ်းဂန်လာ မဟုတ်ပေမယ့် ဆိုလိုတဲ့အဓိပ္ပာယ်ကို အံဝင်ခွင်ကျဖော်ဆောင်နိုင်တဲ့အပြင် ရှေးတုန်းကဆိုခဲ့တဲ့ သမ္မာဒိဋ္ဌိဆိုတဲ့ပုဒ်နဲ့လည်း လိုက်လျောညီထွေဖြစ်တာမို့ ဗုဒ္ဓဘာသာဆိုတဲ့ ဝေါဟာရကိုပဲ ဆက်လက်သုံးစွဲသင့်တယ်လို့ပဲ ယူဆကြပါတယ်"

အောင်။ ။ "ဆက်ရှင်းပြပါဦး ဆရာ"

ကျွန်ုပ်။ ။ "ဗုဒ္ဓဘာသာဆိုတာ ဗုဒ္ဓ+ဘာသာ နှစ်ပုဒ်တွဲစပ်ထားတာ ဖြစ်ပါတယ်။ ဗုဒ္ဓါနံဘာသာ ဗုဒ္ဓဘာသာဟူ၍ ဆိုလို့ရပါတယ်။ ဗုဒ္ဓါနံ=သဗ္ဗနံ=သဗ္ဗညုဘုရားရှင်တို့၏ ဘာသာ=စကားတော် (တရားတော်၊ အဆုံးအမတော် သာသနာတို့နဲ့လည်း အတူတူပင် ဖြစ်ပါတယ်။) ဒါကြောင့် ဗုဒ္ဓဘာသာဆိုတဲ့ ဝေါဟာရဟာ ဗုဒ္ဓဓမ္မ=ဘုရားရှင်၏တရားတော်၊ ဗုဒ္ဓသာသန=ဘုရားရှင်၏ အဆုံးအမတော်ဆိုတဲ့ ဝေါဟာရတွေနဲ့ အတူတူပဲ ဖြစ်ပါတယ်"

"ဒါ့အပြင် မြတ်ဗုဒ္ဓ၏စကားတော်၊ အဆုံးအမတော်တွေဟာ မှန်ကန်သောအယူအမြင် သမ္မာဒိဋ္ဌိများပင် ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ=မြတ်စွာဘုရား စကားတော်၊ ဗုဒ္ဓဘာသာဝင်=မြတ်စွာဘုရား၏ တရားတော်များကို လိုက်နာကျင့်သုံးသူဟူ၍ ဆက်လက်ခေါ်ဝေါ်သုံးစွဲခဲ့ကြတာလို့ ပြောလို့ရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ အသုံးအနှုန်းကို ဆက်လက်သုံးသင့်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဒါလောက်ဆို ခင်ဗျားတို့ လက်ခံနိုင်မယ်လို့ ထင်ပါတယ်"

အောင်။ ။ "ဟုတ်ကဲ့။ ကျွန်တော်တို့ ခုလို ခြေခြေမြစ်မြစ်သိရလို့ ကျေးဇူးတင်ပါတယ် ဆရာ။ ကျွန်တော်တို့တွေဟာ မိရိုးဖလာ ဗုဒ္ဓဘာသာတွေမို့ ဗုဒ္ဓဘာသာဖြစ်နေကြပေမယ့် အခြားဘာသာ တစ်ခုခုကနေ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာတဲ့လူတွေ ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ဘယ်အချက်တွေနဲ့ ပြည့်စုံရမယ်ဆိုတာ ဆက်ရှင်းပြပေးပါဦးဆရာ"

ကျွန်ုပ်။ ။ "ဒီတစ်ပတ်တော့ နားဦးစို့ဗျာ။ နောက်တစ်ပတ်ကျမှ ဆက်ဆွေးနွေးကြတာပေါ့"

အောင်။ ။ "ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ဆရာ"

စိန်တိုင်ထွန်း

× × × × ×

## ဗုဒ္ဓဘာသာဝင်နှင့် သရဏဂုံ သုံးပါး

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ပါ။ ကျွန်တော် အဆင်သင့် စောင့်နေပါတယ်။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ၊ ကျေးဇူးတင်ပါတယ်။

ကျွန်ုပ်။ ။ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ ဆွေးနွေးတာ ဘယ်နေရာ ရောက်သွားပါလိမ့်။

အောင်။ ။ ဗုဒ္ဓဘာသာဝင်ဖြစ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော်တို့ မေးထားပါတယ်။

ကျွန်ုပ်။ ။ ဟုတ်ကဲ့ခင်ဗျာ၊ ဆက်ရှင်းပြပါ့မယ်။ ခင်ဗျားတို့ ကျွန်တော်တို့ဟာ မိရိုးဖလာအနေနဲ့ ဘိုးဘွားမိဘ အစဉ်အဆက် ကိုးကွယ်လာကြတာဖြစ်လို့ အထူးပြုလုပ်စရာမလိုဘဲ အလိုလို ဗုဒ္ဓဘာသာဝင် ဖြစ်နေကြတာပါ။ အခြားဘာသာဝင်တစ်ခုခုမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြတာမျိုးဆိုရင် ရှေးဦးစွာ သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာအဖြစ် ခံယူရမှာဖြစ်ပါတယ်။ ဒါကြောင့် "ဗုဒ္ဓဘာသာအစ သရဏဂုံ" က ဟူ၍ ဆိုထားတာဖြစ်ပါတယ်။ သရဏဂုံဆိုသည်မှာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးတို့အား ကိုးကွယ်ရာအဖြစ် ယုံကြည်ဆည်းကပ်မှုကို ဆိုခြင်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီဆိုရင် သရဏဂုံ တည်ရမှာဖြစ်ပါတယ်။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟုဆို၍ ဘုရားရုပ်ပွားတော်၊ စေတီတော် ရှေ့မှာလည်း ကောင်း၊ ရဟန်းသံဃာတစ်ပါးပါး ရှေ့မှာသော်လည်းကောင်း ဆောက်တည်နိုင်ပါတယ်။ ထိုသို့ အခွင့်အရေးမျိုးမရရင် မိမိဘာသာ ရွတ်ဆို ဆောက်တည်နိုင်ပါတယ်။

မည်သည့် ဘာသာစကားဖြင့်မဆို ခံယူဆောက်တည် နိုင်ခွင့်ရှိပေမယ့် (ဗုဒ္ဓဘာသိတ) ဆိုတဲ့ ဘုရားဟော နုတ်တော်ထွက် ပါဠိဘာသာစကားနဲ့ နှုတ်မြွက်ဆောက်တည်ခြင်းက ပို၍လေးနက်တဲ့အတွက် သိဒ္ဓိမင်္ဂလာ ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းနိုင်ပါတယ်။ ဗုဒ္ဓဘာသာအဖြစ်ခံယူပွဲဟူ၍ တောင်တန်းဒေသတွေမှာ လုပ်သလို လုပ်ခွင့်ရှိပါတယ်။ အခမ်းအနား မပါဘဲ မိမိဘာသာ လူသိမခံဘဲ ဗုဒ္ဓဘာသာဝင်လို့လဲ ရပါတယ်။ အခမ်းအနားထက် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်တဲ့ အတွင်းစိတ်ဓာတ်ကသာ ပို၍အရေးကြီးပါတယ်။

ဒါ့အပြင် သရဏဂုံ တည်ဖို့ရန်အတွက် ရတနာသုံးပါးအပေါ် ယုံကြည်အားထားမှု သဒ္ဓါတရားလည်း ရှိရမှာ ဖြစ်ပါတယ်။

အောင်။ ။ ယုံကြည်အားထားမှု သဒ္ဓါအကြောင်း ရှင်းပြပါဦး ဆရာ။

ကျွန်ုပ်။ ။ မြတ်စွာဘုရားကို ကိုးကွယ်တဲ့အတွက် မိမိတို့မှာ ဖြစ်ပေါ်လာမဲ့ အပါယ်ဆင်းရဲ၊ သံသရာဆင်းရဲတို့မှ လွတ်မြောက်နိုင်ပေတယ်လို့ ယုံကြည်ရမှာ ဖြစ်ပါတယ်။

တရားတော်၊ သံဃာတော်များကို ယုံကြည်ရာမှာလဲ အလားတူ မှတ်ယူကြရမှာ ဖြစ်ပါတယ်။ ဒီလို ယုံကြည်မှု သဒ္ဓါဆိုတာရှိပါမှ ကိုးကွယ်ထိုက် ပူဇော်ထိုက်တယ်ဆိုတဲ့ အသိပညာ ဖြစ်လာမှာဖြစ်ပါတယ်။ ထိုသို့ ယုံကြည်မှု (သဒ္ဓါ) သိမြင်မှု (ပညာ) လဲရှိမှ ဘုရားတရားသံဃာတို့ကလည်း စစ်မှန်ပါမှ သရဏဂုံ မြောက်လာမှာဖြစ်ပါတယ်။ ဒါလောက်ဆို ဗုဒ္ဓဘာသာဝင်ဖြစ်လာတာကို သဘောပေါက်လောက်ပါပြီ။ သရဏဂုံတည်တာနဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်သွားပြီလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

အောင်။ ။ ဆရာ၊ သရဏဂုံ ဘယ်နှစ်မျိုး ရှိပါသလဲ၊ တစ်ခါ ဆောက်တည်ရုံနဲ့ လုံလောက်ပါသလား။

ကျွန်ုပ်။ ။ လောကီ သရဏဂုံနဲ့ လောကုတ္တရာ သရဏဂုံဟူ၍ နှစ်မျိုးရှိပါတယ်။ လောကုတ္တရာ သရဏဂုံ ဆိုသည်မှာ သစ္စာလေးပါးကို မြင်ပြီးသူတို့၏ သရဏဂုံကို ဆိုခြင်း ဖြစ်ပါတယ်။ ထိုသရဏဂုံသည် နိဗ္ဗာန်ကို အာရုံပြုပြီး ဖြစ်တဲ့အတွက် ရတနာသုံးပါး၌ ကောင်းစွာတည်ပါတယ်။ ပုထုဇဉ်များဆောက်တည်ထားတဲ့ သရဏဂုံက လောကီသရဏဂုံ ဖြစ်ပါတယ်။ ပုထုဇဉ်တို့သည် အခိုက်အတန့်မျှ ကိလေသာပယ်၍ ရတနာသုံးပါးကို အာရုံပြုလျက် သရဏဂုံတည်ခြင်း ဖြစ်ပါတယ်။ သရဏဂုံတည်တယ်ဆိုတာ ကိုးကွယ်အားထားရာ အနေဖြင့် ဆည်းကပ်ခြင်းဖြစ်၍ ပါးစပ်ကဆိုရုံမျှဖြင့် သရဏဂုံတည်တယ်လို့ မဆိုနိုင်ပါဘူး။ မိမိရင်ထဲ နှလုံးသားထဲက ရတနာသုံးပါးဘာ အားထားကိုးကွယ်ရာ

ဖြစ်တယ်လို့ စွဲမြဲစွာယုံကြည်မှသာ သရဏဂုံတည် တယ်လို့ ဆိုနိုင်ပါတယ်။

လောကုတ္တရာသရဏဂုံမှာ ဘာသာကူးပြောင်း ခြင်း မရှိတော့၍ သရဏဂုံပျက်ခြင်း မရှိတော့ပါဘူး။ တစ်ခါဆောက်တည်ရုံနဲ့ လုံလောက်ပါပြီ။ လောကီ သရဏဂုံကလည်း တစ်ခါဆောက်တည်ထားရုံနဲ့ လုံ လောက်ပါတယ်။ အသက်မသေသေးသမျှ ဘုရားမှ အခြားတစ်ပါးသော အယူဝါဒသို့ ပြောင်းမသွားသေး သမျှ ဒီသရဏဂုံဟာ ဆောက်တည်ထားတဲ့သူကို ဘေးရန်ဖယ်ရှား ကောင်းကျိုးများအောင် ဆင်းရဲ ပယ်ဖျောက် ချမ်းသာရောက်အောင် အမြဲတမ်း စောင့် ရှောက် ကာကွယ်ပေးနေမှာဖြစ်ပါတယ်။ နေ့စဉ် နေ့တိုင်း ဘုရားဝတ်ပြုတဲ့အခါ သရဏဂုံ ထပ်ကာ ထပ်ကာ ဆောက်တည်နေခြင်းဟာ ဘုရားရှင်အား အလေးဂရုပြုတဲ့အနေနဲ့ မြဲသထက်မြဲအောင် ဆောက် တည်နေတာသာ ဖြစ်ပါတယ်။ ဒီသရဏဂုံဟာ အလွန် အရေးကြီးပါတယ်။ ဘုရားရှင်လက်ထက်တော်က ဒီသရဏဂုံသုံးပါးနဲ့ပင် ရှင်အဖြစ် ရဟန်းအဖြစ် ပြုခဲ့ ကြရတာပါ။ နောက်ပိုင်းကျမှသာ ဉတ္တိ စတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းပြုခဲ့ကြတာ ဖြစ်ပါတယ်။ ရှင် အဖြစ်ကတော့ ယနေ့တိုင်ပင် သရဏဂုံ (၃) ပါးနဲ့ ရှင်အဖြစ် ပြုလုပ်နေကြတာ ဖြစ်ပါတယ်။

သရဏဂုံ (၃) ပါး ရွတ်ဆိုရာမှာ ဌာန်ကရိုဏ်း ကျကျ သံပြင်းသံပျော့ ပီပီသသ ရွတ်ဆိုနိုင်မှသာ ရှင်ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ငယ်ငယ်က

ရှင်ပြုတုန်းက ရွတ်ဆိုရတာကို ရှင်းပြချင်ပါတယ်။ ကျွန်တော်တို့ ဆရာတော်က ဝိနည်းကို လွန်စွာ အလေးထားပါတယ်။

ရှင်ဖြစ်အောင်နည်း (၂) မျိုးဖြင့် သရဏဂုံကို ရွတ်ဆို စေပါတယ်။ တစ်နည်းက နိဂ္ဂဟိတန္တလို့ခေါ်တဲ့ နိဂ္ဂဟိတ် အဆုံးနဲ့ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ စသည်ဖြင့် သံရှည်ထားပြီး ရွတ်ဆိုစေပါတယ်။ နောက်တစ်မျိုးမှာ မကာရန္တလို့ခေါ်တဲ့ (မ်)ဗျည်းနဲ့ အဆုံးသတ် ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ စသည့် သံတိုသံပြတ်နဲ့ ရွတ်ဆို စေပါတယ်။ တစ်ကြိမ်ကြိမ်တွင် ပီသလာနိုင်တယ် ဆိုပြီး အထက်ပါ (၂) နည်းတို့ဖြင့် အကြိမ်ကြိမ် ရွတ်ဆို စေပါတယ်။ သရဏဂုံပီသမှ ရှင်ဖြစ်မှာမို့ ယခုလို လေးလေးစားစား ရွတ်စေတာဖြစ်ပါတယ်။

ထို့ပြင် ယခုအခါတွင် အဆိုပါ သရဏဂုံ ပါဠိကို သဝေမပါ ကိုးဂါထာဟုလည်းကောင်း၊ အရိယာသာ ဝိတ္တိ ဂါထာတော်ဟုလည်းကောင်း အထွတ်အမြတ် ပြု၍ အန္တရာယ်ကင်းရန် ရွတ်ဆိုစေပါတယ်။

ဒီလို သရဏဂုံ (၃) ပါး အရေးကြီးတဲ့အတွက် ဗုဒ္ဓဘာသာမဖြစ်သေးတဲ့သူတွေကို သရဏဂုံ (၃) ပါး ဆောက်တည်စေခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာ အောင် ပြုလုပ်ပေးတဲ့ ကုသိုလ်ထက်ကြီးမားသော ကုသိုလ်မရှိကြောင်း ဗုဒ္ဓဘာသာဝင်အဖြစ် သရဏဂုံ ခံယူဆောက်တည်ထားရုံမျှနှင့်ပင် အပါယ်မကျနိုင် တော့ကြောင်း ဘုရားရှင်က နေရာများမှာ ဟောကြား ထားတော်မူပါတယ်။

ဒါ့အပြင် ဘုရားရှင်က “ ငါဘုရားရှင်ကိုသာ၊ ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ရမယ်။ အခြားဘာသာ အယူဝါဒတွေကို မကိုးကွယ်ရ” ဟူ၍ ဘယ်နေရာမှာမှ မိန့်ကြားထားတာ အမှန်မရှိပါဘူး။ အကြောင်းသင့် အကျိုးသင့်သာ ညွှန်ပြမိန့်ဆိုထားတာပါ။ ငါ့အယူမှ အယူမှန်၊ ငါ့ဘာသာမှ ဘာသာမှန်ဟူ၍ တရားသေ မိန့်ဆိုထားခြင်းမရှိရုံသာမက ဘာသာအယူဝါဒ အမျိုးမျိုးတွေကို ကြားနာရပြီး ဘယ်အယူကို ယူရမှန်းမသိ ဖြစ်နေကြတဲ့ ငါ့အယူသာအကောင်းဆုံး” ဟု ဆိုနေကြသူတွေများအကြားမှာ နားယောင်ကာ တွေဝေနေကြတဲ့ ကာလာမအမျိုးသားတွေကိုပင် ဤငါ့အယူကိုသာ ယူလေဟု မိန့်တော်မမူဘဲ သင်တို့ကိုယ်တိုင် လေ့လာပါ။ ကျင့်သုံးပါ။ ပြီးမှ မကောင်းတာရှောင်၊ ကောင်းရာဆောင်ကြပါဟု ကိုယ်တိုင် စဉ်းစားဆုံးဖြတ်ခွင့် ပေးထားပါတယ်။

ဒီနေရာမှာ ဘုရားရှင်လက်ထက်က အဖြစ်အပျက် တစ်ခုကို တင်ပြပါမယ်။ ဂိုဏ်းဘာသာခေါင်းဆောင် နိဂဏ္ဍနာဋပုတ္တရဲ့ အမာခံ ပစ္စည်းလေးပါးဒါယကာ တစ်ဦးဖြစ်တဲ့ ဥပါလိသူကြွယ်ဟာ သူ့ဆရာရဲ့ စေခိုင်းချက်အရ ဘုရားရှင်နဲ့ ဝါဒယှဉ်ပြိုင် စကားစစ်ထိုးပါတယ်။ နောက်ပိုင်းတွင် ကြည်ကြည်လင်လင် သဘောပေါက်သွားပြီး ဘုရားရှင်ထံ သရဏဂုံဆောက်တည်ပြီး ဥပါသကာအဖြစ် ခံယူခဲ့ရာမှ ဒီလိုစီးပွားရေး၊ လူမှုရေးဘက် တွေမှာ မြို့မျက်နှာဖုံးဖြစ်တဲ့ ဥပါလိသူကြွယ်ကိုပင် ဗုဒ္ဓဘာသာဝင် ဖြစ်လာတာကို ကြိုဆိုရမည့်အစား ဘုရားရှင်က -

"ဥပါလိ သူကြွယ် - သင်လိုထင်ရှားကျော်ကြားသူ တစ်ဦးအနေနဲ့ အလျင်စလို မလုပ်သင့်ဘူး၊ စိတ်လိုက်မာန်ပါ မလုပ်သင့်ဘူး။ အချိန်ယူပြီး စဉ်းစဉ်းစားစား လုပ်ပါ" ဟု အကြိမ်ကြိမ် ဟန့်တားတော်မူခဲ့ပါတယ်။

ဒီသာဓကတွေကြည့်ရုံနဲ့ ဗုဒ္ဓဘာသာဟာ မိမိဘာသာသို့ ဝင်လာအောင် ဇွတ်အယုံ မသွင်းရုံသာမက ဘယ်လောက်သဘောထားကြီးကြောင်း ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ဦးစားပေးထားတယ်ဆိုတာ နားလည်သင့်ပါတယ်။ တစ်နည်းပြောရမယ်ဆိုရင် ဗုဒ္ဓဘာသာအဖြစ် ခံယူရာ၌ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသည်ဖြင့် ရွတ်တတ်ရုံမျှနှင့် မပြီးပါဘူး။ အခြေခံစိတ်ထား ကြည်လင်ပြတ်သားမှု၊ ကြည်ကြည်လင်လင် လေးလေးမြတ်မြတ်ရှိမှုတို့ဟာ အရေးကြီးကြောင်း ထင်ရှားပါတယ်။

အောင်။ ။ သရဏဂုံဆိုတာ ကိုးကွယ်ရာ အားထားရာလို့ ကျွန်တော်တို့ သိရပါတယ်။ ကိုးကွယ်မှု ပေါ်ပေါက်လာပုံအကြောင်း အကျဉ်းလောက် ရှင်းပြပါဆရာ။

ကျွန်ုပ်။ ။ ကိုးကွယ်မှုအကြောင်း အကျယ်ရှင်းပြရင် စာတစ်စောင် ပေတစ်ဖွဲ့လောက် ဖြစ်သွားနိုင်ပါတယ်။ ဒီတော့ လိုရင်းအကျဆုံးကို အတိုဆုံးရှင်းပြပါမယ်။ ကမ္ဘာဦးအချိန်ကပင် လူသားတွေဟာ တောမီးကြီးလောင်ခြင်း၊ ရေကြီးခြင်း၊ လျှော်လှုပ်ခြင်း၊ မိုးကြိုးပစ်ခြင်း စတဲ့ ဘေးအန္တရာယ်အမျိုးမျိုးနဲ့ တွေ့ကြုံရတဲ့အခါ စိုးရွံ့ကြတယ်။ ကြောက်လန့်ကြတယ်။ ဒီအန္တရာယ်ရဲ့ ရန်အကာအကွယ်ရနိုင်ရန် ကိုးကွယ်မှုအမျိုးမျိုးကို ရှာဖွေ

ခဲ့ကြတယ်။ ဒီလိုနဲ့ တောကြီးများ၊ တောင်ကြီးများ၊ သစ်ကြီးဝါးကြီးများ၊ သဘာဝအင်အားကြီးမားသော ပင်လယ်သမုဒ္ဒရာကြီးများ၊ မြစ်ကြီးများ၊ ထို့နောက် ခြင်္သေ့၊ သစ်၊ ကျား၊ ဆင်၊ မြင်း၊ နဂါး စတဲ့ အင်အားကြီးမားသည့် တောရိုင်းသားကောင်ကြီးများကို အားငယ်စိတ် ကြောက်ရွံ့စိတ်တို့ကို အခြေခံ၍ အဆင့်ဆင့် ကိုးကွယ်လာကြပါတယ်။

အတွေးအခေါ်တွေ တိုးတက်လာတာနဲ့အမျှ မျက်မြင်ကိုယ်တွေ့များ ကိုးကွယ်ရာမှ ပို၍မြင့်မြတ်စွမ်းအားရှိတယ်လို့ထင်တဲ့ နေ၊ လ၊ ဂြိုဟ်နက္ခတ်တာရာနဲ့ နတ်ဒေဝတာများကို တစ်ဆင့်တက်ပြီး ကိုးကွယ်လာကြပြန်တယ်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ မီးနတ်၊ ရေနတ်စတဲ့ နတ်မျိုးစုံတို့ကို မိမိတို့စိတ်က ဖန်တီးကိုးကွယ်လာကြပြန်တယ်။ လူသားတွေရဲ့ အသိဉာဏ် အတွေးအခေါ်ယဉ်ကျေးမှု တိုးတက်လာတာနဲ့အမျှ အဆင့်မြင့်သော နတ်ဘုရားများ ပြဟ္မာများ၊ အနန္တတန်ခိုးရှင်များ၊ သန့်ရှင်းသော ဝိဉာဏ်တော်များ စတဲ့ (- ဣဿရနိမ္မာနဝါဒ - ဖန်ဆင်းရှင်အယူ) ဟူသော အဆင့်မြင့် ကိုးကွယ်မှုများကို တီထွင်ဖန်တီး၍ ကိုးကွယ်ခဲ့ကြပြန်တယ်။ ဒီလိုနဲ့ သက်မဲ့မှသက်ရှိ၊ သက်ရှိမှ တစ်ဖန် ထာဝရတည်သော သဘောတရားဖြင့် မြေကြီးမှ ကောင်းကင်သို့ အဆင့်မြင့်တက်ကာ အခိုင်အမာ တည်ဆောက်၍ ကိုးကွယ်ရာများကို ရှာဖွေခဲ့ကြပြန်တယ်။

ဒီလို ကိုးကွယ်နေကြတာနဲ့ ပတ်သက်ပြီး ဘုရားရှင်က ဒီလိုလူတွေ စိတ်ကူးရရာကို ကိုးကွယ်နေကြမှုတွေဟာ ဘေးကင်းလုံခြုံတဲ့ကိုးကွယ်မှု မဟုတ်ဘူး။ ဒီလိုကိုးကွယ်နေခြင်းကြောင့်လည်း မိမိတို့တွေကြုံဆဲ တွေ့ကြုံကြရမည့် ဘေးဒုက္ခတွေ အားလုံးမှလည်း မလွတ်မြောက်နိုင်ဘူးဟူ၍ မိန့်ကြားပြီး ကိုးကွယ်မှုသမိုင်း အကျဉ်းချုပ်ကို ဟောကြားခဲ့ပါတယ်။

သတ္တဝါတို့၏ ကိုးကွယ်ရာအစစ်မှာ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးသာ ဖြစ်ပါတယ်။ ဘုရား ရှင်က ဒီလိုရတနာမြတ်သုံးပါးကို ကိုးကွယ်ခြင်းကသာ ဘေးကင်းလုံခြုံ၍ ဒုက္ခအားလုံးမှ လွတ်မြောက်စေနိုင်တဲ့အတွက် အမြတ်ဆုံးသော ကိုးကွယ်မှုဖြစ်တယ်လို့ ဟောတော်မူခဲ့ပါတယ်။

ယနေ့အခြေအနေတွင် အခြားဘာသာဝင်တွေက ကျွန်တော်တို့ရဲ့ ထေရဝါဒ ဗုဒ္ဓသာသနာကို စိတ်ဝင်စားပြီး လေ့လာစူးစမ်း နေကြခြင်း၊ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြခြင်းတို့က ရတနာသုံးပါးသာ စစ်မှန်သော ကိုးကွယ်မှုဆိုတာကို ထောက်ခံနေကြတယ်လို့ ပြောနိုင်ပါတယ်။

ဒါကြောင့် ခင်ဗျားတို့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်ဖြစ်ရတာ အလွန့်အလွန်ကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်။ ကဲ . . . ဒီနေ့တော့ ဒီလောက်နဲ့ နားကြစို့ဗျာ။

**စိန်တိုင်ထွန်း**

× × × × ×



## သရဏဂုံ ပျက်မပျက်

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ ဦးဝေအောင်တို့လာကြဗျာ၊ ဒီတစ်ပတ် သရဏဂုံ အကြောင်း ဆက်ဆွေးနွေးကြတာပေါ့။

အောင်။ ။ ဟုတ်ကဲ့ဆရာ၊ ဆွေးနွေးပါ။

ကျွန်ုပ်။ ။ ပြီးခဲ့တဲ့အပတ်က သရဏဂုံဆောက်တည်ခြင်းဖြင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာပုံနဲ့ သရဏဂုံ အရေးကြီးပုံ အကြောင်း ဆွေးနွေးခဲ့ပြီး ခုတစ်ခါမှာတော့ သရဏဂုံ တည် မတည်၊ ပျက် မပျက် ဆက်လက်ဆွေးနွေး ပါမယ်။

အောင်။ ။ ဆရာ ပြောသွားတဲ့အထဲမှာ သရဏဂုံ ဆောက်တည်ထားရင် ဘာသာကူးပြောင်းတဲ့အခါနဲ့ သေဆုံးတဲ့ အခါကျမှသာ သရဏဂုံပျက်တယ်လို့ ဆိုထားပါတယ်။ ခုကျွန်တော်တို့ သိချင်တာက ဘာသာလည်း မကူး ပြောင်းဘူး၊ ဗုဒ္ဓဘာသာဝင်ပဲ၊ ဒါပေမယ့် မိမိတို့ အိမ်တွေမှာ ဘုရားစင်နဲ့အပြိုင်ထားပြီး နတ်တွေ ဘိုးတော်တွေ၊ ဝိဇ္ဇာတွေ စသည်တို့ကို ကိုးကွယ်ထားတာမျိုး၊ တချို့ဆိုရင် ဘုရားကျောင်းဆောင်ထက် နတ်စင်က ပို၍ ကြီးကျယ်ခမ်းနားခြင်း၊ တစ်ခါတစ်ရံ နတ်အုန်းသီးက ဘုရားကျောင်းဆောင်၏ အထက်သို့ရောက်နေခြင်း စသည်တို့ကို တွေ့တွေ့နေရပါတယ်။ ဒီလို ကိုးကွယ်နေမှုများသည် သရဏဂုံကို ထိခိုက်မှုရှိမရှိ ရှင်းပြပေးပါဆရာ။

ကျွန်ုပ်။ ။ ဒီနေရာမှာ နတ်ကိုးကွယ်သူများအနေနဲ့ မည်သည့် ကိုးကွယ်မှုကပိုကြောင်း မိမိကိုယ်ကိုမိမိ ဆန်းစစ်ကြည့်ဖို့လိုပါတယ်။ ဘုရားရှင်ထက်နတ်တို့ကို ကိုးကွယ်မှုပိုပါက သရဏဂုံပျက်သဖြင့် မိမိတို့နှုတ်က " ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ " ဟူ၍ မည်မျှပင်ရွတ်ဆိုစေကာမူ သရဏဂုံ မတည်ဘူး။ ရှင်းလင်းလွယ်ကူစွာ မှတ်မိသွားအောင် ကိုးကွယ်ပုံ ကိုးကွယ်နည်းများကို အောက်ပါအတိုင်း မှတ်သားနိုင်ပါတယ်။

(၁) ဉာတိ- ဆွေမျိုးတော်စပ်၍ ရှိခိုးခြင်း၊ စီးပွားရေးအရဖြစ်စေ၊ ခင်မင်ရင်းနှီးမှုအရ ဖြစ်စေ ကိုးကွယ်ခြင်း။

(၂) ဘယ- ဘေးအန္တရာယ်ကို ကြောက်၍ကိုးကွယ်ခြင်း၊ အာဏာပိုင်တို့နှင့် ရင်းနှီးမှု (သို့မဟုတ်) အခြားအကြောင်းတစ်ခုခုကြောင့် မကိုးကွယ်လျှင်မဖြစ်၍ ကိုးကွယ်ခြင်း။

(၃) အာစရိယ- မိမိကို အတတ်ပညာတစ်ခုခု သင်ပေးသောကျေးဇူးကြောင့် ကိုးကွယ်ခြင်း (လောကီအတတ်ပညာကို ဆိုလိုသည်။)

(၄) ဒက္ခိဏေယျ- မြတ်သောအလှူကို ခံထိုက်သည့် ပုဂ္ဂိုလ်ဟု ယုံကြည်လေးမြတ်၍ ကိုးကွယ်ခြင်းတို့ ဖြစ်ပါသည်။

အထက်ပါလေးမျိုးတွင်ရှေ့သုံးပါးအနက်တစ်ပါးပါးဖြင့် ကိုးကွယ်ရင် သရဏဂုံမပျက်ပါ နောက်ဆုံး ဒက္ခိဏေယျ= မြတ်သောအလှူကို ခံထိုက်သောပုဂ္ဂိုလ်အဖြစ် ယုံကြည်ကိုးကွယ်မှုပြုမှသာ သရဏဂုံပျက်ပါတယ်။ ဒါ့ကြောင့် အဋ္ဌကထာဆရာက သေဋ္ဌဝ

သေနာတိ၊ သရဏံ၊ ဂစ္ဆာတိဟုဆိုခြင်း ဖြစ်ပါတယ်။ ကျွန်တော် ရှေ့ကဖြေထားခဲ့တဲ့အတိုင်း သရဏဂုံဟာ တစ်ခါယူထားရုံမျှဖြင့် တစ်သက်လုံးတည်အောင် စောင့်ထိန်းရန်ဖြစ်ပါတယ်။

ရတနာသုံးပါးမှတစ်ပါးအခြားသော ပုဂ္ဂိုလ်တို့အား အလေးအမြတ် အနေအထားဖြင့် ယုံကြည်ကိုး ကွယ်ခြင်းပြုမှသာ သရဏဂုံပျက်ပြီး ရတနာသုံးပါးမှတစ်ပါး အခြားပုဂ္ဂိုလ်တို့အား ဆွေမျိုးအမှတ် ဆရာအမှတ်ဖြင့် ကိုးကွယ်ပါက သရဏဂုံမပျက်ပါ။ သရဏဂုံပျက်ခြင်းနှစ်မျိုးတွင်သေသွား၍ သရဏဂုံပျက်ခြင်းမှာ အပြစ်မရှိ၊ ဘာသာအယူဝါဒပြောင်းသွား၍ သရဏဂုံပျက်သည်မှာ အပြစ်များစွာဖြစ်ပွားနိုင်၍ အပြစ်ရှိသော ပျက်ပြယ်ခြင်းဟု ဆိုရမှာဖြစ်ပါတယ်။ အရိယာပုဂ္ဂိုလ်တွေရဲ့သရဏဂုံကတော့ ဘဝပြောင်းသော်လည်း မပျက်ပြယ်၊ ဘဝခြားစေကာမူဆရာ မပြောင်း၊ အယူမပြောင်းတော့ချေ။ အမြဲတည်တံ့သော သရဏဂုံ ဖြစ်ပါတယ်။

အောင်။ ။ သရဏဂုံ ညစ်နွမ်းခြင်းအကြောင်း ရှင်းပြပါဦးဆရာ။

ကျွန်ုပ်။ ။ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးကို မသိခြင်း၊ ရတနာသုံးပါးအပေါ်၌ ယုံမှားသံသယဖြစ်ခြင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အလွဲလွဲအမှားမှား သိမြင်ထင်မှတ်ခြင်း၊ အမှားသိခြင်းမျိုးဟာ သရဏဂုံ ညစ်နွမ်းစေတဲ့ အကြောင်း ဖြစ်ပါတယ်။

ဒါ့အပြင် စေတီရုပ်ပွား ဘုရားကျောင်းကန်နှင့်စပ်၍သော်လည်းကောင်း၊ ရဟန်းသံဃာတွေနဲ့ ဆက်ဆံရာမှာသော်လည်းကောင်း၊ ရိုသေလေးမြတ်မှု မရှိခြင်း၊ စေတီရုပ်ပွားတော် အနီးအပါး၌ မရိုမသေ နေထိုင်ခြင်း၊ ရိုင်းပြဆူညံစွာ ပြောဆိုခြင်းစတဲ့ မတန်မရာပြောဆိုမှု အဂါရဝပြုမှုအားလုံးဟာ ရတနာသုံးပါး

၏ ဂုဏ်ကျေးဇူးကို မသိရာရောက်တဲ့အတွက် သရဏဂုံ ညစ်နွမ်းကြောင်းများ ဖြစ်ပါတယ်။

အောင်။ ။ ဆရာ အသုဘတွေမှာ သရဏဂုံတင်တာ သေသူရ မရဆိုတာ ရှင်းပြပါဦး။

ကျွန်ုပ်။ ။ ဗုဒ္ဓဘာသာဝင်တစ်ဦးဦး ကွယ်လွန်ရင် ကျန်ရစ်တဲ့ ဆွေမျိုးတွေက ကွယ်လွန်သူရဲ့ အလောင်းအနီးမှာ သရဏဂုံသီလ ဆောက်တည်ပြီး ကုသိုလ်ပြုအမျှ အတန်းပေးဝေလေ့ရှိပါသည်။ ဒါကို သရဏဂုံ တင်တယ်လို့လည်း ပြောကြပါတယ်။ တကယ်တော့ ဒီလိုလုပ်တဲ့ လိုရင်းရည်ရွယ်ချက်မှာ သေသွားသူအား သရဏဂုံတင်ခြင်းမဟုတ်၊ သေဆုံး၍ ဘဝကူးပြောင်း သွားပြီးဖြစ်တဲ့အတွက် သရဏဂုံလည်းမယူနိုင်တော့ပါ။ အမျှအတန်းဝေရာ၌ ပို၍ထိထိရောက်ရောက် ဖြစ်ဖို့ ကျန်ရစ်သူများထပ်မံ၍ သရဏဂုံသီလ ဆောက်တည်ခြင်းသာ ဖြစ်ပါတယ်။

ကွယ်လွန်သူမှာအကယ်၍ ပြိတ္တာဘုံဘဝသို့လား ရောက်ခဲ့ပါက သာဓုခေါ်နိုင်ရုံသာမက သရဏဂုံ သီလဆောက်တည်ခြင်းပင် ရရှိသွားနိုင်ပါတယ်။ ဘဝ သံသရာအဆက်ဆက် ဆွေမျိုးတော်စပ်ခဲ့ဖူးသော ဆွေမျိုးပြိတ္တာများမှာလည်း အလားတူရနိုင်မှာ ဖြစ် ပါတယ်။ ဒါကြောင့်မို့ အသုဘ၌ သရဏဂုံတင်ခြင်း ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးရဲ့ နောက်ဆုံးခရီးအတွက် အကောင်းဆုံးသော နောက်ဆုံးအကူအညီပေးခြင်း ဖြစ်လို့ အစဉ်အလာကောင်းတစ်ခုပဲဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ စကားစပ်လို့ ပြောရဦးမယ်။

လူတစ်ဦးကွယ်လွန်သွားတဲ့အခါ အလောင်းမှာ ကူးတို့ခနဲ့ အစားအသောက်၊ အခြားအသုံးအဆောင်တွေ ထည့်ပေးခြင်းတို့ဟာ မိရိုးဖလာအယူအစွဲတွေသာ ဖြစ်ပါတယ်။ ကျမ်းဂန်လာစကားလည်းမဟုတ်တဲ့ အပြင် အကျိုးမရှိတဲ့ လုပ်ရပ်တွေသာဖြစ်ပါတယ်။

ကျွန်ုပ် ။ ။ ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်ဖြစ်ရခြင်းရဲ့ ကျေးဇူးများပုံကို ဆက်လက်တင်ပြပါမယ်။ သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင်စစ်စစ်ဖြစ်လျှင် အပါယ်လေးပါးသို့ မကျရောက်နိုင်တော့ကြောင်း နေရာများစွာတွင် ဟောထားမှုများရှိပါတယ်။

အပါယ်မကျရုံသာမက နတ်ဖြစ်သောအခါတွင်လည်း အခြားသောနတ်တို့ထက်ပို၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ကိုယ်စိတ်ချမ်းသာခြင်း၊ အခြံအရံပေါများခြင်း၊ အာဏာတန်ခိုး အစိုးရမှု သာလွန်ခြင်းနဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး သာလွန်ခြင်းဆိုတဲ့ လွန်ကဲမှု (၁၀) မျိုး ရရှိနိုင်ကြောင်း သိကြားမင်းအား အရှင်မဟာမောဂ္ဂလာန် ဟောကြားထားတာ ရှိပါတယ်။

ဒီနေရာမှာ အဇာတသတ်မင်းသားထုံးကို နှလုံးမူကြရမှာ ဖြစ်ပါတယ်။ အဇာတသတ်မင်းသားသည် အပြစ်ကြီးလေးလှတဲ့ ဖခင်သတ်မှုဆိုတဲ့ ပိတုဃာတကကံကြီးကိုကျူးလွန်ထား၍ မအိပ်နိုင်မစားနိုင် တမှိုင်မှိုင်တတွေတွေ ကြောက်ရွံ့ဟုန်လှုပ် နေရပါတယ်။ သေရင် မဟာအဝီစိငရဲကြီး၌ မလွဲမသွေကျခံရတော့မှာဖြစ်ပါတယ်။ ဘုရားရှင်ကို ဖူးမျှော်ခွင့်ရပြီး

၂၇၄၂၇

သရဏဂုံဆောက်တည်ရတဲ့ အချိန်မှစ၍ ကောင်းစွာ အိပ်နိုင် စားသောက်လာနိုင်လာတယ်။ သရဏဂုံရဲ့ ကျေးဇူးကြောင့် အဇာတသတ်မင်းသားဟာ မဟာ အဝီစိငရဲမှာ ကျခံရမယ့်အစား လောဟ ကုမ္ဘီငရဲငယ်၌သာ ကျခံရတော့တယ်။ ရတနာသုံးပါးကို အားထားယုံကြည်ရာ၌ ပုထုဇဉ်တို့တွင် မည်သူမျှပင် လိုက်မမီ။ ပထမသင်္ဂါယနာတင် ဒကာလည်းဖြစ်တဲ့ အပြင် နောင်တစ်ချိန်၌ ဝိဇိတာဝီအမည်ရှိတဲ့ ပစ္စေက ဗုဒ္ဓါတစ်ဆူ ဖြစ်တော်မူရသည်အထိ သရဏဂုံ၏ ကျေးဇူးတို့ကားကြီးမားလှပါတယ်။ သရဏဂုံ ဆောက်တည်သော ပုဂ္ဂိုလ်များဟာ ဖြစ်လေရာဘဝတို့၌ အောက်ပါအကျိုး (၈) မျိုးကိုလည်း ရရှိနိုင်ပါတယ်။

(၁) အများပူဇော်ခံရခြင်း
(၂) ဉာဏ်ပညာထက်မြက်ခြင်း
(၃) မိမိပတ်ဝန်းကျင်သည် မိမိအလိုသို့လိုက်ပါခြင်း
(၄) သူတကာတို့မနိုင်းယှဉ်သာအောင် စည်းစိမ်ဥစ္စာ ခံစားရခြင်း
(၅) ရွှေအဆင်းကဲ့သို့အသားအရေ ဝါဝင်းလှပခြင်း
(၆) အများချစ်မြတ်နိုးခံရခြင်း
(၇) ခိုင်မြဲသောမိတ်ကောင်းဆွေကောင်းရရှိခြင်း
(၈) ကျော်စောထင်ရှားခြင်း

အောင်။ ။ ဆရာ သရဏဂုံနှင့်ပတ်သတ်၍ အခြားမှတ်သားဖွယ်ရာများရှိသေးရင် ရှင်းပြပေးပါဦး။

ကျွန်ုပ်။ ။ သရဏဂုံအကြောင်းတော့ စုံစုံလင်လင်ဆွေးနွေးပြီးပါပြီ။ ဒါပေမယ့် ဆက်လက်ဆွေးနွေးစရာလေး ရှိသေးလို့ ထပ်ဆွေးနွေးပါဦးမယ်။ ကျွန်တော်တို့မြန်မာလူမျိုး

ဗုဒ္ဓဘာသာဝင်တွေဟာ ရတနာသုံးပါးကို ကြည်ညို ကိုးကွယ်မှုကတော့ အံ့ဩလောက်ပါတယ်။ ဒါပေမယ့် ဘာသာရေးနဲ့ပတ်သတ်တဲ့ ဗဟုသုတများ အလွန် နည်းကြပါတယ်။ မိရိုးဖလာ ပြုရိုးပြုစဉ်အနေနဲ့သာ ပြုနေကြတာ။ ဘာကြောင့် ဒီလိုဖြစ်ရလဲလို့ စဉ်းစား ရင် လူငယ်လူရွယ်တွေ ဘာသာရေးနဲ့ထိတွေ့မှု အလွန်နည်းပါးကြလို့ဟု ဆိုနိုင်ပါတယ်။ ရှေးအခါက ဘုန်းတော်ကြီးကျောင်းတွေကတစ်ဆင့် ကြီးပြင်းလာ တာဖြစ်လို့ ဘာသာရေးဗဟုသုတ ရှိကြပါ တယ်။ ခုတော့ စာသင်ကျောင်းတွေကတစ်ဆင့် ကြီးပြင်း လာရသူများဖြစ်လို့ ဘာသာရေးဗဟုသုတ နည်းရခြင်း ဖြစ်တယ်ဟု သုံးသပ်လို့ရပါတယ်။ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလထုတ် ထေရဝါဒဓမ္မစာစောင် စာ မျက်နှာ (၅၁) မှ စာရေးဆရာမ မသုမေ၏ ရေခြား မြေခြားတရားဦး ဓမ္မဒါနဆောင်းပါးမှ အောက်ပါ စာပုဒ်ကလေးကို လေ့လာကြည့်ပါ။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ချမ်းမြေ့ရိပ်သာခွဲ ဖြစ်သော ဓမ္မောဒယရိပ်သာ၌ (၉-၃-၂၀၀၆) နေ့တွင် စတင်ဖွင့်လှစ်သည့် (၁၀) ရက်တရားစခန်းပွဲတွင် ချမ်းမြေ့ဆရာတော်က မြန်မာပရိသတ်များအား တရားတော်ဟောကြားရာ - ကဲ သရဏဂုံ ဘယ်နှစ်ပါး ရှိသလဲဟု မေးသောအခါ ဆယ်ပါးပါဘုရားဟု ဖြေသူ က ဖြေသည်။ မြန်မာပရိသတ်ထဲတွင် ထိုအဖြေကို ရယ်မောမည့်သူပင် မရှိချေ။ ထို့ကြောင့် အံ့ဩ ထိတ်လန့်သွားမိရပါသည်ဆိုတဲ့ စာသားလေးကိုကြည့် ပါ။ အဝေးရောက် မြန်မာပရိသတ်တွေက ဖြေတဲ့

အဖြေ၊ သူတို့တွေဟာအများစုက ခေတ်ပညာတတ်တွေပါ။ ရေခြားမြေခြားမှာ စီးပွားသွားရှာနေကြတာပါ။

ဘာသာရေးမှာ ဒီလောက်တောင် ဗဟုသုတခေါင်းပါး နေတာကိုကြည့်ပါ။ သရဏဂုံသုံးပါးကိုပင်ဆယ်ပါးလို့ဖြေ၊ ဘေးကလူတွေကလည်း တကယ်မသိလို့ဘဲလား။ ဖြေရမှာ ရှက်လို့ပဲလားတော့မသိ။ တုံ့ပြန်ပြင်ဆင်ပြီး ဖြေတဲ့အသံမကြားရဘူးတဲ့ ကျွန်တော်တော့ အလွန့်အလွန် အံ့ဩမိပါသည်။ အမျိုးသားမှန်သမျှ ငယ်စဉ်က ရှင်သာမဏေ ဝတ်ခဲ့ဖူးသူချည်းဖြစ်သလို အမျိုးသမီးအများစုဟာလဲ မြန်မာပြည်မှာတုန်းက ဥပုသ်စောင့်ဖူးသူက များကြလိမ့်မယ်။ သရဏဂုံကို မှန်အောင် မဖြေနိုင်ဘူးဆိုတော့ အံ့ဩစရာပါ။ မြန်မာပြည်မှာလည်း ဒီလို လူတွေဘယ်လောက်များများ ရှိနေကြပြီလဲ။ စဉ်းစားကြည့်ဖို့လိုပါတယ်။ ဒါကြောင့် အချုပ်အနေနဲ့ သရဏဂုံအကြောင်း ပြန်ဆွေးနွေးချင်တယ်။

အောင်။ ။ ဟုတ်ကဲ့၊ ဆွေးနွေးပါဆရာ။

ကျွန်ုပ်။ ။ ကျွန်တော် ခင်ဗျားတို့ကိုရှင်းပြတာ၊ ဗုဒ္ဓဘာသာဆိုတာဘာလဲ၊ ဗုဒ္ဓဘာသာဝင်ဆိုတာ ဘာလဲ၊ သရဏဂုံတည်ပုံပျက်ပုံတို့ကို ရှင်းလင်းတင်ပြခဲ့ပြီးပါပြီ။ အခုအချုပ်အနေနဲ့ သရဏဂုံဆိုတာ သရဏ+ဂမနဆိုတဲ့ပါဠိကနေ သရဏဂုံဟူ၍ မြန်မာမှုပြုထားတာပါ။ ဘုရား၊ တရား၊ သံဃာ စသည်တို့ကို ကိုးကွယ်ရာအစစ်ဖြစ်၏ဟူ၍ အသိအမှတ်ပြုကာ ရိုသေလေးမြတ်

ဆည်းကပ်လိုသော ကုသိုလ်စေတနာကို "သရဏဂုံ" ဟုခေါ်ခြင်း ဖြစ်ပါတယ်။

သရဏဂုံသုံးပါး ရှိပါတယ်။ (၁) ဘုရားကိုးကွယ်မှု (၂) တရားကိုးကွယ်မှု (၃) အရိယာသံဃာ ကိုးကွယ်မှုတို့ ဖြစ်ပါတယ်။ မိမိသန္တာန်တွင် အထက်ဖော်ပြပါ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်လိုသော စိတ်စေတနာဖြစ်နေကြောင်း ထင်ရှားပြဖို့ရန်-

**ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဘုရားကို ကိုးကွယ်ပါ၏၊**
**ဓမ္မံ သရဏံ ဂစ္ဆာမိ - တရားတော်ကို ကိုးကွယ်ပါ၏၊**
**သံဃံ သရဏံ ဂစ္ဆာမိ - အရိယာသံဃာကို ကိုးကွယ်ပါ၏၊**

ဟူ၍ ပါဠိသက်သက်ဖြစ်စေ၊ မြန်မာစကားသက်သက်ဖြစ်စေ ရွတ်ဆိုခြင်းကို သရဏဂုံဆောက်တည်တယ်လို့ ခေါ်ပါတယ်။

မှတ်ချက်။ ။ သက်တော်ထင်ရှားဘုရားမရှိတော့သည့် ယခုအခါ၌ ဘုရားရှင်ကို လှူဒါန်းပူဇော်ပူလိုလျှင် ဘုရားကိုရည်မှန်း၍ စေတီတော်၊ ဆင်းတုတော်ကိုသာ ကိုးကွယ်ကြသကဲ့သို့ အရိယာသံဃာတော်များ၏ဂုဏ်ကို အာရုံပြု၍ ပုထုဇဉ်သံဃာများကိုလည်း ကိုးကွယ်ဆည်းကပ်နိုင်ပါသည်။

ကျမ်းကိုး။ ။ ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့်၊ အထက်တန်း အဆင့်၊ ရတနာ့ဂုဏ်ရည်၊ မီးကျီးတွင်းမှပွင့်သောကြာ၊ ပိဋကနှင့်စပ်၍ သိမှတ်ဖွယ်။

**စိန်တိုင်ထွန်း**

× × × × ×



# ဩကာသကန်တော့ချိုး

စိန်တိုင်ထွန်း

အောင်။ ။ ဆရာ ကျွန်တော်တို့စတင်ဆွေးနွေးစဉ်က အခြေခံက စပြီး သိချင်ပါတယ်လို့ ပြောထားတဲ့အတိုင်း ဩကာသကန်တော့ချိုးကစပြီး သိချင်ပါတယ်ဆရာ။

ကျွန်ုပ်။ ။ အေးဗျာ၊ ဗုဒ္ဓဘာသာနဲ့ဗုဒ္ဓဘာသာဝင်အကြောင်း ဆွေးနွေးရင်းနဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ သရဏဂုံအကြောင်း ဆွေးနွေးခဲ့လို့ ကျော်သွားတာ ဖြစ်ပါတယ်။ ယခုအစကပဲ ပြန်စကြတာပေါ့။ အစက ဆိုပေမယ့် ဩကာသမဆိုခင်က ပြန်စရမှာ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ဩကာသကန်တော့ချိုးမဆိုမီ ဘုရားရှိခိုးတဲ့အခါ ရှေးဦးစွာ အပြစ် (၆) ပါးလွတ်သော (ဧကမန္တ) သင့်တင့်လျောက်ပတ်သော အရပ်၌နေပါ။ ထိုအရပ်မျိုးမှာ ဝေး၊ နီး၊ လေညာ၊ မြင့်မူရာနှင့် မျက်နှာချင်းအပ် နောက်ကျောရပ်ဟု ခြောက်ရပ်ပြစ်သာ ကင်းစင်ရာ၌ ဆိုသည့်အတိုင်း-

| | | |
|---|---|---|
| ဝေး | = | ဝေးလွန်းသောအရပ် |
| နီး | = | နီးလွန်းသောအရပ် |
| လေညာ | = | လေညာ၊ လေတင်ဖြစ်သောအရပ် |
| မြင့်မူရာ | = | မြင့်သောအရပ် |
| မျက်နှာချင်းအပ် | = | မျက်နှာချင်းဆိုင်အရပ် |

နောက်ကျောရပ်= နောက်ဘက်. . . ဟူသော အပြစ် (၆) ပါး လွတ်သောအရပ်၌နေထိုင်၍ "ခြေလက်၊ နဖူး၊ တံတောင်၊ ဒူး ငါးဦးမြေထိစေ" ဟူသော ဆောင်ပုဒ်အတိုင်း ဒူးနှစ်ဘက်၊ လက်နှစ်ဘက်၊ နဖူးတို့ကို မြေ၌ (သို့မဟုတ်) ကြမ်းပြင်၌ထိစေ၍ ရှေးဦးစွာဦးချရမည်။ ဦးချသောအခါ အောက်ပါအတိုင်းဆို၍ ဦးချရမည်။

ဗုဒ္ဓံပူဇေမိ = ဗုဒ္ဓ-မြတ်စွာဘုရားကို ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

ဓမ္မံပူဇေမိ = ဓမ္မ-တရားတော်မြတ်ကို ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

သံဃံပူဇေမိ = သံဃ-သံဃာတော်မြတ်ကို ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

ထို့နောက်တွင်မှ ဩကာသကန်တော့ချိုးဆို၍ ကန်တော့ရမှာ ဖြစ်ပါတယ်။

**ကန်တော့ချိုး**

ဩကာသ ဩကာသ ဩကာသ၊ ကာယကံ ဝစီကံ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း၊ အကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာ မြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊

ဝိပတ္တိတရား လေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်း သည်ဖြစ်၍ မဂ်တရား၊ ဖိုလ် တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင် ဘုရား။ (ဗုဒ္ဓဘာသာတရားတော် အခြေခံအဆင့် - စာ ၁၀၆)

ဒီနေရာမှာ မှတ်သားရမှာက "ဩကာသ" ဆိုတာ ပါဠိစကားပါ။ မြန်မာလို "အခွင့်" ဟု အဓိပ္ပာယ်ရ ပါတယ်။ "ရှိခိုးပါရစေ အခွင့်ပြုတော်မူပါ" ဟူ၍ ဆိုလိုရင်းဖြစ်ပါတယ်။ ပါဠိတော်များတွင် "ဩကာသံ ကရောဟိ = အခွင့်ပြုတော်မူပါ" "ဩကာသံဒေဟိ = အခွင့်ပေးတော်မူပါ၊ မေးလျှောက်ပါရစေ" ဟု တစ်စုံ တစ်ခုကို မေးလိုသောအခါ အသုံးပြုသော ပါဠိစကား ဖြစ်သည်။ အလေးအနက်ပြုတဲ့အနေနဲ့ ဩကာသ, ဩကာသဟူ၍ (၂) ကြိမ် သို့မဟုတ် (၃) ကြိမ် ဆိုလေ့ရှိကြ၏။

အောင်။ ။ ဆရာ ကာယကံ၊ ဝစီကံ၊ မနောကံတို့မှာ ကံနဲ့ရှိခိုးခြင်း၊ ဒွါရဖြင့် ရှိခိုးခြင်းတို့ကို ကျွန်တော်ကြားဖူးပါတယ်။ အဲဒါလေးလည်း ရှင်းပြပေးပါဆရာ။

ကျွန်ုပ်။ ။ ဒီနေရာမှာ ကျယ်ကျယ်ပြန့်ပြန့်ရှင်းပြရရင် စာအုပ် တစ်အုပ်ဖြစ်လောက်ပါတယ်။ အခုဒီမှာတော့ လိုရင်းပဲ ရှင်းပြပါ့မယ်။ ခုအခါ နိုင်ငံတော်က အသိအမှတ်ပြု ထားတဲ့ ဂိုဏ်းကြီးများမှာ (၁) သုဓမ္မာဂိုဏ်း၊ (၂) ရွှေကျင်ဂိုဏ်း၊ (၃) မဟာဒွါရဂိုဏ်း၊ (၄) မူလဒွါရဂိုဏ်း၊ (၅) အနောက်ချောင်းဒွါရဂိုဏ်း၊ (၆) ဝေဠုဝန်ဂိုဏ်း၊ (၇) စတုဘုမ္မိကမဂ္ဂင်မဟာသတိပဋ္ဌာန်ငှက်တွင်းဂိုဏ်း၊

(၈) ဂဏဝိမုတ် ကူးတို့ဂိုဏ်း၊ (၉) ဓမ္မယုတ္တိနိကာယ မဟာရင်ဂိုဏ်းတို့ကို ပြည်ထဲရေးနှင့်သာသနာရေး ဝန်ကြီးဌာန က ၁-၂-၁၉၈၀ ပြည့်နေ့တွင် အတည် ပြု၍ တည်ရှိခွင့်ပေးခဲ့ပါတယ်။ ထိုနေ့မှစ၍ နောက် ထပ်မံ၍ ဂိုဏ်းသစ်တည်ထောင်မှုကို ပိတ်ပင်တားမြစ် ခဲ့သည်။ ယခုတည်ရှိနေသော နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ကြီးတွင် အထက်ဖော်ပြပါဂိုဏ်းများမှ ကိုယ်စားလှယ်များ အချိုးကျပါဝင်တဲ့ နိုင်ငံတော်သံဃ မဟာ နာယကအဖွဲ့ကြီးဖွဲ့စည်းပြီး သံဃာ့ကိစ္စအဝဝ တို့ကို ဆောင်ရွက် လျက်ရှိရာ ယနေ့တိုင်ပဲဖြစ်ပါတယ်။

ယခုလို တည်ရှိခွင့်ရရှိတဲ့ ဂိုဏ်းများမှာလည်း ဘုရားရှင်ဟောကြားတော်မူခဲ့သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုင်ရာ လိုက်နာကျင့်ကြံမှုများမှာရော၊ အဝတ်အထည်နှင့် အသွင်အပြင် အားလုံးမှာပါ ကွဲပြားမှုမရှိ ထပ်တူညီမျှပင်ဖြစ်ပါတယ်။ ဆရာသမား များကိုအစွဲပြု၍ ယခုလို ဂိုဏ်းအဖြစ် ကွဲပြားနေကြ ခြင်းသာ ဖြစ်ပါတယ်။

ဂိုဏ်းကြီး (၉) ဂိုဏ်းအနက် သုဓမ္မာဂိုဏ်းသည် သံဃာအများဆုံးဖြစ်၍ အကြီးဆုံးဂိုဏ်းလည်း ဖြစ် သည်။ သုဓမ္မာဂိုဏ်းကား မူလကဂိုဏ်းအဖြစ် တည်ရှိ နေခြင်းမရှိဘဲ ရွှေကျင်ဂိုဏ်း ဖြစ်ပေါ်လာရာမှ စတင် ၍ သုဓမ္မာဂိုဏ်းဟု ဖြစ်လာရခြင်းဖြစ်သည်။ သုဓမ္မာ ဂိုဏ်းကို "ကံ" ဂိုဏ်းဟူလည်း ခေါ်ဆိုခဲ့ကြသည်။

အုတ်ဖို၌ ဆရာတော် အရှင်ဥက္ကံဝံသမာလာသည် ဒွါရဂိုဏ်းကို စတင်တည်ထောင်တော်မူသည်။ ၎င်း၏

ပြိုင်ဘက်ဆရာတော်မှာ ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ ဖြစ်သည်။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ရှိခိုးခြင်းက မှန်သည်။ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရ တို့ဖြင့်ရှိခိုးခြင်းက မှန်သည်ဟူ၍ အငြင်းပွားရာ နောက်ဆုံးတွင် "ကံ" "ဒွါရ" နှစ်မျိုး စလုံး မှန်သည်ဟု အဖြေရခဲ့ပါသည်။

ထိုအခါမှစ၍ အုတ်ဖို၌ ဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းအတို့က ဒွါရဖြင့် ရှိခိုး ကြရာမှ "ကံ" "ဒွါရ" စသည် ကွဲပြားသွားခြင်းဖြစ်ပါ သည်။ ဒွါရဂိုဏ်းသည် အုတ်ဖို၌ (အင်္ဂပူ)၊ ဟင်္သာတ ဇလွန်၊ ဓနုဖြူမြို့နယ်တို့တွင် ထင်ရှားလေသည်။ ကျွန်တော်လည်း မဟာဒွါရဂိုဏ်း အယူရှိသူဖြစ်ပ တယ်။ ဒါပေမယ့် ကျွန်တော့မြို့နယ်က မိုးညိုမြို့နယ် ပဲခူးတိုင်းဖြစ်ပါတယ်။

ဘာပဲပြောပြော ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ လည်းကောင်း၊ ကာယဒွါရ၊ ဝစီဒွါရ၊ မနောဒွါရဟူ၍ လည်းကောင်း (၂) မျိုးစလုံး ရှိခိုးနိုင်ပါတယ်။ မိမိ ကြိုက်သလို ရှိခိုးနိုင်ပါတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ ဆိုရာမှာ-

(၁) ကာယကံ = ကာယ = ကိုယ်+ကံ = အမှု၊ ပြစ်မှားမှု ကိုယ်ဖြင့် ပြစ်မှားမှု

(၂) ဝစီကံ = ဝစီ = နှုတ်+ကံ = အမှု၊ ပြစ်မှားမှု နှုတ်ဖြင့် ပြစ်မှားမှု

(၃) မနောကံ = မန စိတ်+ကံ = အမှု၊ ပြစ်မှားမှု စိတ်ဖြင့် ပြစ်မှားမှု

သဗ္ဗဒေါသ = သဗ္ဗ = အလုံးစုံသော
ခပ်သိမ်းသော + ဒေါသ = အပြစ်

အထက်တွင် ဖော်ပြထားသော ကာယကံပြစ်မှု၊ ဝစီကံ ပြစ်မှု၊ မနောကံပြစ်မှုဟူသော အပြစ်အားလုံးကို သဗ္ဗဒေါသဟု ဆိုလိုပါသည်။

**(၁) ကာယကံပြစ်မှု (၃) ပါး**

(က)ပါဏာတိပါတာ = သူ့အသက်ကိုသတ်ခြင်း။

(ခ)အဒိန္နာဒါန = ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်း။

(ဂ)ကာမေသုမိစ္ဆာစာရ = ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း။

**(၂) ဝစီကံပြစ်မှု (၄) ပါး**

(ဃ)မုသာဝါဒ = မဟုတ်မမှန်ပြောဆိုခြင်း။

(င)ပိသုဏဝါစာ = ကုန်းတိုက်စကားပြောဆိုခြင်း။

(စ)ဖရုသဝါစာ = ဆဲရေးတိုင်းထွာခြင်း စသော ကြမ်းတမ်း သောစကားကို ပြောဆိုခြင်း။

(ဆ)သမ္ဖပ္ပလာပ = အကျိုးမရှိ အနှစ်မဲ့သောစကားကို ပြောဆိုခြင်း။ (စပါးပိန်၊ စပါးဖျင်းသည် အတွင်း၌ အနှစ်အဆန်မရှိသကဲ့သို့ အကျိုးမရှိသောစကားကို ပြောဆိုခြင်း)

**(၃) မနောကံပြစ်မှု (၃) ပါး**

(ဇ)အဘိဇ္ဈာ = သူတစ်ပါးပစ္စည်းကို "ငါ့ဟာဖြစ်လျှင် ကောင်းလေစွ" ဟု မတရားကြံစည်ခြင်း။

(ဈ)ဗျာပါဒ = သူတစ်ပါးကို သေကြေပျက်စီး စေလိုခြင်း။

(ည)မိစ္ဆာဒိဋ္ဌိ = အယူမှားခြင်း၊ (ကံ၊ ကံ၏အကျိုးကို မယုံကြည်ခြင်း)

အထက်ဖော်ပြခဲ့တဲ့ ကာယကံပြစ်မှု (၃) ပါး၊ စဝိကံပြစ်မှု (၄) ပါး၊ မနောကံပြစ်မှု (၃) ပါး စုစုပေါင်း (၁၀) ပါးကို ဒုစရိုက် (၁၀) ပါးလို့ခေါ်ပါတယ်။ ဒုစရိုက်အပိုင်းတွင် ထပ်မံရှင်းပြပါမည်။

**ရတနာသုံးပါး**

စိတ်နှလုံးမွေ့လျော် ရွှင်ပျော်နှစ်သက်ခြင်းကို ဖြစ်စေတတ်သော သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှသည် ရတနာမည်ပါတယ်။

စိန်၊ ရွှေ၊ ငွေ ကျောက်သံပတ္တမြား ရတနာတို့သည် လောကရှိ လူအပေါင်းတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မွေ့လျော်ပျော်ရွှင်စေတတ်သောကြောင့် လောကီရတနာဟု ခေါ်ဆိုရပါတယ်။

ထို့အတူ ဘုရား၊ တရား၊ သံဃာတို့သည် လူနတ်၊ ပြဟ္မာ သတ္တဝါတို့၏ စိတ်နှလုံးကို နှစ်သက်စေတတ်၊ မြတ်နိုးစေတတ်သောကြောင့် လောကုတ္တရာ ရတနာဟု ခေါ်ဆိုရပါတယ်။

**ရတနာ၏လက္ခဏာသဘောထား-**

- အလေးအမြတ်ပြုခံရခြင်း။
- အဖိုးများစွာထိုက်တန်ခြင်း။
- အတုမရှိအသာဆုံးဖြတ်ခြင်း။
- တွေ့ခဲ၊ ကြုံခဲ၊ ရခဲခြင်း။

ဘုန်းကံရှိသူတို့၏ အသုံးအဆောင် သို့မဟုတ် ကိုးကွယ်ရာ ဖြစ်ခြင်း။

ဆောင်ပုဒ် ။ အလေးပြုအပ်၊ ဖိုးမပြတ်သည့် နှိုင်းအပ် ပြိုင်ဖွယ်။ မရှိကွယ်သား၊ မလွယ်တွေ့ဖို့၊ ရှေးကံချို့ သည့် လူတို့ သုံးစရာ၊ မဟုတ်ပါသည်၊ ရတနာပစ္စည်း ခေါ်သတည်း။

ဗုဒ္ဓရတနာ

ဗုဒ္ဓသည် အရဟံ စသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံ ပြီး ဗုဒ္ဓတရားကို နာကြားရသူတို့မှာ စိတ်၏ အေးချမ်း သာယာမှု၊ အသိဉာဏ်တိုးတက်မှုကိုရသောကြောင့် ဆည်းကပ်ကိုးကွယ်သူတို့ အလေးအမြတ်ပြုအပ်သော ရတနာဖြစ်ပါတယ်။

စိန် ရွှေ ရတနာတို့သည် အဖိုးထိုက်တန်၏။ ထိုရတနာအတွက် ဥစ္စာရှင်မှာ စိတ်ချမ်းသာမှုအကျိုး ခံစားရသကဲ့သို့ ဘုရားရှင်ကို ဖူးတွေ့ရ ကိုးကွယ်ရ ဆည်းကပ်ရသောပုဂ္ဂိုလ်တို့သည် လောက၊ သံသရာ နှစ်ဖြာသောအကျိုးကိုရကြသည်။ ထိုပုဂ္ဂိုလ်များ အတွက် ဗုဒ္ဓရတနာသည် တန်ဖိုးမဖြတ်နိုင်သော ရတနာဖြစ်ပါတယ်။

ပြည်တန်ပတ္တမြားသည် အခြားတန်းတူ ရတနာ မရှိနိုင်သကဲ့သို့ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်နှင့်တူသော ပုဂ္ဂိုလ်သည် လောကတွင်မရှိ၊ သို့မဟုတ် ဗုဒ္ဓသည် အတုမရှိသော ရတနာဖြစ်ပါ တယ်။

ပြည်တန်ပတ္တမြားကို တွေ့ဖို့ကြုံဖို့ ခဲယဉ်းသကဲ့သို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီ ဖြည့်ပြီးမှ ဘုရားဖြစ်လာရသော ဗုဒ္ဓမည်သော ပုဂ္ဂိုလ်

ထူးနှင့် တွေ့ဖို့ကြုံဖို့၊ ဖူးတွေ့ဖို့ အလွန်ခဲယဉ်းလှ၍ ဗုဒ္ဓသည် ရတနာဖြစ်ပါတယ်။

လောက၌ ကျောက်သံပတ္တမြား စိန် ရွှေ ရတနာတို့ သည် လူသာမန်တို့မသုံးနိုင်၊ ချမ်းသာကြွယ်ဝသူတို့သာ သုံးဆောင်နိုင်သကဲ့သို့ ဗုဒ္ဓရတနာကိုလည်း ဘုန်းကံ ရှိသူတို့သာ ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် ရတနာမည်ပေသည်။ လောကတွင် လူနေအားဖြင့် အထက်တန်းကျကျ နေထိုင်စားသောက်နိုင်သည် မှန်သော်လည်း ဗုဒ္ဓရတနာကို မယုံကြည်၍ ကိုးကွယ် ဆည်းကပ်ခွင့် မရကြပေ။

**ဓမ္မရတနာ**

မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိ ဤဆယ်မျိုးကို ဓမ္မဟု ခေါ်ပါတယ်။

ထိုဆယ်မျိုးသော ဓမ္မကို ရိုသေလေးမြတ်စွာနာယူ မှတ်သားအပ် ကျင့်ကြံပွားများအပ်၏။

တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်တန် ၏။ မဂ်ဖိုလ်နိဗ္ဗာန်တရားတော်များကို မဆိုထားဘိ ပရိယတ္တိတရားတော်များသည်ပင် အတုမရှိ အသာ ဆုံး တရားတော်ဖြစ်ပါတယ်။

ထိုတရားတော်သည် ဘုရားပွင့်တော်မူမှ ကြားသိ ရသော တရားတော်များဖြစ်ရကား ဘုရားရှင်ကို ဖူးတွေ့ရဖို့မလွယ်သလို တရားတော်ကိုလည်း ကြားနာ ရဖို့ မလွယ်ကူချေ။

ထိုတရားတော်ကို ဘုန်းကံနည်းသူများ မသိနိုင် မသုံးစွဲနိုင်၊ ဘုန်းကံရှိသောသူတို့၏ အသုံးအဆောင် ဖြစ်၏။ ဤသို့လျှင် တရားတော်သည် ရတနာ၏

ဂုဏ်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကြောင့် “ဓမ္မရတနာ” မည်ပါတယ်။

**သံဃရတနာ**

သမ္မုတိနှင့်အရိယာနှစ်ဖြာသော သံဃာတော် အရှင်သူမြတ်အပေါင်းသည် သံဃရတနာမည်ပါ တယ်။

ထိုသံဃရတနာသည် ရိုသေလေးစားထိုက်၏။ မရို မသေလုပ်လျှင် ထိုမရိုမသေလုပ်သူမှာ လောကကြီး၌ ကြီးပွားခြင်း၏ အန္တရာယ်ကိုဖြစ်စေ၏။ နောင် သံသရာ၌လည်း မကောင်းကျိုးကို ခံစားရမည်။

သံဃာတော်ကို ရိုသေလေးမြတ် ဆည်းကပ် ကိုးကွယ်သူမှာ လောကသံသရာ နှစ်ဖြာသော အကျိုးကို ရရှိနိုင်ပါတယ်။

သံဃရတနာသည် ဗုဒ္ဓရတနာပေါ်ထွန်းချိန်၌သာ တွေ့ကြုံရ၊ ဖူးမြင်ရသောကြောင့် အလွန်တွေ့ကြုံခဲ သော ရတနာဖြစ်ပါတယ်။

ထိုသံဃရတနာကို ဘုန်းကံကြီးသူ လူသားတို့သာ ဖူးတွေ့နိုင် ဆည်းကပ်ကိုးကွယ်နိုင်သောကြောင့် သံဃာရတနာသည် ဘုန်းကံရှိသူတို့သာ ကိုးကွယ်ရာ ဖြစ်သည်။

စိန်တိုင်ထွန်း

× × × × ×

# ဩကာသကန်တော့ချိုး (၂)

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ ဒီတစ်ပတ်လည်း ဩကာသကန်တော့ချိုးပဲ ဆက်ဆွေးနွေးကြတာပေါ့။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဆိုတဲ့ အထဲမှာပါတဲ့ မာန်လျှော့နဲ့ကန်တော့ပါ၏ဆိုတဲ့ ဝေါဟာရနှစ်ခုကို ဆွေးနွေးပါ့မယ်။ ခင်ဗျားတို့သိကြတဲ့ အတိုင်း မာန်လျှော့ဖို့ဆိုတာ သိပ်အရေးကြီးပါတယ်။ လူတွေဟာ မာန်လျှော့ရမှာ အင်မတန် ဝန်လေးတတ်ကြပါတယ်။ သူလည်းလူ၊ ငါလည်းလူပဲ၊ သူလည်း ပညာတတ်၊ ငါလည်းပညာတတ်ပဲ စသည်ဖြင့် မာန်မာန ထားတတ်ကြတယ်။

တကယ်တော့ မာနဆိုတာ အကုသိုလ် စေတသိက်ပါ။ အကုသိုလ်ဟုဆိုထားတဲ့အတွက် မာန်ထားနေရင် အကုသိုလ်ဖြစ်နေတာပဲ၊ ဆင်ခြင်ကြည့်ရင် မထားသင့်တာ တွေ့ရပါတယ်။ လူအချင်းချင်း၊ လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း စသည်တို့ ခိုက်ရန်ဖြစ်ပွားခြင်း၊ စစ်ပွဲများဆင်နွှဲခြင်း၊ ကြီးနိုင်ငယ်ညှဉ်းပြုကြခြင်းတို့ဟာ ဒီမာနတရားကို အခြေခံပြီး ပြုမူကြတာများပါတယ်။ ဒါကြောင့် အဲဒီမာနအကြောင်း ဆွေးနွေးလိုပါတယ်။

ထောင်လွှားတက်ကြွခြင်းသဘောဟာ မာန်မာန ပါတယ်။ မာနစာတ်ခံရှိသူသည် တံခွန်အလံကို စိုက်ထောင်ထားသလို အများအပေါ် မောက်မာလို၏။ ကြွတတရှိ၏။ ရာထူး၊ ဂုဏ်သိမ် စည်းစိမ်ဥစ္စာရှိခြင်း၊ ပညာရှိခြင်း၊ အဆင်းလှပခြင်း၊ ရောဂါကင်းခြင်း စတဲ့ ဂုဏ်တွေနဲ့ သူများထက်သာနေတဲ့အခါ "ငါက သင်းတို့နဲ့ တူသလား၊ ငါနဲ့အဖက်တန်သလား" ဟု ကိုယ့်ကိုယ်ကို အထင်ကြီးကာ သူတစ်ပါးကို အထင်သေးတတ်ပါတယ်။

သူများထက်မသာဘဲ တန်းတူဖြစ်နေပြန်ရင်လည်း မာနစာတ်ခံရှိတဲ့သူအနေနဲ့ "သင်းနဲ့ငါ ဘာထူးသေးသလဲ၊ သူ့လောက်တော့ ငါလည်းရတာပဲ၊ ငင်းတလောက်တော့ ငှက်တိုင်းလှတာပဲ" ဟူ၍ တန်းတူပေမယ့်လည်း မာန်တက်ပြန်တာပဲ၊ ရာထူးဂုဏ်သိမ် စည်းစိမ်ချမ်းသာတို့ အောက်တန်းကျပြန်ရင်လည်း မာနစာတ်ခံရှိနေသူမှာ သူတို့က ငါ့ထက်သာကော ငါကဘာ အရေးစိုက်ရမှာလဲ၊ ကိုယ့်ရှိမှကိုယ်စားရ၊ ကိုယ်လုပ်မှကိုယ်ရတာပဲဟု အောက်ကျပေမယ့် မာန်ပြုကတော့ မပျက်ပါဘူး။

မိမိအမျိုးကောင်းမှ ဆင်းသက်လာသူဖြစ်တဲ့အတွက် ဇာတိမာန်၊ အထိုက်အလျောက် ဥစ္စာဓနရှိလို့ ဓနမာန်၊ စာပေတတ်ကျွမ်းနားလည်လို့လည်း ပညာမာန်၊ အဆင်းနဲ့ပြည့်စုံလို့လည်း အဆင်းမာန် စသည်ဖြင့် အမျိုးမျိုးမာန်တက်ကြပြန်ပါတယ်။ ဒီလိုသာ မာန်တက်ကြစတမ်းဆိုရင် နိဗ္ဗာန်စံဝင်ပြီးဖြစ်တဲ့

သူတော်ကောင်းတွေဟာ ဖော်ပြခဲ့တဲ့ မာန်မာနတွေ မိုးထိအောင် လေ့ကားမထောင်ဘဲ တက်နိုင်ကြပါတယ်။

နှလုံးလေပင့်၍ ဘဝမြင့်သူအလား ထောင်လွှား တက်ကြွ မာန်မာနတက်နေခြင်းတို့ဟာ သူတစ်ပါးတို့ မြင်ပြင်းကပ်ဖွယ်ရာ အကျိုးမဲ့ကိုသာ ဖြစ်စေရုံသာ မက နောက်နောက်ဘဝတို့၌လည်း အကျိုးယုတ်ဖို့သာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နောက်နောက်ဘဝ အဆင့်မြင့်ဖို့အရေးကို မျှော်ကိုးကာ အစွယ်ကျိုးတဲ့ မြွေ၊ ဦးချိုကျိုးတဲ့ နွား၊ ခြေသုတ်ပုဆိုးအလားတို့ကဲ့သို့ တက်ကြွနေတဲ့ မာန်စွယ်နှုတ်ပယ်ထားရမှာဖြစ်ပါ တယ်။ ယခု ဘုရားရှင်ကို ရှိခိုးကန်တော့ရာမှာလည်း ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပုံဖော်ကာ အာရုံပြုလျက် "မာန်" ကို လျှော့ထားခြင်းကို "မာန်လျှော့" ဟု ဆိုထားခြင်း ဖြစ်ပါတယ်။

ကျွန်ုပ်။ ။ "ကန်တော့" အကြောင်း ဆက်လက်ဆွေးနွေး တင်ပြပါ့မယ်။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ရတနာသုံးပါးနှင့်စပ်၍ ဟိတ်ဟန်မပြဘဲ ဖော်ပြခဲ့တဲ့ မာန်မာနတွေ လျှော့၍ကန်တော့ပါ၏။ အပြစ်ရှိရင် လည်း ပြေပျောက်ပါရစေသတည်းဟု ကန်တော့ခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကန်တော့၍ အပြစ်ပြေ မပြေ ကြည့်ဖို့လိုပါတယ်။

ဆရာမိဘဘိုးဘွား စသည်တို့နှင့် ရတနာသုံးပါး အပေါ်တို့၌ ပြစ်မှားမိတဲ့ သာမန်အပြစ်တွေမှာ

ပြစ်မှားခံရသူရဲ့ ရှေ့တွင်လည်းကောင်း၊ ထို ပြစ်မှားခံရသူမရှိတော့ရင် ထိုသူ၏ သင်္ချိုင်းသို့သွား၍လည်းကောင်း၊ ထိုသို့မသွားနိုင်ရင် ဘုရားရှင်ထံ၊ သံဃာများထံ၌လည်းကောင်း နောင်တရသဖြင့် စိတ်ပါလက်ပါ မာန်မာနလျှော့၍ ကန်တော့ရိုးမှန်လျှင် ပြေပျောက်နိုင်ပါတယ်။

အင်မတန် ကြီးလေးသောအပြစ်နှင့် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း စတဲ့အပြစ်များကား တောင်းပန် ကန်တော့ရုံမျှနဲ့ မပြေပျောက်နိုင်၊ ဒါပေမယ့် နောင်တရသဖြင့် ထိုအကုသိုလ်မျိုး ထပ်၍မဖြစ်နိုင်အောင် ကုသိုလ်ကိုသာ အားထုတ်နေရင် အချို့သော အကုသိုလ်တွေ အကျိုးပေးခွင့်မရတော့ဘဲ ပြေပျောက်တတ်ပါတယ်။

ဒီနေရာမှာ ကန်တော့တာနဲ့ပတ်သက်ပြီး ဆက်လက် ဆွေးနွေးတင်ပြပါမယ်။ ကန်တော့တဲ့ကုသိုလ်မှုဟာ အင်မတန် အကျိုးများတဲ့ကုသိုလ်မှုဖြစ်ပါတယ်။ ခုကာလ ကန်တော့ပုံတွေဟာ တောင်းပန်ဝန်ချတာ မပါဘဲ လက်အုပ်ချီပြီး ရိုသေဝပ်ချရုံနဲ့ ကန်တော့ပြီး သွားကြပါတယ်။

ဒီလိုကန်တော့တာမျိုးဟာ ပုံစံမကျပါဘူး။ အမှန်မှာ လက်အုပ်ချီတာက အဥ္စလီကမ္မ ရှိခိုးတာက ဝန္ဒနာကမ္မ၊ ဦးနှိမ်တာက သာမိစိကမ္မလို့ခေါ်ပါတယ်။ ဒီလိုလုပ်ရုံနဲ့ ဝန်ချတောင်းပန်တာလို့ ပြောလို့မရပါဘူး။ အရိုအသေပေးတဲ့အဆင့်ပဲရှိသေးတာ။ ကန်တော့ တောင်းပန်ခြင်း မြောက်သွားအောင် နှုတ်ကမြွက်ဆို

ပြီး တောင်းပန်ကန်တော့တာကျမှသာ ကန်တော့တောင်းပန်တာ ဖြစ်ပါတယ်။

ဒီလို နှုတ်ကမြွက်ဆိုတောင်းပန်ရာမှာ ဩကာသကန် တော့ချိုးဆို၍ဖြစ်စေ တပည့်တော်ပြစ်မှားမိသော (သို့မဟုတ်) ကျွန်တော်/ကျွန်မ ပြစ်မှားမိသော အပြစ်ကြီး အပြစ်ငယ်များကို ဝန်ချတောင်းပန်ပါတယ်လို့ဆို၍ ကန်တော့မှသာ တောင်းပန်ခြင်းကိစ္စ ပြီးမြောက်ပါတယ်။ ဒီလိုတောင်းပန်လိုက်ခြင်းကြောင့် မိမိမှာတင်ရှိနေတဲ့ အပြစ်တွေအားလုံး ပြေငြိမ်းသွားပါတယ်။ အပြစ်ကင်းသွားပါတယ်။

သာဓကတစ်ခုပြောပြရရင် - အဇာတသတ်မင်းဟာ အဖကိုသတ်တဲ့ ပိတုဃာတကကံကြီးထိုက်နေတော့ နတ်ရွာနိဗ္ဗာန်ကို မရောက်နိုင်တော့တဲ့အပြင် အဝီစိငရဲမှာ တစ်ကမ္ဘာပတ်လုံး ခံစားရမယ့် အပြစ်ကြီးရှိနေပါတယ်။ ဒီအပြစ်ကြီးကိုသိတဲ့ အဇာတသတ်ဟာ သဗ္ဗညုဘုရားရှင်ထံချဉ်းကပ်ပြီး ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား တပည့်တော်ဟာ မိုက်မဲလှစွာ မလိမ္မာတဲ့အတွက် ဖခင်မင်းမြတ်ကို မင်းပြုလိုတဲ့အကြောင်းကြောင့် သတ်ဖြတ်မိခဲ့ပါတယ်။ တပည့်တော်မှာရှိတဲ့ ထိုအပြစ်ကို အရှင်ဘုရားအနေနဲ့ သည်းခံခွင့်လွှတ်တော်မူပါဘုရားလို့ကန်တော့တောင်းပန်လိုက်ပါတယ်။

ဒီလိုတောင်းပန်လိုက်တဲ့ကံက ကယ်ဆယ်လိုက်တဲ့အတွက် အဇာတသတ်မင်းဟာ အဝီစိငရဲမှာခံရမယ့် အပြစ်ကလွတ်ပြီး လောဟကုမ္ဘီငရဲမှာ အနှစ်ခြောက်သောင်းမျှသာ ခံရတော့တယ်။ ငရဲက လွတ်

လာရင်လည်း "ဝိဇိတာဝိ" အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါ ဘုရားငယ်ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုရမယ်လို့ ဘုရားရှင် မိန့်တော်မူကြောင်း ကျမ်းဂန်မှာလာရှိပါတယ်။

ဒီသာဓကကိုကြည့်ပြီး ကန်တော့တောင်းပန် ခြင်းဟာ ဘယ်လောက်အကျိုးများတယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ ကန်တော့တောင်းပန်တဲ့ ကိစ္စမှာ ကန်တော့တောင်းပန်ရမယ့်ပုဂ္ဂိုလ် ထင်ရှား မရှိတော့ရင်လည်း ထင်ရှားတဲ့ပုဂ္ဂိုလ် တစ်ပါးပါးထံ သွားပြီးတော့ အရှင်ဘုရား တပည့်တော်ဟာ ဘယ် ပုဂ္ဂိုလ်ကို ပြစ်မှားမိပါတယ်။ ဘုရားတပည့်တော် ပြစ် မှားမိတဲ့အပြစ်ကို ဝန်ချတောင်းပန်ပါတယ် ဘုရားလို့ တောင်းပန်လိုက်ရင် အပြစ်ပြေပျောက်သွားပါတယ်။ ကန်တော့ခံမယ့်ပုဂ္ဂိုလ်ဟာ စုတေသွားရင် ထိုပုဂ္ဂိုလ် မြှုပ်နှံထားရာ သုသာန်သို့ဖြစ်စေ သွားပြီးကန်တော့ တောင်းပန်ရင်လည်း ပြေပျောက်သွားပါတယ်လို့ ကျမ်းဂန်လာရှိပါတယ်။

ဒါကြောင့် ကန်တော့ခန်းနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို မှတ်သားနာယူထားပြီး ကန် တော့တောင်းပန်မှုကို လေးလေးစားစား ဂရုစိုက် လိုက်နာ ပြုသင့်ကြောင်း စကားစပ်လို့ တင်ပြလိုက် ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး က မိဘဘိုးဘွား ဆရာသမားများ စသည်တို့ကို ကန်တော့ကြရာ၌ ဩကာသကန်တော့ချိုးဖြင့် ကန် တော့နေကြခြင်းမှာ သူ့နေရာနှင့်သူ မသုံးတတ်ကြလို့ ကန်တော့နေကြတာဖြစ်တယ်။ အချိန်၏တန်ဖိုးကို

နားလည်ကြသော အမျိုးသား၊ အမျိုးသမီးတို့သည် ဩကာသ ကန်တော့ချိုးကို နေရာတိုင်းတွင် အသုံး မပြုကြဘဲ ရှိသေစွာ အနားသို့ချဉ်းကပ်ပြီး လျှောက် ထားဖွယ်၊ နာယူဖွယ်များကို လျှောက်ထားနာယူပြီး ရှိခိုးဦးချ၍ ပြန်ကြရန်ဖြစ်ကြောင်း မိန့်ကြားထားပါ သည်။ ထို့အပြင် ကန်တော့ရာတွင် နေရာဌာန အလိုက် ကန်တော့သင့် ဆုတောင်းသင့်ကြောင်းတို့ကို ညွှန်ပြသွားပါတယ်။

စိန်တိုင်ထွန်း

× × × × ×



# ဩကာသကန်တော့ချိုး (၃)

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ ဒီတစ်ပတ်တော့ ဩကာသ ကန်တော့ချိုးပဲ ဆက်ဆွေးနွေးကြတာပေါ့ဗျာ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။ ကန်တော့ရသောအကျိုးအားကြောင့် ဆိုလိုသည်မှာ ရှေ့ကတောင်းပန်ခဲ့သောအပြစ်များ ပျောက်စေလိုတဲ့အပြင် နောက်ထပ်အကျိုးများကိုလည်း အလိုရှိသဖြင့် ထပ်မံဆုတောင်းတဲ့စကား ဖြစ်ပါတယ်။

**အပါယ် (၄) ပါး**

အပါယ = လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဟူသော ချမ်းသာ (၃) မျိုးဖြစ်ကြောင်း ကုသိုလ်ကောင်းမှုများစွာ ပြုခွင့်မရရှိသောအရပ်ကို ပါဠိလို "အပါယ" မြန်မာလို အပါယ်ဟု ခေါ်ဆိုခြင်းဖြစ်ပါတယ်။ အချုပ်မှာ ချမ်းသာကင်းသော ဘုံဘဝကို ဆိုလိုပါတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟု အပါယ် (၄) ပါးရှိပါတယ်။

**ငရဲကြီး (၈) ထပ်**

"ချမ်းသာကင်းပြီး ဆင်းရဲခြင်းအတိပြီးသော ဘုံဘဝကို "ငရဲ" ဟူ၍ ဆိုခြင်းဖြစ်ပါတယ်။ "ငရဲကြီး (၈) ထပ်ရှိပါတယ်။ "သိဥ္စိုင်း ကာဠ သံဃာတနဲ့ ရောရုဝနှစ်တာပန်နှစ်တွက်စစ်အဝီစိ" ဟူ၍ ဆိုထားသည့်အတိုင်း

အစဆုံး သိဉ္စိုင်းငရဲ၊ ကာဠသုတ်ငရဲ၊ သံဃာတငရဲ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပန္ဒငရဲ၊ မဟာ တာပန္ဒငရဲ၊ အဝီစိငရဲ ဟူ၍ (၈) ထပ်ရှိပါတယ်၊ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော ဒီကမ္ဘာ မြေကြီးရဲ့အောက် တစ်သိန်းနှစ်သောင်းမှာ ကျောက် မြေဖြစ်၍ အထက်တစ်သိန်း နှစ်သောင်းသာလျှင် ပကတိမြေသားဖြစ်ပါတယ်။ အထက်ပါ ပကတိမြေ သားအတွင်း၌ ဖော်ပြခဲ့သော ငရဲကြီး (၈) ထပ် တည်ရှိ ပါတယ်။ တစ်ထပ်နဲ့တစ်ထပ် ယူဇနာတစ်သောင်း ငါးထောင်စီ ကွာဝေးပါတယ်။ ထပ်၍ရှင်းပြရလျှင် လူ့ပြည်မှ အောက်ဘက် ယူဇနာတစ်သောင်းငါး ထောင် (မိုင် ၁၂၀၀၀၀) ကွာသောအရပ်တွင် ဥမင် လိုဏ်ခေါင်းသဖွယ်ဖြစ်ကာ သိဉ္စိုင်းငရဲတည်ရှိပြီး၊ ထို အောက် တစ်သောင်းငါးထောင်ဝေးသော အရပ်တွင် ကာဠသုတ်ငရဲ စသည်ဖြင့် အောက်သို့ တစ်သောင်း ငါးထောင် အကွာအဝေးတိုင်းတွင် အစဉ်အတိုင်း တည်ရှိပြီး အောက်ဆုံးတွင် အဝီစိငရဲတည်ရှိပါတယ်။

ထိုငရဲကြီး (၈) ထပ်တွင် တစ်ထပ်တစ်ထပ်တွင် ဘင်ပုတ် ငရဲတစ်ထပ်၊ ပြာပူငရဲတစ်ထပ်၊ လက်ပံ တောငရဲတစ်ထပ်၊ သန်လျက်ရွက်တောငရဲတစ်ထပ်၊ ကြေးနီရေတွေစီးနေသော ကြိမ်ပိုက်ချောင်းခေါ် ဝေတ္တရဏီ ငရဲတစ်ထပ်အားဖြင့် ငရဲငယ် ငါးထပ် တံတိုင်းခတ်သလို ရံပတ်၍လည်း ရှိနေပါတယ်။

**တိရစ္ဆာန်**

လူနတ်တို့ကဲ့သို့ မတ်မတ်မသွားဘဲ အလျားလိုက် သွားတတ်သော သတ္တဝါများကိုခေါ်သည်။ ဆင်၊ မြင်း၊

ကျွဲ၊ နွား၊ ခွေး၊ ကြက်၊ ငှက်၊ ငါး၊ လိပ်စတဲ့ ကုန်းနေ၊ ရေနေ အခြေ (၄) ချောင်း၊ အခြေ (၂) ချောင်း သတ္တဝါတွေကို တိရစ္ဆာန်များလို့ ခေါ်ပါတယ်။ ဘုံနေရာသီးခြားမရှိ လူတို့၏အနီးပါးနဲ့ တော၊ တောင် စသည်တို့မှာ နေထိုင်ပါတယ်။

**ပြိတ္တာ**

ချမ်းသာအပေါင်းမှ ကင်းကွာသူများကို ပြိတ္တာဟု ခေါ်ပါတယ်။ ၎င်းတို့မှာ ဘုံသီးခြားမရှိသော တော၊ တောင်၊ မြစ်၊ ချောင်း၊ သုသာန် စတဲ့အရပ်တွေမှာ နေထိုင်ပါတယ်။ တစ္ဆေ၊ မှင်စာ၊ သရဲ၊ သဘက်၊ အစိမ်း၊ ဖုတ်ကောင်၊ ကျတ်ကောင် စသည်တို့ အမျိုးမျိုးပါဝင်ပါတယ်။ ၎င်းတို့မှာ နှစ်ပေါင်းများစွာ မစားရ မသောက်ရ အချို့မှာ လူများ၏ ထမင်းလုံး၊ ဟင်းပေါက်၊ သလိပ်၊ ချွဲ၊ တံတွေး၊ မစင်စသည်တို့ကိုသာ စားရသည်။ လက္ခဏာသံယုတ်တွင် ဖော်ပြထားသော ဂိဇ္ဈကုတ်တောင်ရှိ ပြိတ္တာတို့မှာ မစားရ မသောက်ရ ရုံသာမကဘဲ ငရဲသားများကဲ့သို့ပင် လွန်စွာဆင်းရဲကြပါတယ်။

**အသူရကာယ်**

အစိုးရမှု၊ မြူးတူးပျော်ပါးမှု စသည်တို့ဖြင့် နတ်များကဲ့သို့ မတောက်ပနိုင်သူများကို ခေါ်ပါတယ်။ ဘုံသီးခြားမရှိ အသူရကာယ် အများနေရာအရပ်ကို အသူရကာယ်ဘုံလို့ ခေါ်ပါတယ်။ ၎င်းတို့ဟာ ပြိတ္တာအကြီးစားများပင် ဖြစ်ပါတယ်။ ထို့ကြောင့် တချို့ပါဠိတော်တွေမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ (၃) မျိုးသာ

ပြထားတာဖြစ်ပါတယ်။ ဖော်ပြခဲ့သော ပြိတ္တာ အသူရကာယ်တို့ကို ကာလကဉ္စိကအသုရာဟုလည်း ခေါ်ပါတယ်။ ယင်းတို့သည် သမုဒ္ဒရာ ဂင်္ဂါမြစ်ကမ်း စသည်တို့တွင် နေထိုင်ကြသည်။ အင်မတန်မွတ်သိပ် ဆာလောင်နေကြသည်။ တချို့ အသုရာတို့မှာ ဘုရားနှစ်ဆူ၊ သုံးဆူပွင့်သော်လည်း တစ်ကြိမ်မျှပင် မစားမသောက်ရလေကုန်။

အောင်။ ။ ဆရာ ဒီပြိတ္တာ အသုရာတွေဟာ သိကြားမင်းကို တက်ပြီးစစ်တိုက်ကြတဲ့ အသုရာတွေနဲ့ အတူတူပဲလား။

ကျွန်ုပ်။ ။ မတူပါဘူး။ သိကြားမင်းနဲ့စစ်တိုက်တဲ့ အသုရာတွေက မြင့်မိုရ်တောင်အောက်မှာနေကြပါတယ်။ ဒီနေရာမှာ အသုရာတွင်ပါသည့် "အ" သဒ္ဒါသည် ဆန့်ကျင်ဘက် အနက်ကိုဟောသည်။ တာဝတိံသာနတ်တို့၏ ဆန့်ကျင်ဘက်နတ်များဟု အဓိပ္ပာယ်ရသည်။ ယင်းတို့သည် တာဝတိံသာနတ်မျိုး၌ စာရင်းဝင်၏။

အသုရာနောက်တစ်မျိုးရှိသေးသည်။ ဘုမ္မဇိုးနတ်ကြီးများကို မှီခိုကပ်ရပ်လျက် တန်ခိုးက္ကဒ္ဓိပါဒ်နည်းနဲ့ လှသော နတ်ကလေးများကိုလည်း အသုရာဟူ၍ ခေါ်သည်။ ဤနေရာတွင် "အ" သဒ္ဒါသည် အငယ်သုရာနတ်ဟုဟောသဖြင့် နတ်ငယ်ကလေးများဟု ဆိုလိုသည်။ အခြားအသုရာများလည်း ရှိသေးသည်။ ကျယ်မည်စိုး၍ မပြောတော့ပြီ။

**ကပ် (၃) ပါး**

ကျွန်ုပ်။ ။ ဆက်လက်၍ ကပ် (၃) ပါးအကြောင်း ဆက်လက်ဆွေးနွေး ပါမယ်။ ကပ်ဆိုတာ ပါဠိလို ကပ္ပ၊ မြန်မာလို ကပ်ဟုခေါ်ပါတယ်။ အဓိပ္ပာယ်မှာ ပျက်စီးခြင်း

ဖြစ်ပါတယ်။ ပျက်စီးခြင်းမှာ ကမ္ဘာကြီးတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းသွားအောင် ပျက်စီးခြင်းမျိုးလည်း ရှိ၏။ ကမ္ဘာကြီးက မပျက်စီးသေးဘဲ အကြားအကြား၌ တရားကင်းမဲ့၍ အသေဆိုးသေကြရသော ပျက်စီးခြင်း မျိုးလည်း ရှိပါတယ်။ ဒီနေရာမှာ ကမ္ဘာကြီးမပျက်ခင် အကြား၌ သေခြင်းဆိုးနှင့် သေရခြင်းမျိုးကို ကပ်ဟု ဆိုလိုပါတယ်။ ဘယ်မြို့မှာ၊ ဘယ်ရွာမှာ ကပ်ဆိုက် နေတယ်ဟု ပြောကြရသော ကပ်မျိုးဖြစ်ပါတယ်။

ဒီကပ်ဟာ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် ဟူ၍ သုံးမျိုးရှိပါတယ်။ တုတ်၊ ဓား၊ အမြောက် စတဲ့လက်နက်များဖြင့် သတ်ပုတ်တိုက်ခိုက် ကြပြီး သေဆုံးပျက်စီးရခြင်းမျိုးကို သတ္တန္တရကပ်၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါ၊ ရေကျောက် ရောဂါ၊ အဖျားရောဂါ စသည်တို့ကျရောက်၍ အမြောက် အမြား သေဆုံးရခြင်းမျိုးကို ရောဂန္တရကပ်၊ မြို့နယ် အနှံ့အပြားတို့တွင် အစာရေစာငတ်မွတ်ခေါင်းပါး၍ သေရခြင်းမျိုးကို ဒုဗ္ဘိက္ခန္တရ ကပ်ဆိုက်ခြင်းဟု ဆိုရ မည်ဖြစ်သည်။ ဒီကပ်သုံးပါးမှ လွတ်ကင်းအောင် ဆုတောင်းရခြင်းဖြစ်သည်။ ဒီလိုကပ်အမျိုးမျိုးဆိုက် ခြင်းမှာ (၁၀) နှစ်တမ်းအထိ ကျရောက်သော အခါ မျိုး၌ ဆိုက်တတ်သည်ဟု ကျမ်းဂန်တို့၌ ပြဆိုသော် လည်း အခုအခါကပင် တိုင်းပြည်အချို့တွင် ထိုကပ်မျိုး မကြာမကြာဆိုက်ရောက်တတ်ကြောင်း တွေ့ရှိရ တယ်။

ကပ်ဆိုက်ပုံမှာ သတ္တဝါတို့လောဘတရားကြီးမား လွှမ်းမိုးသောအခါ ဒုဗ္ဘိက္ခန္တရ (ငတ်မွတ်သော) ကပ်၊

သတ္တဝါတို့ ဒေါသတရား ကြီးမားလွှမ်းမိုးသောအခါ သတ္တန္တရ (လက်နက်ဘေး) ကပ်၊ သတ္တဝါတို့ မောဟတရား ကြီးမားလွှမ်းမိုးသောအခါ ရောဂန္တရ (ရောဂါဘေး) ကပ်တို့ ဆိုက်ရောက်တတ်တယ်ဟူ၍ မှတ်ပါ။

စိန်တိုင်ထွန်း

× × × × ×

# ဩကာသကန်တော့ချိုး (၄)

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ၊ ဦးဝေအောင်တို့ထိုင်ကြပါ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ပြီးခဲ့တဲ့အပတ်က အပါယ်လေးပါးနဲ့ ကပ်သုံးပါး အကြောင်း ဆွေးနွေးပြီးပြီနော်။ ဒီတစ်ပတ်တော့ ရပ်ပြစ် ရှစ်ပါးအကြောင်း ဆက်ဆွေးနွေးကြတာပေါ့။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။ ဘယ်လိုအရပ်မျိုးကို ရပ်ပြစ်လို့ခေါ် ပါသလဲဆရာ။

ကျွန်ုပ်။ ။ ရပ်ပြစ်ဆိုတာ မြန်မာလိုတော့ အပြစ်ရှိသောအရပ်ကို ဆိုခြင်းဖြစ်ပါတယ်။ အခွင့်ကောင်းအခါကောင်း မဟုတ်တဲ့ကာလဒေသလို့ အဓိပ္ပာယ်ရပါတယ်။

အပြစ်ဟုဆိုရာမှာ ထူးထူးခြားခြား ဆိုးဆိုးဝါးဝါး အပြစ်မျိုးကို ဆိုတာမဟုတ်ပါဘူး၊ ဘုရားပွင့်တော်မူလာခဲ့ရင် အဲဒီအရပ်မျိုးတွေရောက်နေခဲ့ပါက မဂ်တရား ဖိုလ်တရားတွေရအောင် တရားအားထုတ်ခွင့် မရနိုင်တဲ့အတွက် မဂ်ဖိုကိုရခွင့်မရှိသဖြင့် အပြစ်ရှိသောအရပ်ကို "ရပ်ပြစ်' ဟူ၍ဆိုခြင်းဖြစ်ပါသည်။ ရပ်ပြစ်ရှစ်ပါးရဲ့သရုပ်ကို ကျမ်းဂန်တွေမှာ အမျိုးမျိုး ပြဆိုထားပေမယ့် ဒီနေရာမှာ သုတ်ပါထေယျပါဠိတော်လာ နည်းတစ်မျိုးကိုသာ ဆွေးနွေးပါ့မယ်။

**ရပ်ပြစ် (၈) ပါးအချုပ်**

ဘုရားဖြစ်ခါပါယ် (၃) ရွာနှင့် ဒီဃာယုနတ် ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ ဉာဏ်မရှိသား ဉာဏ်ရှိငြားလည်း ဘုရားမဖြစ် ကျမ်းဂန်လှစ်သည်။ ရပ်ပြစ် (၈) ပါး သရုပ်တည်း။

**အပါယ် (၃) ဘုံ**

ဘုရားဖြစ်ခါပါယ် (၃) ရွာနှင့်ဆိုရာမှာ ဘုရားရှင်ပွင့်ထွန်းတော်မူတဲ့အခါ ငရဲကျနေသူ၊ တိရစ္ဆာန်ဘဝရောက်နေသူ အသူရကာယ်အပါအဝင် ပြိတ္တာဘုံဆိုတဲ့ အပါယ် (၃) ဘုံရောက်နေသူတို့ကို ဆိုခြင်းဖြစ်ပါတယ်။

**အသက်ရှည်သောနတ်**

ဒီဃာယုနတ်-အသက်ရှည်သော နတ်ပြဟ္မာများကို ဒီဃာယုနတ်ဟု ဆိုခြင်းဖြစ်ပါသည်။ (ဒီဃ-ရှည်သော+ အာယု =အသက်) ကိုဆိုလိုပါတယ်။ ဘုရားပွင့်ဆဲအခါ လွန်စွာအသက်ရှည်လှ၍ ဘုရားရှင်ကို မဖူးတွေ့နိုင်သော အသညသတ်ပြဟ္မာများနှင့် အရူပပြဟ္မာများကို ဆိုခြင်းဖြစ်ပါတယ်။ အသညသတ်ပြဟ္မာတွေဟာ ခန္ဓာကိုယ်သာရှိ၍ စိတ်ဝိညာဉ်မရှိသလို အရူပပြဟ္မာတွေကတော့ စိတ်ဝိညာဉ်သာရှိပြီး ခန္ဓာကိုယ်မရှိကြသူတွေ ဖြစ်ကြပါသည်။ ဒါ့ကြောင့် အဲဒီပြဟ္မာတွေဟာ ဘုရားပွင့်နေပေမယ့်လည်း တရားမနာနိုင်ကြပါဘူး။ ၎င်းတို့ဟာ ပြဟ္မာများဖြစ်ကြပေမယ့် တရားနာခွင့် ဆုံးရှုံးနေကြပါတယ်။

**ပစ္စန္တရာဇ်အရပ်တွင်နေကြသူများ**

ဖြစ်လတ်ပစ္စန်-ဘုရားရှင်နှင့်သံဃာတော်များ မရောက်ရှိနိုင်တဲ့အစွန်အဖျားဒေသများ၊ တောတောင်အကြား (ပစ္စန္တရာဇ်သား) လူရိုင်းများကို ဆိုလိုပါတယ်။

**မိစ္ဆာဉာဏ်ရှိသူများ**

မိစ္ဆာဉာဏ်ရှိ-ဘုရားပွင့်ဆဲ သာသနာတော် တည်ဆဲအခါတွေမှာ မိစ္ဆာဒိဋ္ဌိအယူရှိသူများကို ဆိုလို ပါတယ်။ မိစ္ဆာဒိဋ္ဌိဆိုသည်မှာ-မှားယွင်းသော အယူ ရှိသူများကို ဆိုလိုပါတယ်။

အောင်။ ။ ဆရာ မှားယွင်းသောအယူရှိသူများဆိုတာကို ဘယ်လို အယူကို ယူထားသူများဆိုတာကိုလည်း ရှင်းပြပေး ပါဦး ဆရာ။

ကျွန်ုပ်။ ။ ကံ၊ ကံ၏အကျိုးကို မယုံကြည်ကြသူများကို မှားသော အယူရှိသူများ (မိစ္ဆာဒိဋ္ဌိ) များဟူ၍ ဆိုခြင်းဖြစ်ပါ တယ်။ ဒီနေရာမှာ အယူဖြောင့်မှန်ရန် ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတဲ့ ကံကံ၏အကျိုးကို အမှန်သိမြင်ပြီး ပြုလုပ်ရန်လိုအပ်ပါတယ်။ ကံကံ၏အကျိုးကို အမှန် သိမြင်ရေးနှင့်စပ်လျဉ်းပြီး ဖြောင့်မှန်သောအယူဝါဒ ရှိခြင်း၊ ကံကံ၏အကျိုးကို ယုံကြည်ခြင်းဆိုတဲ့ ဒိဋ္ဌိဇုကမ္မ ဖြစ်ဖို့လိုပါတယ်။ ဒိဋ္ဌိဇုကမ္မဖြစ်မှသာ သမ္မာဒိဋ္ဌိဖြစ်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သမ္မာဒိဋ္ဌိဖြစ်ရာဖြစ်ကြောင်း (၁၀) မျိုးကို အောက်ပါအတိုင်း မှတ်သားယုံကြည် ထားဖို့ လိုပါတယ်။

(၁) အတ္ထိဒိန္နံ - အလှူပေးရခြင်း၏အကျိုးကျေးဇူး သည် အမှန်ရှိ၏။

(၂) အတ္ထိယိဋ္ဌံ - ယဇ်ကြီး(အလှူကြီး) ပူဇော်ရခြင်း၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၃) အတ္ထိဟုတံ- ယဇ်ငယ်(အလှူငယ်) ပူဇော်ရခြင်း ၏ အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၄) အတ္ထိသုကတဒုက္ကဋ္ဌာနံကမ္မာနံဖလဝိပါကော
- ကောင်းစွာပြုလုပ်သောကုသိုလ်ကံ မကောင်းသဖြင့်ပြုအပ်သောကုသိုလ်ကံ၊ မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံ၏ အကျိုးဆက်(ဖလ) အကျိုးရင်း (ဝိပါက) သည် အမှန်ရှိ၏။

(၅) အတ္ထိအယံလောကော
- ဤလောကသည် အမှန်ရှိ၏။

(၆) အတ္ထိပရောလောကော
- တမလွန်လောကသည် အမှန်ရှိ၏။

(၇)အတ္ထိမာတာ-
အမိ၌ ကောင်းမွန်စွာပြုခြင်း၊ မကောင်းသဖြင့်ပြုခြင်း အကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၈) အတ္ထိပိတ - အဖ၌ကောင်းစွာပြုခြင်း၊ မကောင်းသဖြင့်ပြုခြင်းအကျိုးကျေးဇူးသည် အမှန်ရှိ၏။

(၉) အတ္ထိသတ္တာဩပပါတိကာ
- ဩပပါတိကသတ္တဝါနတ်ပြဟ္မာတို့သည် အမှန်ရှိကုန်၏။

(၁၀) အတ္ထိလောကေသမဏာဗြဟ္မဏာသမဂ္ဂတာ သမ္မာပဋိပန္နာ
- ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း ထူး

သောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြု
ကာ ဟောကြားကုန်သော ညီညွတ်
သောအကျင့်ရှိကုန်သော သမဏ
ဗြာဟ္မဏတို့သည် လောက၌အမှန်ရှိ
ကုန်၏တို့ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ သမ္မာဒိဋ္ဌိဖြစ်ကြောင်း တရား (၁၀) ပါးတို့နဲ့ ပြည့်စုံမှသာ အယူမှန်သူ သမ္မာဉာဏ်ရှိတဲ့သူဖြစ်ပါတယ်။ ဒီ (၁၀) မျိုးနဲ့ ဆန့်ကျင်ဘက်ဖြစ်မယ်ဆိုရင် မိစ္ဆာဉာဏ်ရှိသူဖြစ်ပါတယ်။ ဒီလိုမိစ္ဆာဉာဏ်ရှိသူဟာ ဘုရားပွင့်သော်လည်း တရားထူးမရနိုင်သူဖြစ်ပါတယ်။ ဒါဆို မိစ္ဆာဉာဏ်ရှိသူ အဓိပ္ပာယ်ကို နားလည်လောက်ပါပြီ။

**ဉာဏ်မရှိသား**

ဉာဏ်မရှိသား-ဘုရားပွင့်ဆဲအခါ တရားကို နားလည်လောက်သောဉာဏ်မရှိသူများ (ဤပြီးခဲ့တဲ့ '၇' မျိုးမှာ ဘုရားပွင့်ဆဲအခါ၌ဖြစ်သူများတည်း)

**ဉာဏ်ရှိငြားလည်း ဘုရားမဖြစ်**

ဉာဏ်ရှိငြားလည်း ဘုရားမဖြစ်-မိစ္ဆာဉာဏ်မရှိ တရားတော် တတ်သိနားလည်လောက်သော ဉာဏ်ရှိသော်ငြားလည်း ဘုရားမပွင့်သောအခါ လူဖြစ်ရသူများ ဖြစ်ပါတယ်။

ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှာ အထူးအထွေရှင်းပြရန်မလို၍ အောက်ဖော်ပြပါအရှိအတိုင်းသာ မှတ်သားပေတော့။

**ရန်သူမျိုးငါးပါး**

ရေ၊ မီး၊ မင်းဆိုး၊ ခိုးသူနဲ့အမွေခံသားဆိုး သမီးဆိုးဖြစ်ပါတယ်။ မချစ်မနှစ်သက်သောသူကို ရန်သူမျိုး ငါးပါး၌ အသွင်းများကြ၍ မိမိကမုန်းနေရုံဖြင့် ရန်သူမဟုတ်နိုင်၊ အမွေခံသားဆိုး သမီးဆိုးသာလျှင် မိဘကို မကြာခဏ ဒုက္ခပေးတတ်၊ စုဆောင်းထားသော ပစ္စည်းများကို သုံးဖြုန်းပစ်တတ်သောကြောင့် ရန်သူအစစ်ဟု မှတ်ယူရမည်။ အမွေခံသားဆိုး သမီးဆိုးတို့ဖြစ်ပါတယ်။

(ဆောင်) - ရေ၊ မီး၊ သူခိုး၊ အမွေဆိုးနှင့် မင်းဆိုးများ ရန်မျိုးငါး မှတ်သားကြပါလေ။

**ဝိပ္ပတ္တိတရားလေးပါး**

- ဖောက်ပြန်ချွတ်ယွင်းပျက်စီးခြင်းကို ဝိပ္ပတ္တိဟု ခေါ်ပါတယ်။

(၁) မင်းဆိုးမင်းညစ်တို့ အုပ်စိုးသောကာလဖြစ်ခြင်း (ကာလဝိပ္ပတ္တိ)

(၂) အပါယ်လေးဘုံ၌ဖြစ်ရခြင်း (ဂတိဝိပ္ပတ္တိ)

(၃) ရုပ်ဆင်းအင်္ဂါ(ဥပဓိရုပ်) ချို့တဲ့ရခြင်း(ဥပဓိဝိပ္ပတ္တိ)

(၄) မှန်ကန်သောကြိုးစားအားထုတ်မှုမရှိခြင်း (ပယောဂဝိပ္ပတ္တိ)

(ဆောင်) ဖောက်ပြန်ချွတ်ယွင်းပျက်စီးခြင်းခေါ်လျှဉ်း ဝိပ္ပတ္တိမင်းစိုးအုပ်ခါပါယ်လေးရွာနှင့် အင်္ဂါချွတ်ယွင်း၊ အားထုတ်ကင်း လေးသင်း မှတ်လေဘိ။

ဗျသနတရားငါးပါး

- ပျက်စီးဆုံးပါးခြင်းကို ဗျသနဟုခေါ်ပါတယ်။

(၁) ဆွေမျိုးများပျက်စီးခြင်း (ဉာတိဗျသန)

(၂) စည်းစိမ်ဥစ္စာပျက်စီးခြင်း (ဘောဂဗျသန)

(၃) အနာရောဂါဖြစ်၍ ပျက်စီးခြင်း (ရောဂဗျသန)

(၄) မှားသောအယူယူသဖြင့် အယူမှန်ပျက်စီးခြင်း (ဒိဋ္ဌိဗျသန)

(၅) ကိုယ်ကျင့်သီလပျက်စီးခြင်း (သီလဗျသန)

စိန်တိုင်ထွန်း

× × × × ×



# ဩကာသကန်တော့ချိုး (၅)

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ၊ ဦးဝေအောင်တို့ထိုင်ကြပါ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ၊ ဆရာနဲ့ကျွန်တော်တို့ဆွေးနွေးရတာ ဘာသာရေးဗဟုသုတတွေလဲရ၊ ကျွန်တော်တို့မသိတာတွေလဲသိရလို့ ကျေးဇူးတင်ပါတယ်ဆရာ။ ဩကာသကန်တော့ချိုးဆွေးနွေးရာမှာ အပါယ်လေးပါးကို ရှင်းပြပြီးပါပြီ။ အပါယ်သို့မကျမီ ရှေးဦးစွာ ယမမင်းအစစ်အဆေးခံရတယ်ဆိုတာ ကျွန်တော်တို့ ကြားဖူးပါတယ်။ အဲဒါလေးလဲ ဆွေးနွေးပေးပါဦးဆရာ။ တိတိကျကျမသိပေမယ့် လူအတော်များများဟာ "ယမမင်း" ဆိုတာကို ကြားဖူးနေကြပါတယ်။ တချို့က ယမမင်းဆိုတာ ရုပ်ဟာလဲ အင်မတန်ဆိုးတယ်။ လူတွေကို ငရဲသို့မရောက်ရောက်အောင် ပို့ပေးနေတဲ့ငရဲသားကြီးလို့ပဲထင်နေကြပါတယ်။

ကျွန်ုပ်။ ။ အမှန်ကတော့ ယမမင်းဆိုတာ စတုမဟာရာဇ်နတ်အမျိုးအစားတွင် ပါဝင်သော ဝေမာနိကပြိတ္တာမင်းကိုပင် ယမမင်းလို့ခေါ်ဆိုနေခြင်းဖြစ်ပါတယ်။ ၎င်းတို့ဟာ တစ်ခါတစ်ရံ နတ်စည်းစိမ်ခံစားရ၍ တစ်ခါတစ်ရံမှာတော့ မကောင်းမှုအကျိုးကို (ရိုးရိုးပြိတ္တာများလို) ခံစားရရှာသေးတယ်လို့ ဆိုပါတယ်။ ယမမင်းဆိုတာ တစ်ယောက်မကများစွာရှိပါတယ်။

လူ့ပြည်မှာ အစိုးရ အမှုထမ်းတွေ ရုံးထိုင်ကြသလို ယမမင်းတွေကလည်း ငရဲဘုံတံခါးလေးဘက်၌ ရုံးထိုင်ကြပြီး ငရဲသို့ရောက်လာသူတွေကို စစ်ဆေးမေးမြန်းကြပါတယ်။ ငရဲသို့ရောက်လာသူတိုင်း စစ်ဆေးမေးမြန်းခံရတာ မဟုတ်ပါဘူး။ အကုသိုလ်ကြီး၍ ပြစ်မှုထင်ရှားသူတွေကတော့ ငရဲသို့ တစ်ခါတည်း ကျရပါတယ်။ အကုသိုလ် နည်းပါးသူတွေအတွက် လွတ်လိုလွတ်ငြား ယမမင်းထံ အစစ်ဆေး အမေးမြန်း ခံကြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ခုလူတွေ ထင်ကြသလို ယမမင်းက ငရဲသို့တွန်းပို့နေခြင်း မဟုတ်ပါဘူး။ အပြစ်ရှာတာမဟုတ်ဘဲ လွတ်သင့်က လွတ်ခွင့်ရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စစ်ဆေးမေးမြန်းကြခြင်းသာဖြစ်ပါတယ်။ ခုအခါ လူ့ပြည်ကအယူခံရုံးတွေလိုပဲဖြစ်ပါတယ်။ ဒါကြောင့် ယမမင်းဆိုတာ ကျွန်တော်တို့ လူတော်တော်များများ နားလည်ထားသလို လူဆိုး နတ်ဆိုးကြီးမဟုတ်ပါ။ တရားစောင့်တဲ့ မင်းကောင်းမင်းမြတ်သာဖြစ်တယ်လို့ မှတ်သားရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ငရဲထိန်းဆိုတာလည်း ရှိသေးတယ်။ သူတို့တွေဟာ စတုမဟာရာဇ်နတ်မျိုးတွင်ပါဝင်တဲ့ နတ်ဘီလူး နတ်ရက္ခိုက်တွေဖြစ်ပါတယ်။ ၎င်းတို့၏ အလုပ်မှာ အနည်းငယ်သောအကုသိုလ်အပြစ်နဲ့ ကျလာတဲ့ လူတွေကို ယမမင်းထံပို့ပေးခြင်းနဲ့ ငရဲသို့ ရောက်ပြီးသူတွေကိုတော့ လူ့ပြည်က လက်မရွံ့ အာဏာသားတွေလို သတ်ပုတ်ရိုက်နှက်ခြင်းတို့ကို

ဆောင်ရွက်ကြရပါတယ်။ ဒီနေရာမှာ ငရဲမီး စတဲ့ ဘေးအန္တရာယ်တွေဟာ ကံကြောင့်ဖြစ်ရတဲ့ ကမ္မပစ္စယဥတုဇရုပ်များ ဖြစ်တဲ့အတွက် ငရဲခံရမယ့်သူတွေသာ ပူလောင်မှုဒဏ်ခံကြရပြီး ငရဲထိန်းတို့မှာ ပူလောင်ခြင်းမရှိကြပါ။

ဒေဝဒူတသုတ်တော်လာ-ယမမင်းစစ်တမ်းကို ဒီနေရာမှာ လိုရင်းအတိုချုပ်၍ တင်ပြပါမယ်။ လူ့ပြည်မှာရှိနေတဲ့ ကလေး, သူအို, သူနာ, သူသေ, အကျဉ်းသမားဆိုတဲ့ ငါးမျိုးကို ယမမင်းစေလွှတ်အပ်တဲ့ တမန်တွေနဲ့တူတဲ့အတွက် ဒေဝဒူတလို့ခေါ်ပါတယ်။ ယမမင်းဟာ မိမိထံမှောက်သို့ရောက်လာကြတဲ့ ငရဲသားတွေကို ဖော်ပြခဲ့တဲ့ ဒေဝဒူတငါးမျိုးကို ဖော်ပြ၍ အောက်ပါ အတိုင်း စစ်ဆေးလေ့ရှိပါတယ်။

**ယမမင်း ။** လူ့ပြည်တုန်းက မိမိရဲ့ကျင်ကြီးကျင်ငယ်ကိုပင် မနိုင်သေး။ ကျင်ကြီးကျင်ငယ်တို့၌ လူးကာလိမ့်ကာနေကြရတဲ့ ကလေးတွေကို မတွေ့ခဲ့ဘူးလား။

**ငရဲသား။** တွေ့ခဲ့ဖူးပါတယ် ဘုရား။

**ယမမင်း ။** မိမိကိုယ်တိုင်နားလည်သောအရွယ်သို့ ရောက်တဲ့အခါ ထိုကလေးတွေကို ကြည့်ရှု၍ ငါသည်ဘာမှနားမလည်ရှာသော ဒီကလေးသူငယ်ဖြစ်ဖို့ရာနောက်အခါပဋိသန္ဓေနေခြင်းသဘောကို မလွန်မြောက်နိုင်ပါသေးတကား။ ယခုကတည်းက ကိုယ်နှုတ်စိတ်များကို စောင့်စည်းလျက် ကောင်းကောင်းကြီးနေမှ တော်တော့မည်ဟူ၍ အကြံအစည်များ မဖြစ်ခဲ့ဘူးလားဟု အလွန်ကြင်နာစွာမေးမြန်းပါတယ်။

**ငရဲသား ။** ကျွန်တော်မေ့လျော့နေတဲ့အတွက် ကုသိုလ်ကောင်းမှု၌ စိတ်မဝင်စားနိုင်ခဲ့ပါ။

**ယမမင်း ။** မောင်မင်း မကောင်းမှုကို ဆွေမျိုးဉာတကာ ဆရာမိဘ စသူတို့က ပြုပေးခဲ့ကြတာမဟုတ်ပါ၊ မောင်မင်းကိုယ်တိုင်ပြုခဲ့တာဖြစ်လို့ မိမိပြုခဲ့တဲ့အပြစ်ဒဏ်ကို မေ့လျော့သူတို့ထုံးစံအတိုင်း မောင်မင်းခံရတော့မည်။ ဒီနည်းအတိုင်း သူအိုကိုညွှန်ပြ၍ ဒုတိယအကြိမ်၊ သူနာကိုညွှန်ပြ၍ တတိယအကြိမ်၊ သူသေကိုညွှန်ပြ၍ စတုတ္ထအကြိမ်၊ အကျဉ်းသားကို ညွှန်ပြ၍ ပဉ္စမအကြိမ် (၅) ကြိမ်တိုင်မေးလို့မှ ကုသိုလ်ကောင်းမှုပြုမပြု သတိမရသေးရင် ယမမင်းကိုယ်တိုင် ထိုသူကုသိုလ်ကောင်းမှုပြုစဉ်က မိမိအား အမျှဝေဖူးသလားဟု စဉ်းစား၍ရလျှင် ထိုကုသိုလ်ကို ဖော်ပြခြင်း၊ ယမမင်းကဖော်ပြခြင်းကြောင့်ဖြစ်စေ၊ မိမိဘာသာ သတိရ၍ ဖြစ်စေ ကုသိုလ်သတိရတာနဲ့ တစ်ပြိုင်နက် ငရဲမှ လွတ်မြောက်၍ နတ်ပြည်သို့ရောက်ကြသူတွေလည်း အများပင်ရှိခဲ့ကြပါတယ်။ ထိုနေရာမျိုးကျမှ မိမိရဲ့ကုသိုလ်ကိုသာအားထားရကြောင်း ထင်ရှားလှပါတယ်။ ယမမင်းကိုယ်တိုင် စဉ်းစား၍မရရင်တော့ ယမမင်းက ဆိတ်ဆိတ်သာနေပါတော့တယ်။ ထိုအခါ ငရဲသားတွေကို ငရဲထိန်းတို့က ယူဆောင်ကာ အမျိုးမျိုးနှိပ်စက် ကြပါတော့တယ်။ ဖော်ပြခဲ့တဲ့အချက်တွေကို ထောက်ထားပြီး ယခုအခါ ကုသိုလ်ပြုတဲ့အခါ ယမမင်းအား အမျှဝေပေးကြခြင်းဖြစ်ပါတယ်။

စာရေးသူငယ်စဉ် ဘုန်းကြီးကျောင်းသား ဘဝတုန်းက ရေးသူအမည်မသိတဲ့ ယမမင်းစစ်တမ်း

အချို့ကို ဖတ်ဖူးပါတယ်။ ထိုစစ်တမ်းထဲမှ ဥပုသ် စောင့်သုံးတာနဲ့ ပတ်သက်၍ မေးမြန်းချက်များကို နမူနာအဖြစ် တင်ပြပါတယ်။

**ယမမင်း။** အမောင်ယောက်ျား သင်တို့ လူ့ပြည်တွင် ဥပုသ်နေ့တွေမှာ သီတင်းသီလစောင့်သုံးကြ၏ သင် လည်း ဥပုသ်များ စောင့်သုံးဖူးသလား။

**ငရဲသား။** ဟုတ်ကဲ့၊ ဥပုသ်စောင့်ဖူးပါတယ်။

**ယမမင်း။** အေး စောင့်ဖူးရင် ကောင်းပါတယ်။ ဒီလို ဥပုသ်စောင့်တဲ့အခါ သင်ရဲ့ဥပုသ်သီလမကျိုးမပေါက် မပြောက်အောင် စောင့်ခဲ့ပါသလား။

**ငရဲသား။** ဟုတ်ကဲ့ အဲဒီလိုစောင့်ရမယ်ဆိုတာ ကျုပ် နားမလည်ခဲ့ပါဘူး။ ကြွက်ကြွက်ညံအောင် စကားပြော ခဲ့ကြတာပဲ မှတ်မိပါတော့တယ်။

**ယမမင်း။** အေး လူစုံတဲ့အခါ စကားတော့ပြောဖြစ် ကြတာပါပဲ။ ကျောင်းကန်ဘုရားမှာ ဥပုသ်စောင့်နေ ကြတာဆိုတော့ တရားနဲ့စပ် ဘုရားနဲ့စပ်တဲ့စကားတွေ ကို ပြောခဲ့ကြတာလား။

**ငရဲသား။** စကားပြောတာကတော့ စုံလို့ပါပဲ။ ဘုရား တရားနဲ့စပ်တဲ့စကားတော့ မပြောဖြစ်ခဲ့ပါဘူး။ လယ် ယာ ကျွဲ နွား သားမယား သူပုန်အကြောင်းစုံပါပဲ ခင်ဗျာ။ နေဝင်လို့ အိမ်သာပြန်လာခဲ့ရတယ်။ ပြောတဲ့ စကားတွေကတော့ မပြီးသေးပါဘူး။ နောက်ဥပုသ်ကြ မှ ဆက်ပြောကြတာပေါ့ဆိုပြီး စကားဖြတ်ခဲ့ရတယ်။

ဒီအခါ ယမမင်းကြီးက ပြုံးစိစိလုပ်ပြီး "မင်းတို့ စောင့်တဲ့ ဥပုသ်ဟာ ထမင်းဆာတာ နှမြောဖို့ ကောင်း သကွာ" လို့ ပြောလိုက်ပါတယ်။

အလားတူ အခြားကုသိုလ်ကောင်းမှုတွေ ပြုရာမှာ မတော်မတဲ့ဖြေခဲ့ပုံတွေကိုလည်း အများအပြားတွေ့ရပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်များ ကုသိုလ်ကောင်းမှုပြုရာတွင် သတိရှေ့ထား၍ ပြုနိုင်ပါစေဟု ဆန္ဒပြုလိုက်ရပေသတည်း။

စိန်တိုင်ထွန်း

× × × × ×

# ဩကာသကန်တော့ချိုး (၆)

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ၊ ဦးဝေအောင်တို့ထိုင်ကြပါ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ၊ ဒီတစ်ပတ်မှာ ဩကာသကန်တော့ချိုး နောက်ဆုံးအပိုင်းဖြစ်လို့ အရေးကြီးဆုံးလို့ ကျွန်တော်ယူဆပါတယ်။ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေဟာ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေ အတွက် သိရှိနားလည်ဖို့ အလိုအပ်ဆုံးလို့ သဘောပေါက်ထားပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အသိချင်ဆုံးသောအရာဖြစ်လို့ တတ်နိုင်သလောက် ရှင်းပြပေးပါဆရာ။

ကျုပ်။ ။ ဟုတ်ကဲ့ပါ။ ဒီမဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားဆိုတာတွေကို ကျွန်တော်တို့ဟာ စာတွေ့အရသာသိရတာဖြစ်ပါတယ်။ ကိုယ်တိုင်ခံစားသိမြင်ပြီးမှ ရှင်းပြရတာမျိုးမဟုတ်လို့ ခင်ဗျားတို့ ကျေလည်ချင်မှ ကျေလည်မှာပါ။

ဗုဒ္ဓဘာသာဝင်တွေထဲမှာ အချို့က နိဗ္ဗာန်ကို မလိုချင်ပါဘူး။ နတ်ပြည်လောက်ရရင် တော်ပါပြီလို့ ပြောဆိုသံကို ကျွန်တော်ကိုယ်တိုင် နားနဲ့စပ်စပ်ကြားရဖူးပါတယ်။ သူတို့အမြင်အရ နိဗ္ဗာန်မှာ ရုပ်လည်းမရှိ၊ နာမ်လည်းမရှိ သင်္ခါရသဘောပဲရှိတယ်ဆိုတာကို သဘောမကျကြပါဘူး။

မြတ်စွာဘုရား တရားတော်ဟာအစမ်းသပ်ခံ အစစ်ဆေးခံနိုင်ပါတယ်။ တရားဂုဏ်တော် (၆) ပါးမှာ ဧဟိပဿိကဂုဏ်ဆိုတာ ရှိပါတယ်။ လာလှည့် ရှုလှည့် ပါ။ လက်တွေ့လုပ်ကြည့်ပါ။ တရားတော်ရဲ့အရသာကို မှုချမသွေခံစားရမှာကို ပြထားပေမယ့် ကိုယ်တိုင်ကြိုး စား အားထုတ်ပြီး တရားတော်ရဲ့အရသာကို ခံစား ခြင်း မပြုဘဲ စာတွေ့အရလေးကြည့်ပြီး နိဗ္ဗာန်မလို ချင်ဘူး ပြောကြတဲ့သူတွေကို ဘယ်လိုပြောရမလဲ။

တချို့ဆိုရင်လည်း ဗုဒ္ဓဘာသာဟာ ဘာမှမသိတဲ့ အဝိဇ္ဇာလို့ခေါ်တဲ့ မောဟကစပြီး ရုပ်တရား၊ နာမ် တရား ဘာမှမရှိဘူးဆိုတဲ့ နိဗ္ဗာန်မှာ အဆုံးသတ်ထား တာ ဘာအဓိပ္ပာယ်ရှိမှာလဲ၊ မသိတာကစပြီး မရှိတာ မှာဆုံးလို့ ယုံချင်စရာမကောင်းဘူးလို့ အမျိုးမျိုးပြော ကြဆိုကြပါတယ်။ ဒါတွေဟာ ဗုဒ္ဓရဲ့အနှစ်သာရတွေကို တကယ်လက်တွေ့ မလေ့လာဘဲနဲ့ မှန်းတုပ်ရမ်းတုပ် နေကြသူတွေသာဖြစ်တယ်။ နိဗ္ဗာန်မဂ်ဖိုလ်အရသာကို တကယ့်လက်တွေ့လုပ်ကြည့်ပါ။ အမှန်တကယ်အရ သာ ခံစားနိုင်မှာ အသေအချာဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေရဲ့ လွတ်မြောက်ရေးဖြစ်တဲ့ မဂ် ဖိုလ်၊ နိဗ္ဗာန်တို့အကြောင်း အကျဉ်းမျှတင်ပြပါမယ်။

အောင်။ ။ ဟုတ်ကဲ့ပါ ဆရာ။

ကျွန်ုပ်။ ။ မဂ်တရားဆိုတာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုတဲ့ မဂ် (၄) ပါးရှိတဲ့ ဉာဏ်ကိုဆိုတာဖြစ်တယ်။ အလားတူ ဖိုလ်တရားဆို တာလည်း သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊

အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်ဆိုတဲ့ ဖိုလ် (၄) ပါးမှာရှိတဲ့ ဉာဏ်ကို ဆိုလိုတာဖြစ်ပါတယ်။
ဒီနေရာမှာ မဂ်ကကိလေသာတို့ကို ပယ်ပုံကို နားလည်သလောက် ရှင်းပြပါမယ်။ ကိလေသာကို ပယ်ရာမှာ လောကီကုသိုလ်တွေကလည်း ပယ်နိုင်ပါတယ်။ ဒါပေမယ့် လောကီကုသိုလ်တွေရဲ့ ပယ်မှုဟာ တဒင်္ဂမျှသာဖြစ်ပါတယ်။ ၎င်းလောကီကုသိုလ်တွေရဲ့ပယ်မှုဟာ အနုသယခေါ် ကိန်းအောင်းနေတဲ့ အငုပ်ဓာတ်ကို အသေမသတ်နိုင်သဖြင့် နောက်ထပ်ပြန်ပေါ်လာရစမြဲ ဖြစ်ပါတယ်။ မဂ်၏ပယ်ခြင်းမှာမူ အနုသယခေါ် အငုပ်ဓာတ်ကိုပင် အပြုတ်သတ်နိုင်၍ တကယ်စင်ကြယ်သော တရားဖြစ်ပါတယ်။

ဒီနေရာမှာ အနုသယအကြောင်း အနည်းငယ်ရှင်းပြပါမယ်။ ကိလေသာတရားတွေမှာ ဝီတိက္ကမ=ကျူးလွန်ခြင်းအဆင့်၊ ပရိယုဋ္ဌာန=ထကြွသောင်းကျန်းသည့်အဆင့်၊ အနုသယ=ကိန်းဝပ်နေသည့်အဆင့်ဟူ၍ အဆင့် (၃) ဆင့်ရှိရာတွင် အနုသယအဆင့်ကို ပယ်နိုင်မှ လုံးဝပယ်သည်ဟု ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် မဂ်စိတ်ဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိလေသာနှစ်ပါးကို အကြွင်းမရှိ အနုသယအဆင့်အထိ ပယ်လိုက်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။

မဂ်ကုသိုလ်မှတစ်ပါးဖြစ်တဲ့ အခြားကုသိုလ်တွေဟာ ဖြစ်ပြီးနောက် တစ်ခါတည်း အကျိုးပေးခြင်းမျိုး မရှိပါ။ ချက်ချင်းအကျိုးပေးတဲ့ ဒိဋ္ဌဓမ္မကံမျိုးမှာပင် နှစ်၊ လ၊ ရက်၊ နာရီ၊ မိနစ် ကွာခြားဆိုင်းငံ့ပြီးမှ

အကျိုးပေးတတ်ပါတယ်။ ဤမဂ်စိတ်မှာမူ မိမိမဂ်စိတ်ဖြစ်ပြီးလျှင်ပြီးခြင်း ကာလမခြားဘဲ အကျိုးပေးတတ်ပါတယ်။ ဤသည်မှာ ထူးခြားတဲ့ဂုဏ်တစ်ရပ်ဖြစ်ပါတယ်။ ထို့ကြောင့်ပင် ကိလေသာပယ်သတ်ရေးတွင် မဂ်သည် တစ်ခါတည်း တစ်ကြိမ်တည်းဖြင့် အပြီးသတ် အကြွင်းမဲ့ ပယ်နိုင်ခြင်းဖြစ်ပါတယ်။

မဂ်ပယ်ခြင်းကြောင့် ဖြစ်လာရတဲ့ အငြိမ်းဓာတ် အရသာကို ဖိုလ်က ခံစားရပါတယ်။ အကြောင်းကောင်းလျှင် အကျိုးလည်းကောင်းစမြဲဖြစ်ရာ အကြောင်းမဂ်ကို ချီးမွမ်းလျှင် အကျိုးဖိုလ်ကိုလည်း အဝိနာဘာဝနည်း (မကင်းတဲ့နည်း) ဖြင့် ချီးမွမ်းပြီး ဖြစ်တော့သည်ဟု မှတ်ယူရမှာဖြစ်ပါတယ်။

ဒီလိုမဂ်ရဲ့ အရှိန်အဝါရှိမှုကြောင့် မဂ်ပုဂ္ဂိုလ်ကို ကမ္ဘာကို ဟန့်တားနိုင်တဲ့ပုဂ္ဂိုလ်ဟုပင် ခေါ်ကြပါတယ်။ မိမိ၏အခြားမဲ့၌ ဧကန်ပုံသေအကျိုးကို ပေးတတ်သောကြောင့် မဂ်ဖြစ်လာသောအခါ ဖိုလ်ဖြစ်မလာရန် တားမြစ်နိုင်သောပုဂ္ဂိုလ် တစ်စုံတစ်ရာမရှိနိုင်ပေ။ ထို့ကြောင့်မဂ်ပုဂ္ဂိုလ်ကို ၎င်းတကပ္ပ်=တည်နေသော ကမ္ဘာရှိသောပုဂ္ဂိုလ်၊ ပျက်တော့မည့်ကမ္ဘာကိုပင် မပျက်သေးအောင် တန့်ရပ်ထားနိုင်သော ပုဂ္ဂိုလ်ဟု ဟောထားတော်မူပါတယ်။

တရားရှုမှတ်နေသောပုဂ္ဂိုလ်သည် မဂ်သို့အဆိုက် ကမ္ဘာကလည်း လောင်ကျွမ်းပျက်စီးနေချိန်ရောက်နေလျှင် ဖိုလ်မရောက်သေးခင်က ကမ္ဘာမပျက်သေးဘဲ ဆိုင်းငံ့နေရခြင်းကို ဆိုခြင်းဖြစ်ပါတယ်။ လုံးလုံးကမ္ဘာ

မပျက်အောင် တားထားနိုင်ခြင်းမျိုးကား မဟုတ်ပါ။ အမှန်ကတော့ သာသနာတော်ရှိနေစဉ် ကမ္ဘာပျက်သည်ဟူ၍လည်း မရှိပါ။ ဒါပေမယ့် ဒီအဖြစ်မျိုး ဖြစ်ခဲ့သော် မဂ်ပုဂ္ဂိုလ်မှာ အန္တရာယ်မဖြစ်နိုင်ဟု အန္တရာယ်မရှိသည်၏အဖြစ်ကိုပြလို၍ ဋီကာပွဲဟု ဟောခြင်းဖြစ်ပါတယ်။ အချုပ်မှတ်ရန် ဖိုလ်အကျိုးကို ပေးရာမှာ ကာလမခြားဘဲ တစ်ဆက်တည်းအကျိုးကို ပေးနိုင်ခြင်းကို ဆိုတာဖြစ်ပါတယ်။

မဂ်သည် ချက်ချင်းအကျိုးပေးမြဲဖြစ်ရာ မဂ်ပြီးလျှင် ဖိုလ်နှစ်ကြိမ် သုံးကြိမ်ဆက်ဖြစ်ရပါတယ်။ ထိုဖိုလ်မှစ၍ သောတာပတ္တိဖလ=သောတာပတ္တိဖိုလ်၌တည်သော ပုဂ္ဂိုလ်ဟုဆိုရပြီး ဖိုလ်ပုဂ္ဂိုလ်ကိုပင် သောတာပန်ဟု ခေါ်ခြင်းဖြစ်ပါတယ်။ မဂ်ခဏသည် မပြောပလောက်သော အခိုက်အတန့်မျှသာဖြစ်၍ ဖိုလ်နှင့်ပေါင်းကာ ပုဂ္ဂိုလ်တစ်ဦးတည်းဆိုရင် မဖြစ်နိုင်ဘူးလားဟု မေးရန်ရှိပါတယ်။ မဂ်သည် ခဏမျှဖြစ်ပေမယ့် ထိုခဏအတွင်းဖြစ်ရသော မဂ်အာနုဘော်ကား အလွန်ကြီးမားလှပါတယ်။

ဒါ့အပြင် မဂ်နှင့်ဖိုလ်ကား အခြေအနေမတူခြားနားကွဲပြားချက်ရှိပါတယ်။ မဂ်က ကိလေသာကို ပယ်နိုင်သောသတ္တိမျိုး ဖိုလ်၌မရှိ မဂ်က ကိလေသာကို ပယ် လိုက်သဖြင့် ထိုကိလေသာတွေ ငြိမ်းအေးမှု (နိဗ္ဗာန်) အရသာခံစားရမှုတွေကို ဖိုလ်ကဆက်၍ သိမ်းပိုက်ခြင်းသာဖြစ်ပါတယ်။ လောက၌ ကောင်းကျိုးပြုခိုက် ကောင်းမှုပြုသူဖြစ်၍ နောင်အကျိုးခံစားရသူ အဖြစ် အကြောင်းအကျိုးအရ ပုဂ္ဂိုလ်တစ်ဦးစီကွဲပြား

သလို ဤတွင်လည်း အကြောင်းမဂ်နှင့်အကျိုး ဖိုလ်အရ ပုဂ္ဂိုလ်ကွဲရခြင်းတို့ဖြစ်ပါတယ်။

**သောတာပတ္တိမဂ်ပုဂ္ဂိုလ်**

သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် စိတ် ဖြစ်ပေါ်နေခိုက်မျှသာဖြစ်ပါတယ်။ ထိုမဂ်စိတ် ဖြစ်ပေါ်နေချိန်တွင်ဒိဋ္ဌိကိလေသာနှင့်ဝိစိကိစ္ဆာကိလေ သာတို့ကို အကြွင်းမဲ့ပယ်လိုက်ပါတယ်။ ကျန်ကိလေ သာများကိုမူကား အကြွင်းမဲ့ပယ်နိုင်စွမ်းမရှိသေးပါ။ အပါယ်သို့ရောက်စေနိုင်သော စွမ်းရည်ကိုသာ ပယ် လိုက်နိုင်ပါသေးတယ်။

**သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်(သောတာပန်ပုဂ္ဂိုလ်)**

သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ဆိုသည်မှာ သောတာ ပတ္တိမဂ်စိတ်ဖြစ်ပြီး၍ သကဒါဂါမိမဂ်ဖြစ်အံ့ဆဲဆဲ အချိန်အထိ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် သောတာ ပတ္တိမဂ်စိတ်ဖြစ်စဉ်က အပါယ်သို့ကျစေနိုင်သော စွမ်း ရည်များကို ပယ်ခဲ့ပြီးဖြစ်သောကြောင့် အပါယ်သို့ မကျနိုင်တော့ပြီဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် ကာမ ဘုံတွင် အများဆုံး (၇) ဘဝ ဖြစ်နိုင်သေး၍ ဗြဟ္မာ ဘုံ၌မူ ဘဝပေါင်းများစွာ ဖြစ်နိုင်ပါသေးတယ်။ သော တာပန် (၃) မျိုးရှိကြောင်း အကျဉ်းမှတ်ထားပါ။

**သောတာပန်ပုဂ္ဂိုလ် (၃) မျိုး**

(၁) **ဧကဗီဇသောတာပန်**-သောတာပန်ဖြစ်ပြီး နောက် ဒုတိယဘဝ၌ ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံလတ္တံ့ သော သောတာပန်ဖြစ်ပါတယ်။ ပဋိသန္ဓေမျိုးစေ့ နောက်ထပ်တစ်ကြိမ်သာရှိသော သောတာပန်ဟု ဆိုလိုသည်။

(၂) **ကောလံကောလသောတာပန်**-သောတာပန် ဖြစ်ပြီးနောက် (၂) (၃) (၄) (၅) (၆) ဘဝဖြစ်ပြီးမှ ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံလတ္တံ့သော သောတာပန် ဖြစ်ပါတယ်။ တင့်တယ်ကောင်းမြတ်သော ကာမ သုဂတိ အမျိုး၌ဖြစ်၍ တင့်တယ်ကောင်းမြတ်သော ထိုအမျိုး၌ဖြစ်သော (အမျိုးကောင်း၌ဖြစ်သော) သောတာပန် ဟုဆိုလိုပါသည်။ နှစ်ဘဝမှ ခြောက်ဘဝ အထိ ကာမသုဂတိဘုံ၌ဖြစ်သော သောတာပန်ဟု ဆိုလိုသည်။ (မဟာသုတဒီပနီကျမ်းစာ-၃၈၀)

(၃) **သတ္တက္ခတ္တုပရမသောတာပန်**-သောတာပန် ဖြစ်ပြီးနောက် နှစ်ဘဝဆက်ဖြစ်ပြီးနောက် ရဟန္တာ အဖြစ် ပရိနိဗ္ဗာန်စံလတ္တံ့သော သောတာပန် နောက် ထပ် ပဋိသန္ဓေ (၇) ကြိမ် အတိုင်းအရှည်ရှိသော သောတာပန်ဟု ဆိုလိုပါသည်။

**သကဒါဂါမိမဂ်**

သကဒါဂါမိမဂ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်စိတ် ဖြစ်ပေါ်နေခိုက်သာဖြစ်ပါတယ်။ ထိုမဂ်စိတ် ဖြစ်ပေါ် နေချိန်တွင် သောတာပတ္တိမဂ် ပယ်ခဲ့စဉ်က ကြွင်းကျန် ရစ်သော ကိလေသာများကို အားနည်းရုံ (ဝါ) ခေါင်း ပါးရုံသာ ထပ်မံ၍ပယ်နိုင်ပါတယ်။ အကြွင်းမဲ့ ပယ် နိုင်သော ကိလေသာဟူ၍ သီးခြားမရှိပါ။

**သကဒါဂါမိဖိုလ်(သကဒါဂါမ်ပုဂ္ဂိုလ်)**

သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ် စိတ်ဖြစ်ပြီး၍ အနာဂါမိမဂ်စိတ် ဖြစ်အံ့ဆဲဆဲအချိန် အထိ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် ကာမဘုံ၌တစ်ကြိမ် သာ ဖြစ်ခွင့်ရှိ၍ ဗြဟ္မာဘုံတွင်မူကား အကြိမ်များစွာ ဖြစ်ခွင့်ရှိပါတယ်။

**အနာဂါမိမဂ်ပုဂ္ဂိုလ်**

အနာဂါမိမဂ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ်ဖြစ်ပေါ်နေခိုက်မျှသာဖြစ်ပါတယ်။ အနာဂါမိမဂ်စိတ်သည် ကာမဂုဏ်တို့၌စွဲလန်းသော ကာမရာဂနှင့် စိတ်ဆိုးစိတ်ညစ်ဖြစ်သော ဒေါသမူစိတ်များကို အကြွင်းမဲ့ပယ်ပါတယ်။

**အနာဂါမိဖိုလ်ပုဂ္ဂိုလ် (အနာဂါမ်ပုဂ္ဂိုလ်)**

အနာဂါမိဖိုလ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ်ဖြစ်ပြီး အရဟတ္တမဂ်စိတ်ဖြစ်အံ့ဆဲဆဲအချိန်အထိ ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ကာမဘုံတို့၌ စွဲလန်းသော ကာမရာဂစိတ်များကို အနာဂါမိမဂ်စိတ်ဖြစ်စဉ်က အကြွင်းမဲ့ပယ်ခဲ့တဲ့အတွက် ကာမဘုံ၌ထပ်၍ ပဋိသန္ဓေ နေနိုင်ခွင့်မရှိတော့ပေ။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်များသေလျှင် ဗြဟ္မာဘုံ၌သာဖြစ်ရပါတော့တယ်။ ရူပရာဂနှင့် အရူပရာဂများကို မပယ်နိုင်သေးတဲ့အတွက် ရူပ၊ အရူပဘုံ တို့မှာ ပဋိသန္ဓေနေရပါတော့တယ်။

**အရဟတ္တမဂ်ပုဂ္ဂိုလ်**

အရဟတ္တမဂ်ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြစ်ပေါ်နေခိုက်တွင်သာဖြစ်ပါတယ်။ အရဟတ္တမဂ်စိတ်သည် အနာဂါမိမဂ်ပယ်စဉ်က ကြွင်းကျန်ရစ်ခဲ့သော ကိလေသာများကို အကြွင်းအကျန်မရှိအောင် ပယ်လိုက်ပါတယ်။

**အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာပုဂ္ဂိုလ်)**

အရဟတ္တဖိုလ်ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြစ်ပြီး၍ ပရိနိဗ္ဗာန်စံသည့်အထိ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည်

တစ်စုံတစ်ခုသော ဘုံ၌ာနှ၌ ပဋိသန္ဓေနေနိုင်ခွင့်မရှိတော့ပေ။ အဘယ့်ကြောင့်ဆိုသော် အရဟတ္တမဂ်စိတ်ဖြစ်စဉ်က ပဋိသန္ဓေ၏အခြေခံဖြစ်သော ကိလေသာမှန်သမျှ အကုန်စင်အောင် ပယ်ခဲ့ပြီးဖြစ်သောကြောင့်ပင်ဖြစ်သည်။

**အဂ္ဂဒက္ခိဏေယျာ (အမြတ်ဆုံးအလှူခံပုဂ္ဂိုလ်)**

အမှိုက်သရိုက်ကင်းရှင်း၍ သန့်ရှင်းတဲ့ လယ်မြေဟာ ၎င်းအပေါ်စိုက်ပျိုးကြဲချလိုက်တဲ့ မျိုးစေ့မှန်သမျှတွေကို ထွားကျိုင်းသန်မာပြီး များစွာသောအပင်အသီးတွေကို ပွားများစေသလို ဒီနည်းအတူ ကိလေသာ အညစ်အကြေးကင်းသဖြင့် သန့်ရှင်းစင်ကြယ်သော စိတ်အစဉ်ရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်ရာ၌ အကျိုးများစွာရစေနိုင်တဲ့အတွက် အလှူခံပုဂ္ဂိုလ်တို့တွင် "အမြတ်ဆုံးအလှူခံ" ပုဂ္ဂိုလ်ဖြစ်တယ်လို့မှတ်ယူရမှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့တစ်တွေသည် ပရိယတ္တိရော ပဋိပတ္တိပါ ထွန်းလင်းနေသော မြန်မာပြည်မှာ ကံကောင်းထောက်မ၍ လူဖြစ်လာကြရာ ဘုရားသာသနာတော်၌တွေ့ခိုက် အပါယ်မလားရအောင် အနည်းဆုံး သောတာပန်အဆင့်ရောက်ရှိသည်အထိ ကြိုးပမ်းကြပါရန် တိုက်တွန်းလိုက်ရပါတယ်။

စိန်တိုင်ထွန်း

× × × × ×



## ဩကာသကန်တော့ချိုး (၇)

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။
အောင် ။ ဟုတ်ကဲ့ပါဆရာ။
ကျွန်ုပ် ။ မဂ်တရား၊ ဖိုလ်တရားအကြောင်း ဆွေးနွေးပြီးနောက် နိဗ္ဗာန်အကြောင်းဆက်၍ ဆွေးနွေးကြတာပေါ့။
အောင် ။ ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်တို့စိတ်ဝင်တစား နားထောင်နေပါတယ်။
ကျွန်ုပ် ။ နိဗ္ဗာန်ကတော့ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တွေရဲ့ အန္တိမ ရည်မှန်းချက်ဖြစ်တာမို့ လေ့လာထားသလောက်နား လည်သလို ရှင်းပြပါမယ်။
အောင် ။ ဟုတ်ကဲ့ပါဆရာ။
ကျွန်ုပ် ။ ဝါ နတော နိက္ခန္တန္တိနိဗ္ဗာနံဆိုတဲ့ ဝစနတ္ထအရ ဝါနတော- တဏှာမှ နိက္ခန္တံ ထွက်မြောက်သောတရားတည်း။ နိဗ္ဗာနံ- တဏှာမှထွက်မြောက်သောတရားဟူ၍ အဓိပ္ပာယ်ရပါတယ်။ လောကီတရားလိုတဏှာရဲ့ အာရုံပြုကိုမခံတော့ဘဲ တဏှာရဲ့စက်ကွင်းမှ လွတ်ကင်းမှုကို "တဏှာမှ ထွက်မြောက်ခြင်း" လို့ဆိုလိုပါတယ်။

ဒီနေရာမှာ တဏှာအကြောင်း အနည်းငယ် ရှင်းပြပါမယ်။ ဝါနကို တဏှာလို့ခေါ်ပါတယ်။ ဝါနဆိုတာ ဆက်သွယ်ပေးသောတရားလို့ အဓိပ္ပာယ်ရပါတယ်။ အပ်ချုပ်သမားတစ်ယောက်ဟာ အထည်စ

တစ်စကို ဆက်သွယ်ချုပ်ပေးသလို တဏှာကလည်း ယခုပစ္စုပ္ပန် ဘဝနဲ့အနာဂတ်ဘဝကို ဆက်သွယ်ပေးပါတယ်။ ဒါကြောင့် တဏှာမကုန်သေးသမျှ ဘဝသံသရာမှ မလွတ်မြောက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တဏှာမှလွတ်မြောက်ပြီး နိဗ္ဗာန်ကိုရရှိအောင် ကြိုးစားကြရမှာဖြစ်ပါတယ်။

(နိဝါပုဒ်မှ "ဝ" ကို ဒွေးကော် "ဝ" နှစ်လုံးပြုး၊ ၎င်း "ဝ" ကို "ဗ္ဗ" နှစ်လုံးပြုး၍ "နိဗ္ဗာန" ဟု ရေးကြပါတယ်။ သက္ကတဘာသာ၌ "နိရ်ဝါဏ" ဟုရှိသောကြောင့် "နိမ္ဗာဏ" ဟူ၍လည်း ရေးကြပါတယ်။

**နိဗ္ဗာန် (၂) မျိုး**

နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ (၂) မျိုးရှိပါတယ်။ သဉပါဒိသေသနိဗ္ဗာန်ဟူသည်မှာ မဂ်ဖြင့် ကိလေသာတွေကိုပယ်ပြီးတဲ့ခါမှာ ခန္ဓာအစဉ်တွင် ကိလေသာတွေကုန်သွားပေမယ့် ဖြစ်မြဲတိုင်းသာ ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ် ကြွင်းကျန်နေပါသေးတယ်။ ထိုကိလေသာတို့မှ ကြွင်းကျန်ရစ်တဲ့ ထိုဝိပါက်ကမ္မရုပ်ဖြင့် မှတ်အပ်တဲ့နိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါတယ်။ ဝိပါက်နာမက္ခန္ဓာကမ္မဇရုပ်မချုပ်သေးခင် (ပရိနိဗ္ဗာန်မစံခင်) အာရုံပြုအပ်တဲ့နိဗ္ဗာန်ကို ဆိုလိုပါတယ်။ အနုပါဒိသေသနိဗ္ဗာန်ဟူသည်မှာ ကိလေသာတို့မှ ကြွင်းကျန်ရစ်သော ဝိပါက်ကမ္မဇရုပ်များမရှိသော နိဗ္ဗာန်ကိုခေါ်ပါတယ်။ ဝိပါက်နာမ်ခန္ဓာကမ္မဇရုပ် ချုပ်ပြီးနောက် (-ပရိနိဗ္ဗာန်စံသည့်အခါ) ရအပ်သော နိဗ္ဗာန်ကို ဆိုလိုပါတယ်။

**တစ်နည်း နိဗ္ဗာန်(၃) မျိုး**

သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်နှင့် အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ နိဗ္ဗာန်(၃) မျိုးရှိပါတယ်။ သုညတနိဗ္ဗာန်ဆိုသည်မှာ သုည၏သဘောမှာ သုဉ်းခြင်း၊ ကင်းခြင်း၊ မရှိခြင်းဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ နိဗ္ဗာန်မှာလည်း ရာဂ၊ ဒေါသ၊ မောဟနဲ့တကွ ရုပ်နာမ်အားလုံးသုဉ်းနေပုံ ကင်းဆိတ်နေပုံ အခြင်းအရာ အာကာရကို စွဲမှတ်၍ သုညတနိဗ္ဗာန် လို့ခေါ်ဆိုရခြင်းဖြစ်ပါတယ်။ အနိမိတ္တနိဗ္ဗာန်-နိမိတ္တသဒ္ဒါသည် အရှည်၊ အတို၊ အလုံးအခဲစတဲ့ပုံသဏ္ဌာန်အနက်ကို ဟောပါတယ်။ ရုပ်ခန္ဓာသည် ရုပ်ကလာပ်နှင့်ပေါင်းစု ထွေးခဲလျက် ပုံသဏ္ဌာန်အမျိုးမျိုး ပေါ်ထွက်နေပါတယ်။ နာမ်ခန္ဓာသည်လည်း သာမန်ဉာဏ်ဖြင့် မသိမြင်စေကာမူ ဘုရားရှင်တို့ရဲ့ ဉာဏ်မျိုးမှာ ပုံသဏ္ဌာန်မဟုတ်ပေမယ့် ပုံသဏ္ဌာန်လိုပင် ထင်မှားစရာရှိ၏။ နိဗ္ဗာန်တွင်ကား ထိုကဲ့သို့ပုံသဏ္ဌာန်မျိုး မရှိချေ။ ဒီလိုပုံသဏ္ဌာန်မရှိပုံ အခြင်းအရာ အာကာရကိုစွဲ၍ အနိမိတ္တနိဗ္ဗာန်လို့ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

အပ္ပဏိဟိတနိဗ္ဗာန်-ပဏိဟိတသဒ္ဒါသည် တောင့်တခြင်းအနက်ကို ဟောပါတယ်။ နိဗ္ဗာန်ကို တဏှာသဘောဖြင့် မထောင့်တအပ်၊ နိဗ္ဗာန်တွင် တောင့်တတတ်သောတဏှာလည်းမရှိ။ ဒီလိုပူပူဆာဆာ တဏှာဖြင့် မတောင့်တအပ်။ ပူပူဆာဆာ တောင့်တတတ်သော တဏှာလည်းမရှိဟု အခြင်းအရာအာကာရကိုစွဲ၍ "အပ္ပဏိဟိတ" နိဗ္ဗာန်လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ နိဗ္ဗာန်တရားကို အမျိုးမျိုးရေးနေကြပါတယ်။ နိဗ္ဗာန်တရားဟာ ရုပ်ဝိသေသ၊ နာမ်ဝိသေသ ဟူ၍လည်းကောင်း၊ ခန္ဓာကိုယ်အတွင်း၌အနှစ်၊ အမတေအလား ခိုင်မြဲသောနိစ္စတရားရှိပါတယ်။ ရုပ်နာမ်တရားများ ချုပ်ပျောက်သွားတဲ့အခါ ထိုအနှစ်အမတေသာ အဖတ်တင်ရစ်ခဲ့ပါတယ်။ ထိုအနှစ်အမတေ အဖြစ်ဖြင့် တည်ရှိနေခြင်းသည်ပင် နိဗ္ဗာန်ဟူ၍လည်းကောင်း၊ နိဗ္ဗာန်၌ ရုပ်နာမ်မရှိတော့၍ ခံစားခွင့်မရှိတော့လျှင် အဘယ်မှာချမ်းသာဟူ၍ ဆိုနိုင်ပါအံ့နည်း ဟူ၍လည်းကောင်း ရေးသားကြပြောဆိုကြသူတွေကို အမရပူရမဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက ဒီလို ရေးသားချက်တွေဟာထင်ရာမြင်ရာရေးနေကြခြင်းသာ ဖြစ်တယ်။ အမှန်တွေ မဟုတ်ဘူးလို့ အမိန့်ရှိပါတယ်။ တစ်စုံတစ်ခုသောအာရုံရဲ့အကြောင်းကို ထိုအာရုံရရှိဖူးသူသာလျှင် ပိုင်ပိုင်နိုင်နိုင် သိမြင်နိုင်ရိုးရှိသလို နိဗ္ဗာန်ရဲ့အကြောင်းကိုလည်း နိဗ္ဗာန်ရပြီးသော အရိယာတို့သာ ပိုင်နိုင်စွာသိမြင်နိုင်မှာဖြစ်ပါတယ်။ ပုထုဇဉ်တွေရဲ့ အတွေးမျှနဲ့ လေးနက်သောနိဗ္ဗာန်ကို အမှန်မသိနိုင်ပါဘူး။ ဒါကြောင့် ကျမ်းဂန်လာသာဓက ယုတ္တိကို ချိန်ဆ၍ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက သဗ္ဗြိုဟ်ဘာသာဋီကာတွင် အောက်ပါအတိုင်း ရှင်းပြထားပါတယ်။

နိဗ္ဗာန်သည် ရုပ်ဝိသေသစသည်မဟုတ်ပါ။ နိဗ္ဗာန်ဟူသည် စိတ်၊ စေတသိက်၊ ရုပ်၊ ပရမတ်တို့မှ သီးခြားဖြစ်တဲ့ ပရမတ်တရားဖြစ်ပါတယ်။ ဒါကြောင့် ရုပ်နာမ်သင်္ခါရနဲ့ လုံးဝဆက်သွယ်ခြင်းမရှိတဲ့အတွက်

ရုပ်ဝိသေသ နာမ်ဝိသေသမဟုတ်နိုင်ပါ။ အဇ္ဈတ္တဗဟိဒ္ဓ (၂) မျိုးတွင်လည်း ဗဟိဒ္ဓါခမ္မာဟူသော မာတိကာပုဒ် အရတွင် ပါဝင်သော ဗဟိဒ္ဓတရားဖြစ်တဲ့အတွက် ခန္ဓာ ကိုယ်အတွင်း၌ အနှစ် အမတေအဖြစ် တည်ရှိတဲ့ ဓာတ် တစ်မျိုးလည်း မဟုတ်နိုင်ပါ။ နိဗ္ဗာန်သည် ပုဂ္ဂိုလ် သတ္တဝါကဲ့သို့ ခံစားတတ်သော တရားလည်းမဟုတ် ရူပါရုံ၊ သဒ္ဒါရုံ စတဲ့ အာရုံကာမဂုဏ်ကဲ့သို့ ခံစားအပ် သောတရားလည်းမဟုတ်တဲ့အတွက်ကြောင့် နိဗ္ဗာန်၌ ဝေဒယိတသုခမရှိသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ဒါပေမယ့် ဝေဒယိတသုခ (ခံစားတဲ့သုခ) ထက် အဆ ပေါင်းများစွာ သာလွန်တဲ့ သန္တိသုခဆိုတဲ့ အေးမြ ငြိမ်းချမ်းတဲ့သဘောတော့ ကေန်ရှိပါတယ်။

စိတ်သည် အာရမ္မဏဝိဇာနလက္ခဏာတစ်မျိုး တည်းသာ ဖဿသည် ဖုသနလက္ခဏာတစ်မျိုးတည်း သာရှိသလို နိဗ္ဗာန်ဟူသော သဘောတရားမှာလည်း ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းအေးမြခြင်းဆိုတဲ့ သန္တိလက္ခ ဏာ တစ်မျိုးတည်းသာရှိပါတယ်။ ချမ်းသာသုခဟူသည် သန္တိသုခနဲ့ ဝေဒယိတသုခဟူ၍ (၂) မျိုးရှိပါတယ်။ သန္တိသုခမှာ ဝေဒယိတသုခကဲ့သို့ ခံစားရသောသုခမျိုး မဟုတ်။ တစ်စုံတစ်ခုကိုမျှ မခံစားရပါဘဲနဲ့ ငြိမ်သက် အေးမြသော သုခဖြစ်ပါတယ်။

ထပ်၍ရှင်းပြရလျှင် ဝေဒယိတသုခဆိုတာ ခံစားစံစားခြင်းကို ဆိုတာဖြစ်ပါတယ်။ ထိုခံစားစံစား ခြင်းမျိုးဟာ ကုန်သွားတဲ့အတွက် အသစ်အသစ် ရအောင် ထူထောင်ရပါတယ်။ ထိုသို့ထူထောင်ရတဲ့ ဒုက္ခကား ခံစားစံစားရတဲ့ သုခနဲ့အဆမတန်ချေ။

ထိုဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိတဲ့ သုခကလေးနဲ့ မတင်းတိမ်နိုင်ကြတဲ့ အတွက် အပိုအမိုအကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရလို့ ဝမ်းနည်းစရာကြီးပင်ဖြစ်ပါတယ်။

ဒီလိုခံစားစံစားမှုနဲ့မရောတဲ့ သန္တိသုခသဘော ရုပ်၊ နာမ်၊ သင်္ခါရာတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်း သဘောပင်ဖြစ်ပါတယ်။ ဥပမာအနေနဲ့တင်ပြရရင် လောကီအာရုံ ကာမဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့ သူဌေးတစ်ယောက် အားရပါးရအိပ်ပျော်နေစဉ်မှာ သူဌေးသုံးဆောင်ရန် လောကီအာရုံများကို ပြင်ဆင်၍ အစေခံတို့က ထိုသူဌေးကိုနှိုး၍ ခံစားစေလျှင် သူအိပ်ပျော်နေတာကို "အိပ်ရေးပျက်အောင် အအိပ်ဖျက်ရသလား" ဟုဆိုကာ ကြိမ်းဝါး မောင်းမဲလိမ့်မည်ဖြစ်ပါတယ်။

သူဌေးအိပ်ပျော်နေစဉ် ခံစားမှုအထင်အရှားမရှိပါဘဲလျက် ငြိမ်းအေးစွာအိပ်နေရမှုကိုပင် ခံစားမှုသုခတွေထက် နှစ်သက်ပေသေးသည်။ ထိုခံစားမှုမပါတဲ့ အိပ်ပျော် ခြင်းသုခကိုပင် "အိပ်လို့ကောင်းလိုက်တာ" ဟု အမှန်းတင်ကြပါတယ်။ ရုပ်နာမ်အားလုံးကင်း၍ ငြိမ်းချမ်းခြင်းသန္တိသုခမှာ မည်မျှလောက်မွန်မြတ်လိမ့်ဆိုတာ မှန်းဆ၍ကြည့်နိုင်ပါတယ်။ ဤသည်မှာ နိဗ္ဗာန်ချမ်းသာ၏သန္တိ သုခသဘောကို ထင်ရှားအောင် တင်ပြခြင်းဖြစ်ပါတယ်။

သန္တိသုခနိဗ္ဗာန်ဓာတ်သည် ဘာမျှမရှိသော အဘာဝ ပညတ်မဟုတ်ပါ။ အများဆိုင်ဘုံတရားကဲ့သို့

တစ်ပါးတည်းလည်းမဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်ကိုယ်အသီးသီး ရှိကြပါတယ်။ ဒါကြောင့် အရိယာအရှင်သူမြတ်တို့သည် ခန္ဓာကိုယ်ဒြပ် ထင်ရှားစဉ်မှာပင် မိမိတို့နိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စားတော်မူကြပါတယ်။ ထို ဖလသမာပတ်ဝင်စားခိုက်တွင် နိဗ္ဗာန်ကို အာရုံမှန်းလျက် စိတ်တမ်း၍နေခြင်းသည်ပင် အင်မတန် ချမ်းသာကြသောဟူ၏။ ထို့ကြောင့် ထေရာထေရီ အလီလီတို့သည် ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းဂါထာများကို ကျူးကာဖြင့် ရုပ်နာမ်ခန္ဓာကို အားရပါးရ စွန့်ပစ်ခဲ့ကြတာ ဖြစ်ပါတယ်။ ရဟန္တာအရှင်မြတ်တို့ ရုပ်နာမ်စွန့်ကြပုံကိုကြည့်ရင်း ရုပ်နာမ်ကို ခင်တွယ်နေတဲ့ ငါတို့လိုပုထုဇဉ်များအတွက် ရှက်ဖွယ်ကြီးပင်ဖြစ်ပါတယ်။

ဒီနေရာမှာ နိဗ္ဗာန်ချမ်းသာကို ဘယ်လိုသိနိုင်သလဲဆိုတာ မိလိန္ဒမင်းကြီးနဲ့ ရှင်နာဂသေနမထေရ်မြတ်တို့ရဲ့ အောက်ပါအမေးအဖြေကို ကြည့်၍သိနိုင်ပါတယ်။

**မိလိန္ဒမင်းကြီး**-နိဗ္ဗာန်မရသေးတဲ့ ပုထုဇဉ်တစ်ယောက်အနေနဲ့ နိဗ္ဗာန်ဟာ ချမ်းသာတယ်ဆိုတာ သိနိုင်ပါသလား အရှင်ဘုရား။

**နာဂသေန**-နိဗ္ဗာန်မရသေးတဲ့ ပုထုဇဉ်တစ်ယောက်အနေနဲ့ နိဗ္ဗာန်ဟာ ချမ်းသာပါတယ်လို့သိနိုင်ပါတယ် အရှင်မင်းကြီး။

**မိလိန္ဒမင်းကြီး**-ဘယ်လိုလုပ်၍သိနိုင်ပါသလဲ အရှင်ဘုရား။

**နာဂသေန**-မင်းကြီးကို တစ်ခုမေးမယ်။ လက်ခြေပြတ်ခြင်းဟာ ဆင်းရဲပါတယ်လို့ လက်ခြေပြတ်မနေသူတွေ သိနိုင်ပါသလား။

**မိလိန္ဒမင်းကြီး**-သိနိုင်ပါတယ် အရှင်ဘုရား။

**နာဂသေန**-ဘယ်လိုလုပ်သိနိုင်ပါသလဲမင်းကြီး။

**မိလိန္ဒမင်းကြီး**-လက်ခြေပြတ်နေသူတွေရဲ့ ငိုကြွေးသံကို ကြားပြီးတော့ လက်ခြေပြတ်ခြင်းဟာ ဆင်းရဲပါတယ်လို့ သိနိုင်ပါတယ် ဘုရား။

**နာဂသေန**-အဲဒီဥပမာအတိုင်းပါပဲ မင်းကြီးနိဗ္ဗာန်ကို မျက်မှောက်ထင်ထင်တွေ့မြင်ကြပြီးတဲ့ အရိယာသူတော်ကောင်းကြီးတွေရဲ့ ပြောဆိုသံကိုကြားပြီးတော့ နိဗ္ဗာန်ဟာ ချမ်းသာတယ်လို့ သိနိုင်ပါတယ် မင်းကြီး။

အထက်ဖော်ပြခဲ့တဲ့ အမေးအဖြေကို ထောက်ရှုပြီး နိဗ္ဗာန်ချမ်းသာကို သိနိုင်ပါတယ်ဆိုတာ ထင်ရှားနေပါတယ်။ ဆရာတော် အရှင်ဆန္ဒာဓိကကတော့ "လောကမှာရှိရှိသမျှ ချမ်းသာအားလုံးထဲမှာ နိဗ္ဗာန်ချမ်းသာဟာ အနှိုင်းမဲ့ချမ်းသာထက်ပိုပြီး သတ္တဝါတွေကို ဆင်းရဲငြိမ်းစေပါတယ်၊ ချမ်းသာစေပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားချမ်းသာမရှိတော့လို့ပါဘဲ။ နိဗ္ဗာန်ချမ်းသာဟာ အနှိုင်းမဲ့ချမ်းသာဖြစ်ရပါတယ်လို့ အမိန့်ရှိပါတယ်။

**နိဗ္ဗာန်၏သဘော**

နိဗ္ဗာန်ဟာ အထင်အရှားရှိတဲ့ ပရမတ္ထတရားတစ်ပါးဖြစ်ပါတယ်။ မိမိသန္တာန်တွင်ဖြစ်နေသော စိတ်ကိုပင် မိမိကိုယ်တိုင် (စဉ်းစားလေ့မရှိလျှင်) မသိနိုင်ရကား မိမိရဲ့

ခန္ဓာအတွင်း မပါဝင်သောနိဗ္ဗာန်ကို ပုထုဇဉ်ဉာဏ်ဖြင့် မမြင်နိုင်ပါ။

ဒီလိုပုထုဇဉ်ဉာဏ်ဖြင့် မမြင်နိုင်ပေမယ့်လည်း ထူးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်မူ (မဂ်ဖိုလ်ရသည့်နှင့် တစ်ပြိုင်နက်) လှမ်း၍သိနိုင်မြင်နိုင်လောက်အောင် ထင်ရှားပါတယ်။

ဒီလိုထင်ရှားပေမယ့်လည်း ပကတိစက္ခုဖြင့်ကား ဘယ်လို နည်းနှင့်မျှ မမြင်နိုင်ပါ။ တစ်နည်းဆိုရရင် ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းအေးမြ၍ မွန်မြတ်လှသော နိဗ္ဗာန်ဟာ ဘယ်လိုချမ်းသာပုံ၊ အေးမြပုံ၊ မွန်မြတ်ပုံနဲ့ တူတယ်" လို့ ထပ်တူ ပြု၍ပြရန် ဥပမာလည်းမရှိပါ။

စိတ်တစ်ခုတွင် စဖြစ်ခြင်းဆိုတဲ့ ဥပါဒ်အပိုင်း ပျက်ခြင်းဆိုတဲ့ ဘင်အပိုင်း၊ မပျက်မီအခိုက်အတန့်မျှ တည်ခြင်းဆိုတဲ့ ဌီအပိုင်း (၃) ပိုင်းခွဲခြားလို့ရပေမယ့် နိဗ္ဗာန်မှာတော့ ဒီလိုအပိုင်း (၃) ပိုင်းခွဲခြားလို့မရပါ။ ဒီလိုခွဲခြား၍ မရပေမယ့်လည်း နိဗ္ဗာန်ဟာ အမြဲသစ် လွင်၍ နေပါတယ်။

ပကတိစိတ်ဟာ ကိလေသာအညစ်မမြေးရစ်တဲ့ အခါ အရောင်ဝင်း၍ လင်းနေသကဲ့သို့ ထို့အတူ နိဗ္ဗာန် ၌ ကိလေသာအညစ်အကြေးတို့ ဘယ်တော့မှ မမြေး ရစ်တဲ့အတွက် အရောင်ဝင်း၍လင်းနေသလို ဖြစ်ပါ တယ်။ ယခုလောကတွင် တွေ့နေရတဲ့ ရုပ်နာမ်တရား တို့ဟာ ရုပ်ဖြစ်အောင် နာမ်ကကျေးဇူးပြု၊ နာမ်တည်နိုင် အောင် ရုပ်ကကျေးဇူးပြု၊ ရုပ်အချင်းချင်း၊ နာမ်အချင်း ချင်းလည်း ကျေးဇူးပြုကြတဲ့အတွက် ဖြစ်ပြီးရင်ပျက်

ပျက်ပြီးရင် ထပ်၍ဖြစ်နိုင် တည်နိုင်ကြပါတယ်။ နိဗ္ဗာန် တရားမြတ်ကြီးကား ရုပ်ဖြစ်အောင်လည်း ကျေးဇူးမပြု၊ နာမ်ဖြစ်အောင်လည်း ကျေးဇူးမပြုတဲ့အတွက် ဤ နိဗ္ဗာန်တရားတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ အရင်းခံဓာတ်ကြီးတွေလည်း မထောက်မမီ မဖြစ် တည်နိုင်တော့ပါ စတဲ့ သဘောတွေ နိဗ္ဗာန်မှာရှိပါ တယ်။

ဒီလိုဖော်ပြခဲ့တဲ့အတိုင်း နိဗ္ဗာန်ရဲ့သဘော သဘာဝကို နားလည်ပြီး နိဗ္ဗာန်ချမ်းသာကို ခံစား စံစားနိုင်ရန် ဝိပဿနာ ဘာဝနာကို ကြိုးပမ်းအား ထုတ်ပြီး ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အန္တိမ ပန်းတိုင်ကို အရောက်လှမ်းနိုင်ကြပါစေ။

စိန်တိုင်ထွန်း

× × × × ×

# သီလတောင်း (၁)

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ ပြီးခဲ့တဲ့အပတ်က ဩကာသကန်တော့ချိုး ပြီးသွားပါပြီ။ ဒီအပတ်မှာ သီလတောင်းတဲ့အခန်းကို ဆက်ဆွေးနွေးကြတာပေါ့၊ သီလတောင်းဆိုတော့ မိမိတို့တောင်းရမယ့် သီလအကြောင်း အနည်းအကျဉ်း သိထားဖို့လိုပါတယ်။ ကျွန်တော်တို့အများစုကတော့ သီလဆိုတာ ဥပုသ်စောင့်တာကိုပြောတာပါလို့ ဆိုကြမှာပါ။ သီလရဲ့ အဓိပ္ပာယ်ကို တိတိကျကျသိမယ့်လူတွေကတော့ အနည်းစုပါ။

အမှန်တော့ သီလဆိုတာ “သီလယတိကာယကမ္မဝစီ ကမ္မာနိ သမ္မာဒဟတီတိသီလံဆိုတဲ့ ဝစနတ္ထအရ” အကုသိုလ်မဖြစ်အောင် ကိုယ်မှု၊ နှုတ်မှုတို့ကို ကောင်းစွာထားခဲ့သော စေတနာကို “သီလ” ဟု ဆိုခြင်းဖြစ်ပါတယ်။ ကံ (၃) ပါးရှိရာတွင် သီလက ကာယကံ၊ ဝစီကံဆိုတဲ့ ကံနှစ်ပါးကို စောင့်ထိန်းခြင်းဖြစ်ပါတယ်။ မနောကံကိုမူ ဘာဝနာဖြင့် ငြိမ်းသတ်ရမှာဖြစ်ပါတယ်။ သီလလုံခြုံရင် ဘဝသံသရာ ကျင်လည်ရာဝယ် သုဂတိဘဝများသို့သာ ရောက်တဲ့အတွက် ဘဝသမ္ပတ္တိနဲ့ပြည့်စုံအကျိုးကို ရရှိပါတယ်။ အသက်

ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ အနာရောဂါကင်း၍ ချမ်းသာခြင်း စတဲ့အကျိုးတို့ကိုလည်း ရရှိနိုင်ပါတယ်။ ဒါကြောင့် ဘဝသမ္ပတ္တိနှင့် ပြည့်စုံရေးအတွက် သီလရတနာကို ကောင်းစွာပန်ဆင်ကြရမှာ ဖြစ်ပါတယ်။

**ဆောင်ရန်စာရိတ္တသီလနဲ့ ရှောင်ရန် ဝါရိတ္တသီလ**

"သီလသည် မြတ်စွာဘုရားကပြုလုပ်ရမည်လို့ ပညတ်ထားတဲ့ သိက္ခာပုဒ်တွေကို ဖြည့်ကျင့်ခြင်း စာရိတ္တသီလနဲ့ မြတ်စွာဘုရားက မပြုလုပ်ရ" ဟု ပယ်ဖြတ်ပညတ်ထားသော သိက္ခာပုဒ်တွေကို ပညတ်ထားတဲ့အတိုင်း ရှောင်ကျဉ်ခြင်း ဝါရိတ္တသီလဟူ၍ နှစ်မျိုး ရှိပါသည်။

**စာရိတ္တသီလ (ဆောင်ရန်သီလ)**

စာရိတ္တသီလဆိုတာ အပြစ်မရှိသောလုပ်ငန်းတာဝန်များ၊ ဝတ္တရားများကို ပြုကျင့်လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

လူကြီးသူမများကို ရိုသေလေးစားခြင်း၊ အပြောအဆို လိမ္မာယဉ်ကျေးခြင်း၊ အသွားအလာ အနေအထိုင်နူးညံ့ သိမ်မွေ့ခြင်း စတဲ့ လူမှုကျင့်ဝတ်များ သိင်္ဂါလောဝါဒသုတ်က မိဘကျင့်ဝတ်စသည်တို့ကို လိုက်နာကျင့်သုံးခြင်း ဖြစ်ပါတယ်။

ယုံကြည်မှုသဒ္ဓါတရား မပျင်းမရိပြုလုပ်မှု ဝီရိယတရား နှစ်ပါးနဲ့ပြည့်စုံမှသာ စာရိတ္တသီလကို ဖြည့်ကျင့်ဆောင်ရွက်နိုင်ပါတယ်။ ဒီလိုစာရိတ္တသီလကိုကျင့်ရင် ကောင်းတဲ့အကျင့်ဖြစ်၍ နောင်အခါ ကောင်းကျိုးရနိုင်မည်ဟု ယုံကြည်မှုသဒ္ဓါတရား မပျင်းမရိ စိတ်ရှည်

လက်ရှည် အားထုတ်လုပ်ကိုင်မှု ဝီရိယတို့ဖြင့် ပြီးစီး
အောင် အားထုတ်လုပ်ကိုင်နိုင်မှသာ စာရိတ္တသီလနဲ့
ပြည့်စုံသူဟု ဆိုနိုင်ပါတယ်။

**ဝါရိတ္တသီလ (ရှောင်ရန်သီလ)**

မြတ်စွာဘုရားက ဤအမှုကို မပြုကျင့်ရ၊ မပြု
ကျင့်ကောင်းဟု ဆုံးမပညတ်ထားသော သူတစ်ပါး
အသက်သတ်ခြင်း စတဲ့ ဒုစရိုက်တရားတွေကို ရှောင်
ကြဉ်ခြင်းတို့ကို ဝါရိတ္တသီလဟု ခေါ်ဆိုပါတယ်။

ဝါရိတ္တသီလခေါ်တဲ့ ငါးပါးသီလကို လုံခြုံအောင်
စောင့်ထိန်းခြင်းများမှာ နတ်ရွာနိဗ္ဗာန်သို့ရောက်အောင်
ပို့ဆောင်နိုင်သလို ဝါရိတ္တသီလဖြစ်တဲ့ ဒုစရိုက်မှုတွေကို
ကမ္မပထမြောက် ကျူးလွန်ပါကလည်း မုချအပါယ်ငရဲ
ကျစေနိုင်ပါတယ်။

အချုပ်တင်ပြရလျှင် "ဣဇ္ဈတိဘိက္ခဝေသီလဝ
တော စေတောပဏိဓိဝိသုဒ္ဓတ္တာ" ဟုဆိုသည့်အတိုင်း
သီလရှိသူသည် စိတ်ဓာတ်စင်ကြယ်နေသူဖြစ်၍
ဘာမဆို လိုတိုင်းရ တတိုင်းပြည့်စုံရမည်ဟူသော တရား
တော်အရ သတ္တဝါတို့၏ သီလကုသိုလ် စေတနာအရင်း
ခံနှင့်ဖြစ်လိုသော ဆန္ဒဓာတ်အရ ဖြစ်လိုရာဖြစ်ကြရ
မည် ဖြစ်သည်။

ကျွန်ုပ် ။ ဒီနေရာမှာ သီလတောင်းနဲ့စပ်လျဉ်း၍ အနည်းငယ်
ရှင်းပြပါအုံးမယ်။ အမရပူရမဟာဂန္ဓာရုံဆရာတော်
ဘုရားကြီး အရှင်ဇနကာဘိဝံသက "**ကန်တော့ချိုး
ဩကာသမှစ၍ နမောတဿ**" တိုင်အောင် စကားရပ်
တွေဟာ သရဏဂုံ သီလဆောက်တည်ရာ၌ အရေး
တကြီး သက်ဆိုင်သော စကားရပ်များမဟုတ်ကြောင်း

ရှေးဆရာတွေက သိုင်းသိုင်းဝိုင်းဝိုင်းရှိအောင် စီစဉ်ခဲ့သောစကားများသာဖြစ်ကြောင်း ဒါပေမဲ့အပြစ်လည်းမရှိ ဩကာသ စသည်တို့ ရွတ်ဆို၍ရှိခိုးရာတွင်လည်း ထိုက်သင့်သလောက် ကုသိုလ်ရဖွယ်ရှိသောကြောင့် ယခုအခါ စဉ်းစားဉာဏ်ရှိသူတွေက (ပိုနေမှန်းသိပါလျှက်) မပယ်ဖျက် ရှေးအစဉ်အလာအတိုင်း လိုက်နာနေကြခြင်းဖြစ်ကြောင်း စသည်ဖြင့် ရတနာဂုဏ်ရည်စာအုပ်တွင် ရှင်းပြထားပါတယ်။

ဒါ့အပြင် ရှေးအခါက အောက်နိုင်ငံမှာ သီလတောင်းရာ၌ အဟံဘန္တေဟု ဘန္တေကစ၍ ဆိုတဲ့အတွက် "ဘန်ဂိုဏ်း" ဟုလည်းကောင်း ဗုဒ္ဓံသရဏံကစ၍ဆိုတဲ့အတွက် "ဗုဓ်ဂိုဏ်း" ဟူ၍ နှစ်ဂိုဏ်းကွဲခဲ့ပါတယ်။ သရဏဂုံသီလ ဆောက်တည်သည့်အခါ ဘန်ဂိုဏ်းဝင်များက "အဟံဘန္တေ တိသရဏေန" ကစပြီး ယခုခေတ်ဆိုသလို ဆိုကြ၍ ဗုဓ်ဂိုဏ်းဝင်များကမူ "အဟံဘန္တေ" စသည်မဆိုတော့ဘဲ ဗုဒ္ဓံ သရဏံဂစ္ဆာမိကစ၍ဆိုကြပါတယ်။ ဒီနှစ်နည်းတွင် ဗုဒ္ဓဂိုဏ်းနည်းက လိုရင်းပြီးမြောက်အောင် အကျဉ်းရုံး၍ ဘန်ဂိုဏ်းနည်းက ရှေ့စနစ်အတိုင်း လိုက်သောနည်းဖြစ်ပါတယ်။ ယနေ့အချိန်တွင် ရှေ့စနစ်အတိုင်း ဘန်ဂိုဏ်းနည်းကို ဆက်လက်ကျင့်သုံးနေကြဆဲဖြစ်ပါတယ်။ အောက်ဖော်ပြပါအတိုင်း သီလတောင်းပုံများကို လေ့လာထားပါ-

**ငါးပါးသီလတောင်းခံပုံပါဠိ**

(၁) အဟံဘန္တေတိသရဏေနသဟ ပဉ္စသီလံဓမ္မံယာ စာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ

(၂) ဒုတိယမ္ပိ အဟံဘန္တေတိသရဏေနသဟ ပဉ္စသီလံ
ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ
(၃) တတိယမ္ပိ အဟံဘန္တေတိသရဏေနသဟ ပဉ္စသီလံ
ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ

**ငါးပါးသီလတောင်းခံပုံအနက်**

(၁) ဘန္တေအရှင်ဘုရား အဟံ တပည့်တော် (တပည့်တော်မ) သည် တိသရဏေန သရဏဂုံသုံးပါးနှင့် သဟ-တကွ၊ ပဉ္စသီလံ-ငါးပါးသီလဟူသော ဓမ္မံ-သိက္ခာပုဒ်တရားတော်ကို ယာစာမိ တောင်းပါ၏။ ဘန္တေအရှင်ဘုရား မေ တပည့်တော် (တပည့်တော်မ) အား အနုဂ္ဂဟံ ချီးမြှောက်ခြင်းကို ကတွာပြု၍ သီလံ-သီလတော်မြတ်ကို ဒေထပေးတော်မူပါကုန်ဘုရား။

(၂) ဒုတိယမ္ပိ နှစ်ကြိမ်မြောက်လည်း ဘန္တေ
အရှင်ဘုရား စသည်ဖြင့် ရှေ့အတိုင်းဆိုပါ။
(၃) တတိယမ္ပိ သုံးကြိမ်မြောက်လည်း ဘန္တေ အရှင်
ဘုရား စသည်ဖြင့် ရှေ့အတိုင်းဆိုပါ။

**ဗြဟ္မစရိယပဉ္စမက**

**(ကောမာရဗြဟ္မစရိယ) သီလပါဠိ**

✱ ငါးပါးသီလတောင်းခံပုံတွင် ပဉ္စသီလနေရာတွင် "**ကောမာရပဉ္စက ဗြဟ္မစရိယသီလ** ကို အစားထိုး၍ ဆိုသည်သာထူး၏။ ကျန်ငါးပါးသီလတောင်းခံပုံအတိုင်းပင်ဖြစ်ပါတယ်။

✱ အနက်။ ကောမာရပဉ္စမက ဗြဟ္မစရိယသီလမေထုန်အမှုမှ ရှောင်ကြဉ်ခြင်းလျှင် ငါးခုမြောက်သော

**(၈) ပါးသီလတောင်းခံပုံပါဠိ**

✳ ငါးပါးသီလတောင်းခံပုံတွင် ပဉ္စသီလံအစား "အဋ္ဌင်္ဂ သမန္နာဂတံ ဥပေါသထသီလံ" ကို အစားထိုး၍ ကျန်ငါး ပါးသီလနဲ့ အားလုံးတူပါတယ်။

**(၈) ပါးသီလတောင်းခံပုံအနက်**

✳ အဋ္ဌင်္ဂသမန္နာဂတံ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပေါ သထသီလံ ဥပုသ်သီလတည်းဟူသော

**အာဇီဝဋ္ဌမကသီလတောင်းခံပုံပါဠိ**

ငါးပါးသီလတောင်းခံပုံတွင်ပါရှိသော "ပဉ္စသီလံ" နေ ရာတွင် **အာဇီဝဋ္ဌမကသီလံ**ကို အစားထိုး၍ တောင်းပါ ကျန်အားလုံးတူ

**အာဇီဝဋ္ဌမကသီလတောင်းခံပုံအနက်**

အာဇီဝဋ္ဌမကသီလံ-အာဇီဝဋ္ဌမက သီလတည်းဟူသော ဟုဆိုပါ။ ကျန်အားလုံးတူသည်။

**(၉) ပါးသီလတောင်းခံပုံပါဠိ**

ငါးပါးသီလတောင်းခံပုံတွင်ပါရှိသော ပဉ္စသီလံ နေရာ တွင် "**နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ**" ကို အစား ထိုး၍ဆိုပါ။ ကျန်အားလုံးတူသည်။

**(၉) ပါးသီလတောင်းခံပုံအနက်**

နဝင်္ဂသမန္နာဂတံ အင်္ဂါ (၉) ပါးနှင့်ပြည့်စုံသော ဥပေါ သထသီလံ ဥပုသ်သီလတည်းဟူသော ကျန်အားလုံး တူသည်။

**(၁၀) ပါးသီလတောင်းခံပုံပါဠိ**

ငါးပါးသီလတောင်းခံပုံတွင်ပါရှိသော "ပဉ္စသီလံ" အစား "**ဒသင်္ဂဟဋ္ဌသီလံ**" ဟု ပြန်ဆိုပါ။ ကျန်အားလုံး တူသည်။

(၁၀) ပါးသီလတောင်းခံပုံအနက်

ဒသဂဟဌသီလံ လူတို့၏ (၁၀) ပါးသီလဖြစ်သော ကျန်အားလုံးတူသည်။

စိန်တိုင်ထွန်း

× × × × ×



# သီလတောင်း (၂)

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။
အောင် ။ ဟုတ်ကဲ့ပါဆရာ။
ကျွန်ုပ် ။ ပြီးခဲ့တဲ့အပတ်က သီလတောင်းအကြောင်း ဆွေးနွေးပြီးလို့ ဒီတစ်ပတ်တော့ နမောတဿအကြောင်း ဆက်ဆွေးနွေးကြတာပေါ့။
အောင် ။ ဆရာ နမောတဿအကြောင်းမဆက်မီ ကျွန်တော်သိချင်တာလေးတွေ ဆက်လက်ရှင်းပြပေးပါဦး ဆရာ။
ကျွန်ုပ် ။ ဟုတ်ကဲ့ပြောပါ။
အောင် ။ သီလအကြောင်းနဲ့သီလတောင်းပုံတွေအကြောင်း ဆရာရှင်းပြလို့သိရပါတယ်။ အခု ကျွန်တော်သိချင်တာက လူတွေစောင့်သုံးတဲ့သီလ၊ ရဟန်းတော်တွေ ရှင်သာမဏေတွေ စောင့်သုံးတဲ့သီလနဲ့ စောင့်သုံးပုံစောင့်သုံးနည်းများကိုလည်း ရှင်းပြပေးပါဦးဆရာ။
ကျွန်ုပ် ။ အေးဗျာ ခင်ဗျားပြောတာတွေလည်း မှန်ပါတယ်။ သိသင့်တာတွေပါပဲ၊ သိပ်ရှည်သွားမှာစိုးလို့ ချန်လှပ်ထားခဲ့တာပါ။ ခုတော့ ဆက်ရှင်းပေးရတာပေါ့။
အကြမ်းအားဖြင့် ရဟန်းတော်များစောင့်ထိန်းရသည့် (ဘိက္ခု) သီလ၊ ရဟန်းမိန်းမများ စောင့်ထိန်းရသော (ဘိက္ခုနီ) သီလ၊ ရှင်သာမဏေ (ကိုရင်) များ စောင့်ထိန်းရသော (သာမဏေ) သီလနဲ့ လူတွေစောင့်ထိန်းရသော (ဂဟဋ္ဌ) သီလလို့ (၄) မျိုးရှိပါတယ်။

**ဘိက္ခုသီလနှင့်ဘိက္ခုနီသီလ**

ဘိက္ခုပါတိမောက်၌ ပြအပ်သောသီလကို ဘိက္ခုသီလဟုခေါ်ပါတယ်။ ဘိက္ခုနီပါတိမောက်၌ပြအပ်သော သီလကို ဘိက္ခုနီသီလဟုခေါ်ပါတယ်။ ကျွန်တော်တို့ ခုပြောပြောနေတဲ့ အကျဉ်းအားဖြင့် (၂၂၇) သွယ်အကျယ် ကုဋေကိုးထောင်ကျော်ဆိုတဲ့အထဲက အကျဉ်း (၂၂၇) ကို ဘိက္ခုပါတိမောက်တွင် အောက်ပါအတိုင်း ပြထားရပါတယ်။

| | | |
|---|---|---|
| (၁) ပါရာဇိက | (၄) | ပါး |
| (၂) သံဃာဒိသိသ် | (၁၃) | ပါး |
| (၃) အနိယတ | (၂) | ပါး |
| (၄) နိဿဂ္ဂိပါစိတ် | (၃၀) | ပါး |
| (၅) သုဒ္ဓပါစိတ် | (၉၂) | ပါး |
| (၆) အဓိကရဏသမထ | (၇) | ပါး |
| (၇) ပါဋိဒေသနီ | (၄) | ပါး |
| (၈) သေခိယ | (၇၅) | ပါး |
| | ၂၂၇ | |

ခုအခါ ဘိက္ခုနီသာသနာမရှိတော့ပြီဖြစ်၍ ဘိက္ခုနီများ လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်သီလများ ရှိတာကို အကျဉ်းမှတ်ထားပါ။

ရဟန်းများစောင့်ထိန်းရသော ဘိက္ခုသီလနှင့် ရဟန်း မိန်းမစောင့်ထိန်းရသော ဘိက္ခုနီသီလများမှာ သီးခြား သီလဆောက်တည်စရာမလိုပါ။ သိမ်အတွင်းဝယ် ကမ္မဝါစာကို ပီပြင်စွာရွတ်ဖတ်ပြီးသည့်အဆုံး၌ ထိုသီလများတည်ပြီးဖြစ်ပါတယ်။ ထိုသီလများမှာ

ဘိက္ခု၊ ဘိက္ခုနီတို့ အမြဲစောင့်ထိန်းရမည့် နိစ္စသီလ များပင်ဖြစ် ပါတယ်။ ပါရာဇိကကျပြီးတဲ့အခါ၌ဖြစ်စေ၊ သိက္ခာချတဲ့အခါ၌ဖြစ်စေ၊ ထိုကမ္မဝါစာ၏အရှိန်အဝါ သည် ပျက်ပြယ်သွားပါတော့တယ်။ ဘိက္ခု၊ ဘိက္ခုနီမဟု ဝန်ခံ နေလျှင် (ရဟန်း အသွင်ကိုမစွန့်လျှင်) ဒုဿီလ (သီလ မရှိတဲ့) ပုဂ္ဂိုလ်ဖြစ်သွားပါတယ်။ ပါရာဇိကမှ တစ်ပါးသောသိက္ခာပုဒ်တွေကို ကျူးလွန်တယ်ဆိုရင် တော့ ဝိနည်းဒေသနာတော်အရ ကုစားလို့ရပါတယ်။ မကုစားလျှင် အလဇ္ဇီ (အရှက်မရှိသော) ပုဂ္ဂိုလ်ဖြစ် သွားပါတော့တယ်။

**သာမဏေသီလ**

ရှင်သာမဏေ (ကိုရင်) များ သရဏဂုံ ဆောက် တည်တာနဲ့တစ်ပြိုင်နက် မိမိနှင့်သက်ဆိုင်သော သီလ များ ဆောက်တည်ပြီးဖြစ်သွားပါတယ်။ သရဏဂုံ ဆောက်တည်ပြီးတာနဲ့ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် တမင်ဆောက် တည်ဖို့ မလိုတော့ပေ။ ယခုအခါ၌ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် ဆက် လက်ဆိုနေကြခြင်းမှာ (၁၀) ပါးသီလကို နားလည် အောင် သရုပ်ရေတွက်ခြင်း သာဖြစ်ပါတယ်။ ဒါ့ကြောင့် တချို့အရပ်တွေမှာဆိုရင် "သိက္ခာပဒံ သမာဒိယာမိ" ကိုမထည့်ဘဲ ပါဏာတိပါတာ ဝေရမဏီ ပါဏာတိ ပါတာမှ ရှောင်ကြဉ်မှုက(၁) အဒိန္နာ ဒါနာဝေရမဏီ အဒိန္နာနမှ ရှောင်ကြဉ်မှုက(၁) စသည်ဖြင့် (၁၀) ပါး ဆို၍ ရေတွက်ကြပါတယ်။

ဝိနည်းမဟာဝါပဗ္ဗဇ္ဇခန္ဓာ၌ အနုဇာနာမိဘိက္ခဝေ သမဏေရာနံ ဒသ သိက္ခာပဒါနိ, တေသုစ သာမဏေ ရေဟိသိက္ခိတုံ၊ ပါဏာတိပတာ ဝေရမဏီ (ပေ) ဇာတ ရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏိဟူသော ပါဠိတော်ကို သင်ပေးရမယ်လို့ မိန့်ဆိုထားပါတယ်။ ဒီအချက်က ဘာကိုပြသလဲဆိုရင် သရဏဂုံဆောက်တည်ပြီးတာနဲ့ သာမဏေတို့လိုက်နာကျင့်သုံးရမယ့် (၁၀) ပါးသီဆောက်တည်ပြီးသွားပြီဖြစ်လို့ သာမဏေတွေကို အဲဒီ (၁၀) ပါးသိအောင်နားလည်အောင် သင်ပေးရမယ်လို့ ဆိုထားခြင်းဖြစ်ပါတယ်။

သာမဏေသီလ (၁၀) ပါးတွင် လိင်ကျူမှုနှင့်ဆိုင်သော သီလတစ်ပါးပါးကျူးလွန်လျှင် သီလအားလုံးပျက်သွားပါတယ်။ အသစ်ထပ်မံ၍ သရဏဂုံယူရပါတယ်၊ သရဏဂုံ အသစ်မယူဘဲ ထိုပျက်မြဲအတိုင်း သင်္ကန်းဝတ်လျှင် သာမဏေအဖြစ်ကို ဝန်ခံနေလျှင် ဒုသီလ (သီလမရှိတဲ့) သာမဏေဖြစ်သွားပါတယ်။

တခြားသီလတွေပျက်လျှင်တော့ သဲဒဏ် ရေဒဏ် စသည်တို့ကို ထပ်ဆောင်၍ကုစားရပါတယ်၊ ဒီလိုမကုစားရင်တော့ အလဇ္ဇီ (အရှက်မရှိသော) သာမဏေဖြစ်သွားပါတယ်။

**ဂဟဋ္ဌသီလ (လူတို့ဆောက်တည်သောသီလ)**

အိမ်၌နေသူ လူဝတ်ကြောင်တွေကို ဂဟဋ္ဌဟုခေါ်ပါတယ်၊ ဂဟေ-အိမ်၌ တိဋ္ဌတိ တည်နေတတ်၏။ ဣတိ- ထို့ကြောင့် ဂဟဋ္ဌ-ဂဟဋ္ဌမည်၏။ ထိုဂဟဋ္ဌလူဝတ်ကြောင်တွေများမှ ငါးပါးသီလသည် နိစ္စသီလ

ဖြစ်ပါတယ်။ သရဏဂုံ ဆောက်တည်ထားလျှင် သရဏဂုံတည်သူသာ မည်ပါတယ်။ သီလရှိသူ မဟုတ်ပါ။ ဒါ့ကြောင့် လူဝတ်ကြောင်တွေအနေနဲ့မူ မိမိတို့ဆိုင်ရာသီလကိုသာ ဆောက်တည်ရဦးမှာဖြစ်ပါတယ်။ ထိုသို့ဆောက်တည်တဲ့အခါ "ပဥ္စသိက္ခာ ပဒံ သမာဒိယာမိ" ဟူ၍ သိက္ခာပုဒ် (၅) ပါးကို တစ်ပေါင်းတည်း ဆောက်တည်ထားလျှင် တစ်ပါးပျက်က (၅) ပါးလုံး ပျက်သွားပါတယ်။

ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ စသည်ဖြင့် တစ်ပါးစီခွဲခြားပြီး ဆောက်တည်ထားလျှင် တစ်ပါးကိုကျူးလွန်လျှင် ကျူးလွန်သည့်သိက္ခာပုဒ်တစ်ပါးသာ ပျက်ပါတယ်။ ထိုပျက်သောသီလကို ထပ်မံဆောက်တည်ထားလျှင် ပြီးသွားတယ်။

သီလကို ရက်အပိုင်းအခြား လအပိုင်းအခြားဖြင့် "ရက်ပေါင်းမည်မျှစောင့်ထိန်းပါမယ်။ သို့မဟုတ် မည်သည့် အချိန်ကျအောင် စောင့်ထိန်းပါမယ်" ဟု ကာလကို ပိုင်းခြားထားလျှင် ထိုအချိန်စေ့လျှင် ဆောက်တည်ခြင်းကိစ္စ ပျက်ပြယ်သွားပါတယ်။ အလိုရှိက ထပ်၍ ဆောက်တည်ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် နိစ္စသီလဆိုတာ မစောင့်ထိန်းလျှင် (ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ) အပြစ်ရှိပါတယ်။ မိမိတို့ဆိုင်ရာ နိစ္စသီလကို ကောင်း စောင့်ထိန်းမှသာ အပြစ်လွတ်ကင်းလျက် ထိုက်သင့်တဲ့အကျိုးကို ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၅ ပါးသီလကို နှုတ်ဖြင့် ဆောက်တည်ရိုးမရှိသူတို့၌ မဆောက်တည်ဘဲ

စောင့်စည်းနေလျှင်လည်း အပြစ်ကင်း၍ အကျိုးရှိပါ သည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေလို ဆောက် တည်ထားလျှင်မူကား ဆောက်တည်ထားမှုစေတနာ အတွက် အကျိုးပိုကြီးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဥပုသ်သီလဖြစ်တဲ့ ရှစ်ပါးသီလဟာလည်း လူတို့ ၏ ဥပုသ်သီလဖြစ်ပါတယ်။ ထိုဥပုသ်သီလကိုလည်း ဥပုသ်နေ့၌ သာမဟုတ်ဘဲ အခြားရက်များ၌ တတ်အား သမျှ စောင့်သုံးကြပါတယ်။ တချို့က ၁၀ ပါးသီလကို လူတို့မစောင့် သုံးကောင်းဟု ဆိုကြပါတယ်။ ပရမတ္တသ ရူပဘေဒနီကျမ်း ကမ္မဋ္ဌာန်းပိုင်းတွင် ၁၀ ပါးသီလကို လူတို့စောင့်သုံးကောင်းကြောင်း ဆရာတော်ဘုရားကြီး က ဆုံးဖြတ်ထားပါတယ်။

ဒါ့အပြင် လူဝတ်ကြောင်မဟုတ်တဲ့ ရသေ့ သူတော်စင်နဲ့ သီလရှင်တွေမှာ ၁၀ ပါးသီလကို နိစ္စ သီလအဖြစ် စောင့်သုံးကြမှသာ အပြစ်လွတ်ကင်းမှာ ဖြစ်ပါတယ်။ ၁၀ ပါး သီလကို မစောင့်ဘဲ ၈ ပါးသီလကို စောင့်သုံးပါက အဝတ်နဲ့မလျော်သောကြောင့် အပြစ် မကင်းကြောင်းလို့ အချို့က ပြောကြတာရှိပါတယ်။

ဒီနေရာမှာ အပြစ်မကင်းကြောင်း ယုတ္တိသာဓက ပြနိုင်မှသာလျှင် ထိုကဲ့သို့လိုက်နာမှတ်ယူနိုင်ကြမှာ ဖြစ် ပါတယ်။ သဘောယုတ္တိရှိမရှိကို ချိန်ကြည့်လျှင် -

"ယခုအခါ သီလရှင်တွေဟာ (၈) ပါးသီလကို အမြဲစောင့်သုံးကြသည်ကို အများအသိအမှတ်ပြုထားပါ တယ်။ သီလရှင်အဝတ်က (၈) ပါးသီလ၏ အရှင်ဖြစ် ကြောင်းကို သက်သေပြနေပါတယ်။ ဒါကြောင့် သီလ

ရှင်တွေအနေနဲ့ (၈) ပါးစီလကို နိစ္စသီလအဖြစ် စောင့်သုံးနေလျှင် အများထင်မြင်ချက်နှင့် ညီညွတ်နေတဲ့အတွက် ၁၀ ပါးသီလ မစောင့်ထိန်းသည့်အတွက် ယခုကာလရသေ့သူတော်စင်၊ သီလရှင်တို့၌ အပြစ်မရှိထိုက်ပါ။ (၁၀) ပါးသီလကို ထာဝရစောင့်သုံးနိုင်ကြပါမူကား အတိုင်းထက်အလွန် အကျိုးပိုလွန်များမှာဖြစ်ပါတယ်။

စိန်တိုင်ထွန်း

× × × × ×



# နမောတဿ ဘုရားရှိခိုး

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ ပြီးခဲ့တဲ့အပတ်က သီလတောင်းအကြောင်းဆွေးနွေးခဲ့ပြီးပြီဖြစ်လို့ ဒီတစ်ပါတ်တော့ **"နမောတဿ"** အကြောင်းဆက်ဆွေးနွေးကြတာပေါ့။

အောင် ။ ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော်တို့ကလည်း နမောတဿကို အလွန်စိတ်ဝင်စားကြပါတယ်။ ကျွန်တော်တို့ဖတ်ဖူးတဲ့ ကျမ်းစာအုပ်တိုင်းလိုလိုမှာ ကျမ်းစာရဲ့အစမှာ နမောတဿကိုတွေ့ရပါတယ်။ ဘာသာရေးအခမ်းအနားတွေမှာလည်း အခမ်းအနားစတော့မယ်ဆိုလျှင် "နမောတဿ" နဲ့စပြီး အခမ်းအနားဖွင့်လှစ်တာ တွေ့ရပါတယ်။ ဩကာသကန်တော့ချိုးဖြင့် ဘုရားရှိခိုးမှာလည်း "နမောတဿ"ကိုတွေ့ရပြန်တယ်၊ ဒါ့အပြင် -

(၁) သာတာဂိရိနတ်မင်းက . . . နမော

(၂) အသူရိန်နတ်မင်းက . . . တဿ

(၃) စတုမဟာရာဇ်နတ်မင်းကြီး (၄) ဦးတို့က . . . ဘဂဝတော

(၄) သိကြားမင်းက . . . အရဟတော

(၅) ဗြဟ္မာမင်းက . . . သမ္မာသမ္ဗုဒ္ဓဿ

**လို့ဆိုပြီး**

အသီးသီးရှိခိုးကြလို့။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဖြစ်လာတယ်လို့ ပြောကြတာကိုလည်း ကျွန်တော်တို့ကြားဖူးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရှင်းရှင်းလင်းလင်းသိရအောင် ရှင်းပြပေးပါဆရာ။

ကျွန်ုပ် ။ ဟုတ်ကဲ့ပါ၊ အမှန်ကတော့ နမောတဿဆိုတာ ဘုရားရှိခိုးတာပါပဲ။ ဘုရားရှိခိုးခြင်းဆိုတဲ့ ကောင်းမှုမင်္ဂလာကို ကြိုတင်ပြုလုပ်ထားပြီးမှ အလုပ်လုပ်ကိုင်လို့ရှိရင် အန္တရာယ်လည်းကင်းတယ်။ မိမိလုပ်တဲ့လုပ်ငန်းကိစ္စလည်း ပြီးမြောက်နိုင်တယ်။ ဒါကြောင့် ဒီနမောတဿ ဘုရားရှိခိုးကိုနေရာတိုင်းမှာ ဦးစားပေးနေရတာပေါ့။

ဒီ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဆိုတာ ၅ ပဒရှိတဲ့ ဂါထာပါပဲ။ မြတ်စွာဘုရားသာသနာမှာ လောကီဆန်းကို မငဲ့ရတဲ့အတွက် ၅ ပဒရှိတဲ့ ဂါထာလို့မှတ်ရမယ်လို့၊ သံယုတ်ဋီကာ (ပ-၂၅၄)မှာ ဆိုထားတာလောက်ပဲရှိတယ်ဟု၍ ဗုဒ္ဓအလိုကျ ကျင့်သုံးနေထိုင်နည်းစာအုပ်တွင် ကျမ်းပြုဆရာတော် ဘဒ္ဒန္တကုမာရက အမိန့်ရှိထားပါတယ်။

နတ်မင်းကြီး (၅) ဦးက တစ်ဦးတစ်ပဒစီရှိခိုးတယ်ဆိုတာလဲ ဘယ်ပါဠိတော် ဘယ်အဋ္ဌကထာမှာ မပါဘူးလို့လဲ သိရတယ်။ တစ်ပုဒ်ချင်းအနေနဲ့ စကားတစ်ရပ်မှာ မပြည့်စုံဘဲနဲ့ ဘယ်လိုလုပ် ဘုရားရှိခိုးဖြစ်နိုင်မှာလဲ၊ အသင့်ယုတ္တိမရှိပါဘူး၊ ကျွန်တော်လေ့လာဖူးတဲ့ အက္ခရ သမူဟောပဒံ ပဒသမူဟောဝါကျံဆိုတဲ့ စကားအရလည်း တစ်ပုဒ်ချင်းအဆင့်သာရှိသေးပြီ ဝါကျ

အဆင့် မရောက်သေး၍ ပြည့်စုံတဲ့စကားရပ်မဟုတ်သေးဘူးဆိုတာလည်း ထင်ရှားနေပါတယ်။ ဒါကြောင့် နတ်မင်းကြီး ၅ ဦး အသီးသီးရှိကြတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ နောက်ဆရာတွေ ကြံဖန်ရေးသားထားခဲ့တဲ့ စကားရပ်သာဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။

ပါဠိတော်တွေမှာလာတာကတော့ "နမောတဿ" ဟာ ဥဒါန်းကျူးတဲ့စကားလို့ လာပါတယ်။ ဥဒါန်းဆိုတာ ဝမ်းသာလွန်းအားကြီး ကြည်ညိုလွန်းအားကြီးလို့ ဝမ်းထဲမှာ မျိုသိပ်မထားနိုင်ဘဲ နှုတ် (ပါးစပ်) က အန်ထွက်လာတဲ့စကားမျိုးလို့ အဓိပ္ပာယ်ရပါတယ်။

နမောတဿနဲ့ဥဒါန်းကျူးရင့်တဲ့ပုဂ္ဂိုလ်တွေကို ကျမ်းဂန်များတွင် အောက်ပါအတိုင်းတွေ့ရပါတယ်။

(၁) ဗြဟ္မာယုပုဏ္ဏား
(၂) ဇာဏုသောဏိပုဏ္ဏား
(၃) ကောသလမင်း
(၄) ဓနဉ္စာနီအရိယာမ
(၅) သိကြားမင်း
(၆) ကာရဏပါလီအမတ်
(၇) အာရာမဒဏ္ဍပုဏ္ဏား
(၈) မဟိန္ဒမင်း

"နမောတဿ" ဥဒါန်းကျူးရင့်သူ အာရာမဒဏ္ဍပုဏ္ဏားအထိ ပါဠိတော်မှာလာပါတယ်။ နံပါတ် (၈) မဟိန္ဒမင်းဆိုတာကတော့ အဋ္ဌကထာမှာလာတာဖြစ်ပါတယ်။ ဂေါတမဘုရားရှင်တော်လက်ထက်လည်း

မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ၉ ကမ္ဘာထက်က ဖုဿဘုရားရှင်ရဲ့ ခမည်းတော် ဖြစ်ပါတယ်။ ဗဟုသုတအနေနဲ့ ထည့်သွင်းဖော်ပြခြင်းဖြစ်ပါတယ်။ နမောတဿနဲ့ ဥဒါန်းကျူးရင့်တယ်ဆိုတာ ဝမ်းသာလွန်းအားကြီး ကြည်ညိုလွန်းအားကြီးလို့ ဝမ်းထဲမှာ မျိုသိပ်မထားနိုင်ဘဲ နှုတ်က အန်ထွက်ထလာတဲ့ စကားမျိုးဆိုတဲ့အတိုင်း-

- ♦ ဗြဟ္မာယုပုဏ္ဏားကြီးဟာ ဘုရားရှင်ရဲ့လက္ခဏာတော်တွေနဲ့ပြည့်စုံတာကို ကြည်ညိုလွန်းလို့
- ♦ ဇာဏုသောဏိပုဏ္ဏားဟာဝစ္ဆာယနအနွယ်ဝင် ပိလောတိကပရိဗိုဇ်ထံမှ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ပုဒ်တွေကို ကြားရတဲ့အခါ ဝမ်းသာလွန်းလို့
- ♦ ကောသလမင်းကြီးဟာ ပူဆွေးတာ ငိုကြွေးတာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်တာတွေဟာ အချစ်ကြောင့်ဖြစ်ရတယ်လို့ ဘုရားရှင်က ဟောကြားထားလို့ ပထမ မယုံကြည်ဘူး၊ မိလ္လိကာမိဖုရားကြီးက အသေအချာရှင်းပြတော့ မှန်ကန်မှန်းသိပြီး ဝမ်းသာလွန်းလို့
- ♦ ဓနဥ္စာနီပုဏ္ဏေးမကတော့ သူမရဲ့ခင်ပွန်းက သူတို့ကိုးကွယ်နေတဲ့ ပုဏ္ဏားငါးရာကို ဆွမ်းလုပ်ကျွေးနေတဲ့နေ့က သူ့ခင်ပွန်းဖြစ်သူထံ ထမင်းခွက်ယူလာစဉ်မှာ ခလုတ်တိုက်ပြီး ချော်လဲသွားတယ်၊ ထိခိုက်မိလို့ နာသွားတယ်၊ အဲဒီအချိန်မှာ ဘုရားရှင်ကိုသတိရလာလို့
- ♦ သိကြားမင်းကတော့ ဘုရားရှင်ကိုသိပ်ပြီး ဖူးမြင်ချင်လို့ ဝေဒိယကတောင်ရောက်လာပြီး သူသိလိုတာ

တွေ ဘုရားရှင်အား မေးမြန်းတဲ့အခါ ဘုရားရှင် ဖြေကြားတာတွေကို နှစ်သက်ပြီးပီတိဖြစ်လွန်းလို့

♦ ကာရဏကာလိပုဏ္ဏားကတော့ ပိင်္ဂိယာနီပုဏ္ဏားကြီး ထံမှ ဘုရားရှင်ကိုချီးကျူးတဲ့ဂုဏ်တွေကို ကြားရတဲ့ အခါ ဝမ်းသာလွန်းလို့

♦ အာရာမဒဏ္ဍပုဏ္ဏားကတော့ ရှင်မဟာကစ္စည်း မထေရ်က ကာမရာဂ၊ ဒိဋ္ဌိရာဂနှစ်ပါးရဲ့ ဖမ်းစား ဝါးမျိုမှုကိုမခံရတဲ့ ဘုရားဆိုတာရှိကြောင်း ၎င်းသည် အရှေ့ဘက်ပိုင်း သာဝတ္ထိမြို့မှာ သီတင်းသုံးနေ ကြောင်း ညွှန်ပြတဲ့အခါ ဝမ်းမြောက်ဝမ်းသာဖြစ် လွန်းလို့

♦ ဖုဿဘုရားရှင် လက်ထက်အဖြစ်အပျက်အတွက်မို့ ဒီမှာဖော်ပြထားခြင်းဖြစ်ပါတယ်။

အထက်ဖော်ပြထားတဲ့အတိုင်း ဝမ်းမြောက် ဝမ်းသာဖြစ်မှုကို အခြေခံပြီး "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူ၍ (၃) ကြိမ် ရှိခိုး ကြခြင်း ဖြစ်ပါတယ်။

**နမောတဿအနက်**

| | |
|---|---|
| အရဟတော | - အလှူတော်မှန် အပူဇော်ကိုခံထိုက်သော |
| သမ္မာသမ္ဗုဒ္ဓဿ | - ကိုယ်တိုင်မှန်စွာ လေးသစ္စာကို ကောင်းစွာ သိမြင်တော်မူတတ်သော |
| တဿဘဂဝတော | - ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင် အား |
| နမော | - ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ |

ဒီနမောတဿ-ဘုရားရှိခိုးတွင် ဘုရားဂုဏ်တော်ကိုးပါး ထဲမှ အရဟံဂုဏ်တော်၊ ဘဂဝါဂုဏ်တော်နဲ့ သမ္မာ

**စိန်တိုင်ထွန်း**

သမ္ဗုဒ္ဓ ဂုဏ်တော် (၃) ပါးကို ထည့်သွင်းပူဇော်ထားရပါတယ်။ ၎င်း နမောတဿဘုရားရှိခိုးသည် အလွယ်ဆုံးနဲ့ အတိုဆုံးဘုရားရှိခိုးဖြစ်ပါတယ်။ သာသနာရေးလောကမှာ အတွင်ကျယ်ဆုံးသော ဘုရားရှိခိုးလည်းဖြစ်ပါတယ်။ ဘာသာရေးလုပ်ငန်းများတွင် အဓိကထား၍ ရွတ်ဆိုရသော ဘုရားရှိခိုးနည်း ဗုဒ္ဓဘာသာဝင်အားလုံးရဲ့ လက်စွဲဘုရားရှိခိုးလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဩကာသကန်တော့ခန်းတွင် ဘုရားရှိခိုးတစ်ခုအနေနဲ့ အသုံးပြုထားခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

[**ရည်ညွှန်း**-အရှင်ကုမာရ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ပဥ္စမအကြိမ် စာ ၂၂၈]

**စိန်တိုင်ထွန်း**

× × × × ×

# ငါးပါးသီလနိဒါန်း

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ ကျွန်တော် ခင်ဗျားတို့ကို သီလနှင့်ပတ်သက်၍ နိဒါန်း အနေနဲ့ ရှေ့ပိုင်းမှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့အပတ်က နမောတဿ သမိုင်းကြောင်းကိုလည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ သရဏဂုံသုံးပါးအကြောင်း ဆက်လက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအပတ်မှာ ငါးပါးသီလအကြောင်း ဆွေးနွေးဖို့အလှည့် ကျလာပါတယ်။

အောင် ။ ဆရာ ငါးပါးသီလကို အမျိုးမျိုးခေါ်နေကြတာကိုလည်း ကျွန်တော်သိချင်ပါတယ်၊ ဆက် ဆွေးနွေးပေးပါဦး ဆရာ။

ကျွန်ုပ် ။ ဟုတ်ကဲ့ . . ငါးပါးသီလကို နိဒါန်းအနေနဲ့ ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ ခင်ဗျားတို့အားလုံးသိကြပြီး ဖြစ်တဲ့အတိုင်း ငါးပါးသီလကို သိက္ခာပုဒ် (၅) ခုရှိတဲ့ အတွက် မြန်မာလို ငါးပါးသီလ၊ ပါဠိလို ပဉ္စသီလ တစ်သက်လုံးမကျိုးမပေါက် မပြောက်မကျားရအောင် သူတော်ကောင်းတို့ အလေးအမြတ်ပြုရမည့်အကျင့် ဖြစ်သောကြောင့် ဂရု=အလေးအမြတ်ပြု+ဓမ္မ=သီလတရား လို့ ဂရုဓမ္မသီလလို့လဲခေါ်ပါတယ်။ အိမ်ရာတည်ထောင်

လူဝတ်ကြောင်မှန်သမျှ စောင့်ထိန်းရတဲ့သီလဖြစ်သော ကြောင့် ဂဟဋ္ဌသီလ၊ ကိုယ်နှုတ်နှစ်ပါး (ကာယကံနှင့် ဝစီကံ) တို့ကို မကောင်းမှုများမပြုမိအောင် ရှောင်ကြဉ် ရတဲ့အတွက် ဝိရတီသီလ၊ အရိယာသူတော်ကောင်းတို့ နှစ်သက်မြတ်နိုးအပ်သော သီလဖြစ်သောကြောင့် နိစ္စ သီလ၊ လူတို့ ခါးဝတ်ပုဆိုးကဲ့သို့ အမြဲစောင့်ထိန်းရသော သီလဖြစ်သောကြောင့် နိစ္စသီလဟူ၍ ငါးပါးသီလကို အမျိုးမျိုးခေါ်ဆိုနေကြတာ ဖြစ်ပါတယ်။ လိုအပ်ချက် များ ရှင်းလင်းအောင် ထပ်မံ၍ရှင်းပြပါမယ်။

**ဂရုဓမ္မသီလ**

မာဂဓီသာစည်ဆရာတော်၏ အခါတော်နေ့များ ဖော်ပြရာမှာ ဂရုဓမ္မအခါတော်နေ့လို့ ခေါ်ဆိုထားပါ တယ်။ ဇာတ်အဋ္ဌကထာတွင်မူ ဂရုဓမ္မဟူ၍ ဖော်ပြ ထားတာ တွေ့ရပါတယ်။ ကုရုဓမ္မောနာမ ပဉ္စသီလနို ဟူ၍ ဆိုထားသဖြင့် ကုရုဓမ္မကို ငါးပါးသီလဟု ဆိုထားခြင်းဖြစ်ပါတယ်။ ကုရုဓမ္မ ဂရုဓမ္မတို့မှာ အတူ တူပင် မှတ်ယူရမှာဖြစ်ပါတယ်။

ရှေးအခါက ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည် (ယခု အိန္ဒိယနိုင်ငံ၊ နယူးဒေလီအရပ်) ၌ ဓနဉ္စယကောရဗျ မင်း အုပ်စိုးစဉ်အခါက ဘုရားအလောင်းတော်မှာ ထို မင်းမိဖုရားကြီး ဝမ်းကြာတိုက်တွင် ပဋိသန္ဓေတည်နေ ခဲ့ပါတယ်။ ဖွားမြင်လာပြီး အရွယ်ရောက်လာတဲ့အခါ တက္ကသိုလ်ပြည်သို့ ပညာသင်သွားရောက်၍ အတတ် ပညာနှင့်ပြည့်စုံတဲ့အခါ တိုင်းပြည်သို့ပြန်ရောက်လာပြီး အိမ်ရှေ့မင်းဖြစ်လာခဲ့ပါတယ်။ ခမည်းတော်မင်းကြီး

ကွယ်လွန်တဲ့အခါ မင်းအဖြစ်ကိုရရှိပြီး တိုင်းပြည်ကို တရားနှင့်အညီ အုပ်ချုပ်ကာ တိုင်းသူပြည်သားတို့အား ကုရုဓမ္မခေါ် ငါးပါးသီလကို လိုက်နာကျင့်သုံးစေခဲ့ပါတယ်။ တိုင်းပြည်တွင် အလှူမဏ္ဍပ်ကြီးများထိုးကာ နေ့စဉ်နေ့တိုင်း တစ်နေ့အသပြာ (၆) သိန်း အကုန်အကျခံ၍ အလှူပေးပါတယ်။

ကုရုတိုင်းရင်းသားတို့၏ သီလတန်ခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်ကာ သာယာအေးမြခြင်း၊ ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်ခြင်း စသည်တို့ကြောင့် ကုရုတိုင်းက တိုင်းသားတွေဟာ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နေထိုင်နိုင်ခဲ့ကြပါတယ်။ ထိုအချိန်သည် မိုးတွင်းကာလဖြစ်ရမည်ဆိုတဲ့ ယူဆချက်နဲ့ တော်သလင်းလပြည့်နေ့ကို ကုရုဓမ္မအခါတော်နေ့ဟု သတ်မှတ်ကာ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ငါးပါးသီလကို ကုရုဓမ္မသီလ (ဝါ) ဂရုဓမ္မသီလဟု ခေါ်ဆိုရခြင်းဖြစ်ပါတယ်။

**အရိယကန္တသီလ**

ငါးပါးသီလဟာ အရိယာသူတော်စင်ပုဂ္ဂိုလ်များ မြတ်နိုးအပ်တဲ့သီလဖြစ်လို့ အရိယကန္တသီလလို့လည်း ခေါ်ပါတယ်။ ငါးပါးသီလကို တကယ်တမ်းပြည့်ပြည့်ဝဝ စောင့်ထိန်းမည်။ လုံခြုံအောင် စောင့်ထိန်းမည်ဆိုပါက ဒီလိုစောင့်ထိန်းတဲ့သူကို အရိယာသူတော်စင်တွေက မြတ်နိုးကြမှာ အမှန်ဖြစ်ပါတယ်။

ဥပမာအနေနဲ့ တင်ပြရပါက ငါးပါးသီလတွင် ပါဝင်တဲ့ ပါဏာတိပါတသိက္ခာပုဒ်ကို တကယ်တမ်း

ပြည့်ပြည့်ဝဝ စောင့်ထိန်းမည်။ လုံခြုံအောင်စောင့်ထိန်းမည်ဆိုရင် ထိုသူကို အရိယာသူတော်စင်တွေက မြတ်နိုးကြမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပြည့်ပြည့်ဝဝစောင့်ထိန်းခြင်း ရှိမရှိနဲ့ ပတ်သက်လို့ မိမိနဲ့ဆက်ဆံနေရသူတွေက အဆုံးအဖြတ်ပေးမှာဖြစ်ပါတယ်။ မိမိနဲ့ဆက်ဆံရတဲ့သူတွေက မိမိနဲ့ ဆက်ဆံနေရခြင်းကို မြတ်နိုးကြသည်ဆိုပါက မိမိဟာ တကယ်တမ်း ပြည့်ပြည့်ဝဝ စောင့်ထိန်းနိုင်သွားပြီ ဆိုတာ သိသာထင်ရှားပါတယ်။

**နိစ္စသီလ**

ဒါ့အပြင် လူတို့အနေနဲ့ အမြဲတမ်းစောင့်ထိန်းအပ်တဲ့ သီလဖြစ်လို့ ငါးပါးသီလကိုနိစ္စသီလဟူ၍လည်း ခေါ်ဆိုခြင်းဖြစ်ပါတယ်။ မိမိတို့ခါးတွင် ဝတ်ဆင်ထားတဲ့ပုဆိုးကို ကျွတ်မကျအောင် ဝတ်ဆင်နေရသလို ငါးပါးသီလကို မကျိုးမပေါက်အောင် သတိဖြင့် စောင့်ထိန်းခြင်းကို တင်စား၍ခေါ်ဆိုခြင်းဖြစ်ပါတယ်။ မိမိတို့ခါးတွင်ဝတ်ဆင်ထားတဲ့ပုဆိုး ကျွတ်ကျသွားပါက ပရိသတ်အလယ်တွင် အရှက်ရကြရသလို ငါးပါးသီလကို အမြဲမစောင့်ထိန်းသူမှာလည်း လောကတွင်အရှက်ရနေကြမည်သာဖြစ်ပါတယ်။

ဒီနေရာမှာ သတိပြုရမှာက လူတွေအနေနဲ့ ခါးတွင် ဝတ်ထားတဲ့ပုဆိုးကျွတ်ကျရင် လောကတွင် အရှက်ရဖွယ်ဆိုတာ လက်သင့်ခံကြပေမဲ့ ငါးပါးသီလမမြဲခြင်းကိုတော့ လောကတွင် အရှက်ရဖွယ်ဟူ၍ မမှတ်ယူတတ်ကြပါဘူး။ အူမတောင့်မှ သီလစောင့်နိုင်မှာပေါ့။

အူမ မတောင့်ရင် သီလဘယ်စောင့်နိုင်မှာလဲ။ ဒါဟာ ရှက်စရာမဟုတ်ပါဘူးလို့ လူမိုက်တွေက ဆင်ခြေဆင်လက် ပေးကြပါတယ်။ ဒီလိုဆင်ခြေပေးတာဟာ တိရစ္ဆာန်တွေအမြင်နဲ့ ထူးမခြားနားသာဖြစ်ပါတယ်လို့ မှတ်ယူနိုင်ပါတယ်။

တိရစ္ဆာန်တွေဟာ သူတို့ကိုယ်မှာအဝတ်မရှိသဖြင့် ရှက်စရာဟူ၍မထင်မှတ်ကြသလို လူမိုက်တွေကလည်း ငါးပါးသီလမမြဲခြင်းကို ရှက်စရာဟူ၍ မမှတ်ယူတတ်ကြ။ ဒါကြောင့် လူမိုက်တွေရဲ့အမြင်နဲ့ တိရစ္ဆာန်တွေရဲ့အမြင်ဟာ သိပ်ပြီးခြားနားမှုမရှိတာ တွေ့ရမှာဖြစ်ပါတယ်။ လောကမှာ လူလိမ္မာနဲ့လူမိုက်ဟာ လူမိုက်တွေကသာ များတာဖြစ်တယ်။ စီမံဖန်တီးခွင့်ရှိတဲ့နေရာတွေမှာလည်း လူမိုက်တွေကသာ အရများတတ်ကြပါတယ်။ ဒါကြောင့် လူ့ဘောင်လောက ငြိမ်းချမ်းသာယာရေးရရှိအောင်ဆောင်ရွက်ဖို့ အတော်ပင်ခက်ခဲနေတာ တွေ့ရမှာဖြစ်ပါတယ်။

လောကတွင် လူမိုက်တွေဘယ်လောက်ပင်များပါစေ မိမိတို့ရဲ့တာဝန်အရ ငါးပါးသီလကို မိမိတို့အနေဖြင့်လည်း စောင့်ထိန်းပါ၊ သူတစ်ပါးကိုလည်း စောင့်ထိန်းဖြစ်အောင် စွမ်းအားရှိသလောက် စွဲဆောင်ကြရမှာဖြစ်ပါတယ်။ ဒါမှလည်း မိမိတို့အပေါ်ကျရောက်လာတဲ့ တာဝန်တွေကို တတ်နိုင်သမျှ ကျေပွန်အောင် ဆောင်ရွက်ရာရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ဟာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ ကျွတ်မကျဘဲ မြဲအောင် စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။

အချုပ်တင်ပြရရင် ငါးပါးသီလဟာ လောကကို ငြိမ်းချမ်းစေနိုင်သော သာယာချမ်းမြေ့စေသော လူသားအားလုံးရဲ့ အခြေခံအကျဆုံး ကျင့်စဉ်လည်း ဖြစ်ပါတယ်။ ဒီလိုပြောရခြင်းမှာ ငါးပါးသီလကို လူမျိုးမရွေး၊ ဘာသာမရွေး၊ လူသားတိုင်း၊ လူသားတိုင်း လောကငြိမ်းချမ်းရေး၊ သာယာချမ်းမြေ့စေရေးအတွက် လိုက်နာကျင့်သုံးရမယ့် လောကပါလ (လောကကို စောင့်ရှောက်တဲ့) ကျင့်စဉ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့် ငါးပါးသီလကို မြဲအောင်စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်လို့ နိဒါန်းအနေနှင့်တင်ပြရခြင်း ဖြစ်ပါတယ်။

စိန်တိုင်ထွန်း

× × × × ×

## ငါးပါးသီလ

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။
အောင် ။ ဟုတ်ကဲ့ပါဆရာ။
ကျွန်ုပ် ။ ပြီးခဲ့တဲ့အပတ်က ငါးပါးသီလကို နိဒါန်းအနေနဲ့ တင်ပြပေးခဲ့ပါတယ်။
အောင် ။ ဒီတစ်ပါတ်တော့ ငါးပါးသီလအကြောင်း ဆက်လက်တင်ပြပါ့မယ်၊ ငါးပါးသီလကို ရှေးဦးစွာ အောက်ပါအတိုင်း မှတ်ထားပါ-

- ♦ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
- ♦ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
- ♦ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
- ♦ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
- ♦ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

**ပါဏာတိပါတ သိက္ခာပုဒ်အဖွင့်**

ပါဏာတိပါတာ-သူတစ်ပါးအသက်ကို သတ်ခြင်းမှ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ရကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို သမာဒိယာမိ-စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။

"သူတစ်ပါးအသက်ကို သတ်ခြင်းမှရှောင်ကြဉ်ပါ၏" ဟူလို

ဤနေရာ၌ သူတစ်ပါးအသက်ဟုဆိုရာတွင် မိမိမှ တစ်ပါးသော အားလုံးသော သက်ရှိသတ္တဝါများ ၏ အသက်ကိုဆိုလိုသည်။ ထို့ကြောင့် လူ၏အသက်ကို သာမက ပိုးရွ၊ ခြင်ပုန်း၊ ကြမ်းပိုး၊ သန်း၊ ဥ၊ ခရု၊ ယောက် သွား၊ ကျွဲ၊ နွား၊ တိရစ္ဆာန်စသော သက်ရှိသတ္တဝါများ၏ အသက်ကိုလည်း မသတ်ရပေ။ သတ်လျှင် ပါဏာတိ ပါတ ဖြစ်ပါတယ်။

သတ်သည်ဆိုရာမှာလည်း သူတစ်ပါးကို ကိုယ် တိုင် သတ်ဖြတ်မှုဆိုတဲ့ ကာယပယောဂ သတ်လိုက် စသည်ဖြင့် စေခိုင်းမှုဆိုတဲ့ ဝစီပယောဂကိုဖြစ်စေတတ် သော ဝဓက (သတ်ကြောင်း) စေတနာကို ပါဏာတိ ပါတဟူ၍ မှတ်ပါ၊ ဆိုလိုသည်မှာ ပါဏာတိပါတစတဲ့ အကုသိုလ်ကံတွေဟာ ကမ္မပထ မြောက်သည့်အရာ လည်းရှိသလို ကမ္မပထ မမြောက်တဲ့အရာလည်း ရှိပါ တယ်။ ကမ္မပထ မြောက်လျှင် အပါယ်ဘုံ၌ ပဋိသန္ဓေ အကျိုးကို ပေးနိုင်တဲ့ ဇနကသတ္တိစကေန်ရှိပါတယ်။ ကမ္မပထ မမြောက်ပါမူ ပဋိသန္ဓေအကျိုးကို ပေးနိုင်၊ မပေးနိုင် ကျိန်းသေမဟုတ်တော့ပေ။ တစ်မျိုးပေးနိုင်ပြီး တစ်မျိုးမပေးနိုင်ပါ။

ဒီနေရာမှာ ကမ္မပထအကြောင်း အနည်းငယ် ရှင်းပြပါ့မယ်။ ကမ္မပထဆိုတာ ပါဠိစကားပါ။ ကမ္မ ဆိုတာ မိမိပြုလုပ်တဲ့ ကောင်းမှုကံ၊ မကောင်းမှုကံတို့ကို ဆိုပါတယ်။ ပထဆိုတာကတော့ ထိုမိမိပြုလုပ်ထားတဲ့ ကံအလျောက် သွားရောက်ရမည့်လမ်းကြောင်း (သို့ မဟုတ်) နေရာကို ဆိုလိုပါတယ်။ ဒါကြောင့် ကမ္မပထ

မြောက်တယ်ဆိုတာ မိမိလုပ်ထားတဲ့ ကံ၏သွားရမည့် လမ်းကြောင်းကို ဆိုလိုတာပါ။ အချုပ်မှတ်ရင် ကမ္မပထ မြောက်တယ်ဆိုတာ အထမြောက်သောကံကိုဆိုလိုတာ ပါ။ (တစ်နည်း) ပြစ်မှုဆိုင်ရာဥပဒေတွင် ပြစ်မှုမြောက် သည်ဆိုရာနဲ့လည်း တူပါတယ်။ ကံအထမြောက်သွားပြီ ဆိုရင် ကောင်းကံဖြစ်ရင် ကောင်းကျိုးပေးပြီး၊ မကောင်း ကံမြောက်ရင် မကောင်းကျိုးပေးတော့မှာ သေချာပါ တယ်။

ဒီနေရာမှာ မိမိပြုလုပ်တဲ့ကံ အထမြောက် မမြောက်ကို ဆုံးဖြတ်ရာမှာ သက်ဆိုင်ရာကံ၏အင်္ဂါ (လက္ခဏာ) စုံ မစုံကို ကြည့်ရမှာဖြစ်ပါတယ်။ ပါဏာတိ ပါတကံ၏ ကမ္မပထမြောက်ဖို့ရာ အောက်ပါဖော်ပြပါ အင်္ဂါလက္ခဏာများနှင့် ညီညွတ်ရမှာဖြစ်ပါတယ်။

အင်္ဂါလက္ခဏာများမှာ-

(၁) သတ္တဝါဖြစ်ခြင်း၊

(၂) သတ္တဝါဟုသတ်မှတ်ခြင်း၊

(၃) သတ်လိုသော၊ သေစေလိုသော စေတနာရှိခြင်း၊

(၄) သေစေရန်ပြုလုပ်အားထုတ်ခြင်း၊

(၅) ထိုသို့ပြုလုပ်အားထုတ်မှုကြောင့် သေခြင်းတို့ဖြစ်ပါ တယ်။

အထက်ပါအင်္ဂါ (၅) ပါးနှင့် ပြည့်စုံလျှင် ပါဏာတိပါတ ကမ္မပထမြောက်ပါတယ်။ ကမ္မပထ မြောက်ပြီဆိုလျှင် သေလွန်သောအခါ အပါယ်ဘုံ၌ ကျရောက်ပါတယ်။ ထိုအင်္ဂါ (၅) ပါးအနက် တစ်ခုခု ချို့တဲ့ရင် ပါဏာတိပါကံ မထိုက်ပါ။ သတ်သည်

မပြည့်ပါ။ ကံမျှသာဖြစ်၍ ကမ္မပထ မမြောက်သော ကြောင့် အပါယ်မလားနိုင်သော်လည်း အကုသိုလ်တော့ ဖြစ်ပါတယ်။ မကောင်းကျိုးများ အထိုက်အလျောက် တော့ ခံရမည်ဖြစ်ပါသည်။

ဥပမာ-လမ်းသွားရင်း မတော်တဆနင်းမိ၍ ပိုး ကောင်ငယ်များ၊ ပုရွက်ဆိတ်များ စသည်တို့သေခြင်းမှာ ကျန်အင်္ဂါ (၄) ပါးနှင့်ညီညွတ်သော်လည်း သေစေ လိုစိတ် မရှိသောကြောင့် ပါဏာတိပါတကံမထိုက်ပေ။

ပါဏာတိပါတကံချင်း သူ့အသက်သတ်မှုချင်း တူသော်လည်း အခြေအနေအမျိုးမျိုးကိုလိုက်၍ အပြစ် ကြီးငယ်ကွဲပြားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ သတ္တဝါ အကြီးအငယ်ကိုလိုက်၍ဖြစ်စေ၊ သတ္တဝါ၏ကိုယ်ကျင့် သီလ ဂုဏ်သိက္ခာကိုလိုက်၍ဖြစ်စေ၊ အပြစ်ကြီးအပြစ် ငယ် ခြားနားပါတယ်။ လူ စသည်သတ္တဝါတို့၌ အကျင့် သီလ စသည်နည်းလျှင် အပြစ်ငယ်၍ အကျင့်သီလ စသည် ကြီးလျှင် အပြစ်ကြီးပါတယ်။ ခန္ဓာကိုယ်နှင့် သီလ စသည် ဂုဏ်တို့တူညီရာမှာလည်း စေတနာလုံ့လ နည်းလျှင် အပြစ်နည်း၍ စေတနာလုံ့လအားကြီးလျှင် အပြစ်ကြီးပါတယ်။ အကျင့်သီလဂုဏ်သိက္ခာမရှိသော တိရစ္ဆာန် စသော သတ္တဝါတို့၌ ခန္ဓာကိုယ်ငယ်လျှင် အပြစ်ငယ်၍ ခန္ဓာကိုယ်ကြီးလျှင် အပြစ်ကြီးပါတယ်။ ကိုယ်ကာယအကောင်အထည်လည်း တူညီ၊ အကျင့် သီလဂုဏ်သိက္ခာလည်း တူညီနေလျှင်မူ သတ်သော အခါ၌ လုံ့လပယောဂစိုက်ထုတ်မှုကြီးက အပြစ်ပိုကြီး၍ လုံ့လပယောဂနည်းက အပြစ်ငယ်ပေသည်။

**ပါဏာတိပါတကံလွန်ကျူးပြစ်နှင့် ရှောင်ကြဥ်ရကျိုး**

မည်သည့်သတ္တဝါကိုမဆို သတ်ဖြတ်ညှဥ်းဆဲသူသည် သေသောအခါ၌ ငရဲ၌ဖြစ်ရသည်။ ငရဲမှလွတ်၍ လူဖြစ်လာလျှင်လည်း အောက်ပါအပြစ်များကို ခံစားရပါတယ်။

(၁) ကိုယ်လက်အင်္ဂါချို့တဲ့တတ်ခြင်း၊
(၂) အရုပ်ဆိုးခြင်း၊
(၃) အားအင်ချည့်နဲ့ခြင်း၊
(၄) လျင်မြန်ဖြတ်လတ်မှုမရှိခြင်း၊
(၅) ဘေးရန်တွေ့က ကြောက်ရွံ့လွယ်ခြင်း၊
(၆) သူများသတ်၍သေရခြင်း၊ မိမိကိုယ်မိမိသတ်၍လည်း သေရခြင်း၊
(၇) အနာရောဂါများခြင်း၊
(၈) ခြွေရံပျက်စီးခြင်း၊
(၉) အသက်တိုခြင်း . . . စသည်အပြစ်များစွာ ခံစားရတတ်သည်။

လင်္ကာ-ပါဏာတိပတ် သူ့သက်သတ်က ချို့တဲ့အင်္ဂါ မွဲပြာရုပ်သွင် အားအင်ယိုယွင်း၊ လျင်ခြင်းလည်းဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရာ အနာများလျက် ခြွေရံပျက်၍ အသက်တိုလှ ပြစ်များစွာသည် ရှောင်ကအပြန် အကျိုးသည်။

မှတ်ရန်။ ပါဏာတိပါတ စသော ငါးပါးသီလသိက္ခာပုဒ်များမှာ ဆောက်တည်သူဖြစ်စေ၊ မဆောက်တည်သူဖြစ်စေ လွန်ကျူးလျှင် အပါယ် (၄) ပါးသို့ ကျရောက်စေနိုင်သောကြောင့် မည်သူမဆို အမြဲစောင့်ထိန်းရမည့်

ကိုယ့်ကျင့်တရားများဖြစ်ပါတယ်။ ဝိကာလဘောဇနာ၊ နစ္စ၊ ဂီတ စတဲ့ အခြားသိက္ခာပုဒ်တွေမှာမူ မဆောက်တည်နိုင်လျှင် အပြစ်မကြီးလှ၊ အပါယ်သို့မကျစေနိုင်၊ ဆောက်တည်နိုင်လျှင်မူကား ဆောက်တည်ထားသော သိက္ခာပုဒ်ကိုအကြောင်းပြု၍ အကုသိုလ်ဖြစ်ခွင့်မရတော့ဘဲ ကုသိုလ်တရားသာ တိုးပွားဖွယ်ရှိသောကြောင့် မည်သည့် သိက္ခာပုဒ်မဆို ဆောက်တည်နိုင်လျှင် အကျိုးများပါတယ်လို့ အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက အမိန့်ရှိခဲ့ပါတယ်။

**ပါဏာတိပါတကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု**

ရှေးအခါက အိမ်ရှင်မတစ်ဦးသည် ဧည့်သည်ကျွေးမွေးရန် ဟင်းလျာမရှိသဖြင့် အိမ်မှာရှိသော သိုးကလေးကိုသတ်၍ ချက်ပြုတ်ကျွေးမွေးဧည့်ခံ၏။ ထိုမကောင်းမှုကံကြောင့် သေသောအခါ ထိုသိုးကလေး၏ အမွေးအရေအတွက်နှင့်အမျှ နှစ်ပေါင်းများစွာ ငရဲ၌ ကျခံရသည်။ ငရဲမှထွက်သောအခါတွင်လည်း ဘဝများစွာ သူတစ်ပါးအသတ်ခံရ၍ သေရလေသည်။

စိန်တိုင်ထွန်း

× × × × ×

# ငါးပါးသီလ (၂)

စိန်တိုင်ထွန်း

## အဒိန္နာဒါနသိက္ခာပုဒ်အဖွင့်

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ=မပေးအပ်သော သူ့ဥစ္စာကိုခိုးယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ကို သမာဒိယာမိ-ပါ၏။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏ဟူလို။

ကိုယ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ သူတစ်ပါးတို့ကမပေးသော ဥစ္စာကိုခိုးယူခြင်း၊ ဓားပြတိုက်ယူခြင်း၊ လိမ်ညာယူခြင်း၊ လုည့်ပတ်ယူခြင်း၊ အရောင်းအဝယ်ပြုလုပ်ရာ၌ အလေးတင်းတောင်း ချိန်ခွင် စသည်ဖြင့် မမှန်မကန်ပြုခြင်း ရောင်းကုန်တိုးအောင် ရေထိုးခြင်းစသည်ဖြင့် မရိုးမသား မတရားပြုလုပ်၍ ယူခြင်းမှန်သမျှသည် အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ရာရောက်ပါတယ်။

အဒိန္နာဒါနအင်္ဂါ (၅) ပါး

(၁) သူတစ်ပါးဥစ္စာဖြစ်ခြင်း

(၂) သူတစ်ပါးဥစ္စာဟုလည်းသိခြင်း

(၃) ခိုးယူလိုသောစိတ်စေတနာရှိခြင်း

(၄) ခိုးယူကြောင်းဖြစ်သော ကိုယ်နှုတ်လုံ့လတစ်ခုခုကိုပြုလုပ်ခြင်း

(၅) ခိုးယူခြင်း

ဖော်ပြပါအင်္ဂါ (၅) ပါးစုံလျှင် အဒိန္နာဒါန ကမ္မပထ မြောက်ပါတယ်။ ကမ္မပထမြောက်ကျူးလွန်လျှင် သေသောအခါ အပါယ်ဘုံဘဝ၌ကျရောက်ရပါတယ်။ ထို့အပြင် အောက်ပါမကောင်းကျိုးများလည်း ရရှိခံစားရပါတယ်။ အဒိန္နာဒါနကိုပြုမိသူသည်-

(၁) မွဲကတ်ခြင်း၊

(၂) ဆင်းရဲတတ်ခြင်း၊

(၃) ငတ်မွတ်ခြင်း၊

(၄) အလိုရှိသောအရာကိုမရနိုင်ခြင်း၊

(၅) ကူးသန်းရောင်းဝယ်မှုမတတ်ခြင်း စသည်တို့ကြောင့် စည်းစိမ်ပျက်တတ်ခြင်း၊

(၆) ရန်သူမျိုးငါးပါး၏ဖျက်စီးမှုကြောင့် ဥစ္စာပျက်ပြားရခြင်း စသည်တို့ကိုခံစားရပါတယ်။

(ဆောင်) အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည် ရှောင်ခါအပြန်အကျိုးတည်း။

## အပြစ်ကြီးအပြစ်ငယ်

အပြစ်ကြီးမှုအပြစ်ငယ်မှုမှာ ဥစ္စာရှင်၏ အကျင့်သီလ ဂုဏ်သိက္ခာကိုလိုက်၍လည်းကောင်း၊ ဥစ္စာတန်ဖိုးအနည်းအများကိုလိုက်၍လည်းကောင်း ဖြစ်ပါတယ်။ အကျင့်သီလသိက္ခာဂုဏ်နှင့်ပြည့်စုံသူ၏ ဥစ္စာကိုခိုးယူပါက အပြစ်ကြီး၏ အကျင့်သီလသိက္ခာဂုဏ်နည်းပါးသူ၏ ပစ္စည်းကိုခိုးယူခဲ့သော် အပြစ်ငယ်ပါတယ်။

## အဒိန္နာဒါနကံပျက်လျှင်ခံရမည့် အပြစ်ပြဝတ္ထု

ရှေးအခါက စျေးသည်မိန်းမလေးယောက်တို့သည် မမှန်သောအလေးချိန်ခွင်တို့ဖြင့် ရောင်းချပြီး ဥစ္စာပစ္စည်းများ စုဆောင်းကြသည်။ အရွယ်ကောင်းတုန်းမှာပင် သေလွန်၍ပြိတ္တာများဖြစ်ကြသည်။ မိမိတို့ရှေ့ကပြုခဲ့သော မကောင်းမှုများကိုသိမြင်ရရှိသာမက ကျန်ရစ်သော ယောက်ျားတို့က နောက်မယားများယူသည့်ပြင် မိမိတို့ ရှာဖွေစုဆောင်းထားသော ဥစ္စာပစ္စည်းများဖြင့် သုံးဖြုန်းပျော်ပါးနေကြသည်ကိုပါ တွေ့မြင်ကြရသည်။ "ငါတို့မှာတော့ ဒီပစ္စည်းတွေကို မတရားရှာဖွေခဲ့လို့ ဒုက္ခခံနေကြရပြီ။ သူတို့မှာတော့ နောက်မယားတွေနှင့် ပျော်ပျော်ပါးပါး စားသုံးဖြုန်းတီးရက်ကြပါပေတယ်" ဟု အော်ဟစ် မြည်တမ်းနေကြလေသည်။

## ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်အဖွင့်

ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။ ကာမေသုမိစ္ဆာစာရာ ကာမဂုဏ်တို့၌ ကဲ့ရဲ့ထိုက်စွာ ယုတ်မာသောအကျင့်မှ၊ ဝေရမဏိသိက္ခာပဒံ-ကို သမာဒိယာမိ-ပါ၏။ "သူ့မယားကိုလွန်ကျူးခြင်း (ကိုယ့်လင်မှ တစ်ပါးသောယောက်ျားနှင့်ဖောက်ပြားခြင်းမှ) ရှောင်ကြဉ်ပါ၏ဟူလို။

သူတစ်ပါး၏မယားနှင့် အုပ်ထိန်းခြင်းမကင်းသော သမီးပျိုများကို ကျူးလွန်ခြင်း၊ အမျိုးကောင်းသမီးများအတွက်မူ မိမိပိုင်ကာမပိုင်လင်ယောက်ျားမှ တစ်ပါး အခြားမည့်သည့်ယောက်ျားနှင့်မဆို မေထုန်

ကျူးလွန်ခြင်းတို့မှာ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်ပါသည်။

ကာမေသုမိစ္ဆာစာရအင်္ဂါ (၄) ပါး

(၁) မသွားလာအပ်သောမိန်းမ (၂၀) ဖြစ်ခြင်း၊
(၂) မှီဝဲလိုသောစိတ်ရှိခြင်း၊
(၃) လုံ့လပြုခြင်း၊
(၄) သာယာခြင်း . . တို့ဖြစ်ပါတယ်။

ဖော်ပြပါအင်္ဂါ (၄) ပါးနှင့်ညီညွတ်လျှင် ကာမေသု မိစ္ဆာစာရကံ ကျူးလွန်ရာရောက်ပါသည်။ ကာမေသု မိစ္ဆာစာရ အင်္ဂါရပ်တွင်ပါဝင်သော မသွားလာအပ်သော မိန်းမ (၂၀) မှာ

(၁) မိခင်အုပ်ထိန်းသောမိန်းမ
(၂) ဖခင်အုပ်ထိန်းသောမိန်းမ
(၃) မိဘနှစ်ပါးအုပ်ထိန်းသောမိန်းမ
(၄) မောင်ကြီးမောင်ငယ်အုပ်ထိန်းသောမိန်းမ
(၅) အစ်မညီမစောင့်ထိန်းသောမိန်းမ
(၆) ဆွေမျိုးအုပ်ထိန်းသောမိန်းမ
(၇) အမျိုးအနွယ်အုပ်ထိန်းသောမိန်းမ
(၈) တရားကျင့်ဖော်ခြင်းအုပ်ထိန်းသောမိန်းမ
(၉) ပြောဆိုကြောင်းလမ်းပြီးသောမိန်းမ
(၁၀) မင်းတို့သိမ်းပိုက်ရန် ရည်ရွယ်ထား၍ မင်းဒဏ်မကင်းသောမိန်းမ
(၁၁) ဥစ္စာဖြင့်ဝယ်ယူပေါင်းသင်းနေသောမိန်းမ
(၁၂) အလိုတူ၍ပေါင်းသင်းနေသောမိန်းမ
(၁၃) ဥစ္စာစည်းစိမ်အပ်နှင်း၍ ပေါင်းသင်းနေသော မိန်းမ

(၁၄) အဝတ်တန်ဆာဆင်ပေး၍ ပေါင်းသင်းသောမိန်းမ
(၁၅) လူကြီးစုံရာ လက်ထပ်ပေါင်းသင်းသောမိန်းမ
(၁၆) ထင်းရှာရေခပ်လုပ်ကိုင်ရသောမိန်းမအား ထို အလုပ်ကိုမလုပ်စေဘဲ မယားအဖြစ်ပေါင်းသင်း သော မိန်းမ
(၁၇) ကျွန်လည်းဟုတ် မယားလည်းဟုတ်သောမိန်းမ
(၁၈) အလုပ်သမားလည်းဟုတ်၊ မယားလည်းဟုတ်သော မိန်းမ
(၁၉) မယားအဖြစ် ပေါင်းသင်းခံရသော သုံ့ပန်းမိန်းမ
(၂၀) ခေတ္တမယားပြုအပ်သောပြည်တန်ဆာမ

**အပြစ်ကြီးအပြစ်ငယ်**

သီလမရှိသူ၌ လွန်ကျူးလျှင် အပြစ်ငယ်ပြီးသီလ ရှိသူ၌ လွန်ကျူးလျှင် အပြစ်ကြီးပါတယ်။ ဥပမာ နန္ဒ လုလင်သည် ရဟန္တာမဥပ္ပလဝဏ်ထေရီကို ကျူးလွန် မိ၍ ချက်ချင်းအဝီစိငရဲကျခံရပါတယ်။ သီလရှိသူ အပေါ်၌ အနိုင်အထက် အတင်းအဓမ္မကျူးလွန်လျှင် အပြစ်ကြီးပါတယ်။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခြင်းကြောင့် အောက်ပါအကျိုးများ ခံစားရပါတယ်။

၁။ ကာမေသုမိစ္ဆာစာရ အားကြီးသောသူသည် မလို မုန်းထားသူပေါများခြင်း၊
၂။ မုန်းရှုံသာမက ရန်သူလည်းများခြင်း၊
၃။ လာဘ်ပစ္စည်းများ ရှားပါးတိတ်ဆိတ်ခြင်း၊
၄။ ချမ်းသာမှုကင်းဆိတ်ခြင်း၊
၅။ မိန်းမဖြစ်ရခြင်း၊

၆။ မိန်းမမဟုတ် ယောကျ်ားမဟုတ် ပဏ္ဍုက် ဖြစ်ရခြင်း၊

၇။ ယောကျ်ားဖြစ်လျှင်လည်း အမျိုးယုတ်၌ဖြစ်ရခြင်း၊

၈။ မျက်နှာပျက်၍ အရုက်ကွဲရခြင်း၊

၉။ အင်္ဂါလက္ခဏာကန္ဒြေတို့ ယွင်းချို့သေးသိမ်ခြင်း၊

၁၀။ စိုးရိမ်ကြောင့်ကြအားကြီးရခြင်း၊

၁၁။ ချစ်သူနှင့်ကွေကွင်းရခြင်း

[ဆောင်] မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ကုတ္တိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာကန္ဒြေ၊ ယွင်းသွေချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည် ရှောင်ခါအပြန်အကျိုးတည်း။

**ကာမေသုမိစ္ဆာစာရကံပျက်လျှင်ခံရမည့်အပြစ်ပြ၀တ္ထု**

ကာမေသုမိစ္ဆာစာရအားကြီးသော သူဌေးသားလေးယောက်တို့၏ "လောဟကုမ္ဘီ" ခေါ် သံရေပူငရဲမှ ဒု, သ, န, သော ဟု ဟစ်အော်ကြပုံကိုလည်း လူအများကြားဖူးကြပြီးဖြစ်ပါတယ်။ အထူးဆင်ခြင်ဖွယ်ကောင်းသော အရှင်အာနန္ဒာအလောင်း၏ ဖြစ်ပုံလည်းရှိပါသေးသည်။ အရှင်အလောင်းသည် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးနောက် ကျွတ်တမ်းဝင်တော့မယ့် ဤကမ္ဘာမှာပင် တစ်ခုသောဘဝ၌ ရွှေပန်းတိမ်သားဖြစ်ခဲ့ပါတယ်။ ထိုဘဝတွင် လူလေလူလွင့်များနှင့်ပေါင်းမိ၍ ကာမေသု မိစ္ဆာစာရအမှုကို ပြုခဲ့ပါတယ်။ (လူမိုက်နှင့်ပေါင်းခြင်းကား ဤမျှလောက်အပြစ်များခဲ့ပါတယ်)

ထိုအကုသိုလ်ကံကြောင့် ရောရုဝငရဲ၌ နှစ်ပေါင်းများစွာကျ၏။ ပြီးနောက် လွတ်လာတဲ့အခါ မျောက်

ဖြစ်၍ ဝေ့းစေ့အဖောက်ခံရပါတယ်။ ထို့နောက် တစ်ဘဝတွင် နွားဖြစ်၍ သင်းကွပ် (ဝေ့းစေ့အထုတ်) ခံရပါတယ်။ လူဖြစ်သော်လည်း မိန်းမမဟုတ်၊ ယောက်ျားမဟုတ်၊ ပဏ္ဍုက်ဖြစ်ရပါတယ်။ ထို့နောက် (၅) ဘဝမြောက်၌ ကုသိုလ်ကံအခွင့်ရ၍ နတ်ပြည်၌ ဖြစ်ရပေမယ့် ထိုကာမေသုမိစ္ဆာစာရကံ နှောင့်ယှက်မှုကြောင့် နတ်သားမဖြစ်ဘဲ နတ်သမီးချည်း (၅) ဘဝ လုံးလုံး ဖြစ်ရပါတယ်။ ထိုဘဝတို့နောက်၌ လူ့ ပြည်မှာဘုရင့် သမီးဖြစ်ရပြန်ပါတယ်။ ထိုဘဝနောက်မှ ယောက်ျားဘဝကို ပြန်ရခဲ့တာဖြစ်ပါတယ်။

ကာမေသုမိစ္ဆာစာရကံကြောင့် ပါရမီရှင်ကြီးသော်မှ ငရဲကျရ၊ ဘဝများစွာ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတာကို သတိမူလျက် တစ်သံသရာ ထုံပါခဲ့သော ဝါသနာဆိုးကြီးကို တရားဖြင့်မထိန်းသိမ်းနိုင်လျှင် တကယ်တမ်းကြည်ဖြူ၍ ချစ်ဆွေဟူသော အိမ်ရှင် အိမ်သူနှင့်သာ ပေါင်းသင်းမိဖို့ရာ သတိပြုသင့်လှပါတယ်။

စိန်တိုင်ထွန်း

× × × × ×



## ငါးပါးသီလ (၃)

စိန်တိုင်ထွန်း

### မုသာဝါဒ သိက္ခာပုဒ်အဖွင့်

မုသာဝါဒ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ မုသာဝါဒ=မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ဝေရမဏိသိက္ခာပဒံ-ကို သမာဒိယာမိ-ပါ၏။ လိမ်လည်လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူလို။

မဟုတ်မမှန်သောစကားကိုဆိုရာ၌ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်ရေး၍လည်းကောင်း ကိုယ်လက်စသည်တို့ လှုပ်ပြ၍လည်းကောင်း လိမ်သမျှ ညာဖြန်းသမျှသည် မုသာဝါဒတွင်ပါဝင်သည်။ လိမ်လည်ပြောဆိုရာ၌ သူတစ်ပါး အကျိုးစီးပွားပျက်စီးအောင် လိမ်ညာပြောဆိုသောမုသားသည် အပါယ်ရောက်ကြောင်းဖြစ်ပါတယ်။ သူတစ်ပါးအကျိုးစီးပွား အနည်းငယ်ပျက်စီးလျှင် အပြစ်ငယ်၍ များစွာပျက်စီးလျှင် အပြစ်ကြီးပါတယ်။

ဤနေရာ၌ မှတ်သားရန်မှာ မုသာဝါဒဆိုသော်လည်း သူတစ်ပါးအကျိုးစီးပွားပျက်စီးအောင် လိမ်သောမုသားမျိုးသာ အပါယ်ရောက်ကြောင်းဖြစ်ပါတယ်။ ကိုယ့်ပစ္စည်းမပေးလို၍ လိမ်လည်သောမုသားမျိုး၊ ပြက်ရယ်ပြောင် လှောင်သောမုသားမျိုး၊ သူတစ်ပါး၏အကျိုးစီးပွားကို မပျက်စေဘဲ မိမိအပြစ်လွတ်အောင်

လိမ်ရသောမုသားမျိုး၊ မိမိရဲ့သားသမီးများ ပွဲလမ်းစသည်တို့သွားလျှင် အပြစ်ဖြစ်မှာစိုး၍ မသွားချင်အောင် လှည့်ပတ်ပြောဆို၍ အကျိုးပြုဆိုသောမိဘ၏ မုသားမျိုးမှာ ပြောပလောက်အောင် အပြစ်မကြီးပါ။ သို့သော် သိက္ခာပုဒ်တော့ ပျက်မည်ဆိုပါတယ်။

**မုသာဝါဒအင်္ဂါ (၄) ပါး**

(၁) မဟုတ်မမှန်သောအကြောင်းအရာဖြစ်ခြင်း
(၂) မဟုတ်မမှန်ပြောဆိုလိုစိတ်ရှိခြင်း
(၃) ပြောလည်းပြောခြင်း
(၄) လိမ်လည်ပြောဆိုသောစကားအဓိပ္ပာယ်ကို အလိမ်ခံရသူသိရှိခြင်းဖြစ်ပါတယ်။

ဖော်ပြပါအင်္ဂါများနှင့် ပြည့်စုံလျှင် မုသာဝါဒကံမြောက်ပါသည်။ မုသာဝါဒကံကျူးလွန်ခြင်းကြောင့် အောက်ပါဆိုးကျိုးများရရှိမည်ဖြစ်ပါသည် -

(၁) ယခုဘဝတွင် စကားပီပီသသမပြောတတ်ခြင်း၊
(၂) သွားများမညီမညာရှိခြင်း၊
(၃) ခံတွင်းပါးစပ်ပုပ်ညှီခြင်း
(၄) ကိုယ်အရေအသားအပူရှိန် ခြောက်ကပ်၍ စိုစိုပြေပြေမရှိခြင်း၊
(၅) မျက်စိ၊ နား စသော ဣန္ဒြေများ နောက်ကျကျရှိခြင်း၊
(၆) ရုပ်အဆင်းချို့တဲ့ခြင်း
(၇) သူတစ်ပါးအပေါ်၌ ဩဇာအာဏာမတည်ခြင်း၊
(၈) နှုတ်၊ လျှာ ပြောဆိုမှုကြမ်းတမ်းခြင်း၊
(၉) စိတ်မတည် လျှပ်ပေါ်လော်လည်တတ်ခြင်း

စသော များစွာသော အပြစ်များကို ခံစားရတတ်သည်။

[ဆောင်] မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီခြင်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေယွင်းနှောက်၊ ရုပ်ဆင်းဖောက်၍၊ မရောက်ဩဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်၊ ရှောင်ကြဉ်အပြန် အကျိုးတည်း။

**မုသာဝါဒကံနှင့်စပ်၍ အထူးမှတ်ဖွယ်**

မုသာဝါဒသည် ဝစီကံ (၄) ပါးတွင် အလွန်ဆိုးဝါးသော ကံတစ်ခုဖြစ်သည်။ ဘုရားလောင်းသူတော်ကောင်းများဟာ သံသရာတစ်ခွင် ကျင်လည်ခဲ့ကြစဉ်တုန်းက သူ့အသက်သတ်မှု၊ သူ့ဥစ္စာခိုးယူမှု၊ ကာမေသုမိစ္ဆာစာရ ကျူးလွန်မှု၊ အရက်သေစာသောက်စားမှုဆိုတဲ့ ကံတွေကို ရံဖန်ရံခါ ပြုလုပ်ခဲ့ကြပေမယ့် သူတစ်ပါးအကျိုးစီးပွားကို ပျက်စီးစေလိုတဲ့စိတ်နဲ့ မုသာဝါဒကံကို လုံးဝကျူးလွန်မှု မပြုခဲ့ကြပါ။

ကမ္ဘာဦးအခါ ပထမဦးဆုံး မုသာဝါဒကို ပြောဆိုခဲ့သော စေတိယတိုင်းပြည်ဝယ် စိုးစံခဲ့သော ဥပဝရခေါ် စေတိယမင်းဟာ အကြီးကိုအငယ် အငယ်ကိုအကြီးဟူ၍ မုသားပြောဆိုခဲ့ခြင်းကြောင့် ထိုစဉ်က မြေမြို ခံခဲ့ရပါတယ်။ ထိုစဉ်က ပြောဆိုခဲ့သော မုသားစကားမှာ ခုခေတ်အမြင်နဲ့ကြည့်ပါက လွန်လွန်းသည်။ ယုံနိုင်စရာတောင်မရှိဖူးလို့ ပြောဆိုနိုင်ပါတယ်။

အမှန်တော့မလွန်လွန်းပါ။ ထိုအချိန်က မုသားပြောဆိုသူရယ်ကို တစ်စုံတစ်ယောက်မျှမရှိသေးပါ၊

အားလုံးသစ္စာတည်ကြတဲ့အခါဖြစ်ပါတယ်။ ဥပမာ အနေနဲ့ပြောရမယ်ဆိုရင် - ညစ်စုတ်ပေရေနေသော လက်နှီးစုတ်တွင် အိုးမည်ထပ်ပေသော်လည်း ထူးခြားမှု ရှိမလာနိုင်ပါ။ အမည်းဟာ အမည်းပါပဲ။

ဖြူစင်သန့်ရှင်းသောပုဝါ၌မူ မြူမှုံလောက်ပင် တင်လျှင်ပင် ထင်ထင်ရှားရှားပေါ်လာသလို ပြည်သူ ပြည်သားအားလုံး သစ္စာတည်နေချိန်တွင်မူ ပထမဦး ဆုံးအကြိမ် ပြောဆိုသောမုသားမှာ အလွန်ထင်ရှား၍ အပြစ်လည်းကြီးပါတယ်။ ယခုခေတ်တွင်မူ အချို့လူကြီး လူကောင်း၊ ပညာရှိသူတော်ကောင်းဟူ၍ ဆိုကြသူတွေ ပင် "မုသားမပါ လင်္ကာမချော" ဆိုတဲ့စကားကို လက် သုံးပြုလျက် မုသားကိုရေလဲနဲ့ သုံးနေကြတဲ့ခေတ် ဖြစ်ပါတယ်။

ဒီလိုမုသားပြောကြသူများပေါ်များသော ဒီခေတ် တွင် မုသားပြောဆိုကြသူတိုင်း မြေမြိုရပါလျှင် မြေကြီး မင်း အားလပ်ခွင့်ရတော့မည်မဟုတ်ပေ။ ကမ္ဘာဦး၌ မုသားပြောဆိုတာလောက် ကြီးသောအပြစ်မျိုးကို ယခုအခါတွင် အပြစ်ဟူ၍ မဆိုသာတော့။ ထို့ထက်သာ ဆိုးဝါးသောအပြစ်ကြီးတွေ လွှမ်းမိုးနေသဖြင့် မုသား ပြောဆိုတဲ့အပြစ်မှာ သာမန်အပြစ်လောက်သာ ရှိပါ တော့တယ်။

ဒါပေမဲ့ ခေတ်အလျောက် မုသားပြောဆိုတဲ့ အပြစ်က မျက်မှောက်ဘဝတွင် အကျိုးမထင် ရှင်စေ ကာမူ သံသရာ၌ ဝဋ်လိုက်သောအပြစ်မှာ စေတိယ မင်းရဲ့အပြစ်မျိုးထက် သက်သာလှမည်တော့ မဟုတ်

ပေ။ တကယ့်သူတော် ကောင်းပါရမီရှင်မှန်လျှင် သစ္စာပါရမီကို လိုလိုချင်ချင် ဖြည့်ရမှာဖြစ်တဲ့အတွက် မုသားမှန်သမျှကို အသေးအဖွဲ့များမှစ၍ ရှောင်ကြဉ်ကာ သစ္စာပါရမီကိုသာ နှစ်နှစ်ကာကာ ဖြည့်ကျင့်ပါက မိမိ၌တည်တဲ့သစ္စာကြောင့် အလိုလိုအရှိန်အဝါ အလိုလိုတက်လာမှာဖြစ်ပါတယ်။

## မုသာဝါဒကံပျက်လျှင် ခံရမည့်အပြစ်ပြဝတ္ထု

ရှေးလွန်လေပြီးသောအခါ ကဿပဘုရားရှင် လက်ထက်တော်အခါက ကာမိကပြည်သား သောတာပန် ဥပါသကာတစ်ယောက်သည် ဥပါသကာငါးရာတို့နှင့် စိတ်တူ သဘောတူ သစ်ပင်စိုက်ခြင်း၊ တံတားခင်းခြင်း၊ ကျောင်းဆောက်ခြင်း စသော ကုသိုလ်ကောင်းမှုကို ပြုကြလေသည်။ ထိုဥပါသကာ ငါးရာတို့သည် ကျောင်းသို့ မကြာမကြာ သွား၍တရားနာကြသည်။ သူတို့၏မယားငါးရာကလည်း လျှူဖွယ်ပစ္စည်းဝတ္ထုများဖြင့် ရံဖန်ရံခါ ကျောင်းသို့သွား၍ တရားနာကြသည်၊ အလှူဒါန ပြုကြသည်။

တစ်နေ့တွင် အရက်သမားတို့သည် ထိုငါးရာသော မိန်းမတို့ကိုမြင်လျှင် တပ်မက်ကြသဖြင့် အချင်းချင်းတိုင်ပင်ကာ မိန်းမတို့၏သီလကိုဖျက်ဆီးရန် ပြောဆိုကြရာ တစ်ယောက်သောသူက ဖျက်ဆီးနိုင်သည်ဟု အလောင်းအစားပြု၍ နည်းမျိုးစုံဖြင့်ဖျားယောင်းသွေးဆောင်ဖျက်ဆီးသဖြင့် မိန်းမတစ်ဦးသီလပျက်ပြီး အရက်သမားနှင့် ဖောက်ပြန်ကျူးလွန်တော့သည်။

ထိုအခါ ရှုံးသောအရက်သမားမှတစ်ဆင့် လင်ယောကျ်ားကြားလေရာ မိမိမယားအားခေါ်၍ မေးလျှင်

မဟုတ်မမှန်ကြောင်း လိမ်လည်ပြောဆို၏။ လင်ဖြစ်သူက မယုံသဖြင့် အနီးအနားတွင်ရှိသည့် နားရွက်ပြတ်သော ခွေးနက်ကြီးကိုပြလျက် ကျွန်မသည် သူတစ်ပါးယောက်ျားနှင့် ဖောက်ပြန်ကျူးလွန်မိပါက နောက်ဘဝတွင် ဤခွေးနက်ကြီးအစား ခံရပါစေဟု ထပ်မံ ကျိန်ဆိုပြန်လေသည်။

ဤသို့ ကျိန်ဆိုသော်လည်း လင်ဖြစ်သူက မယုံသေးသဖြင့် အဖော်ဖြစ်သောမိန်းမတို့အား မေးမြန်းပြန်ရာ ထိုမိန်းမတို့ကလည်း သိလျက်နှင့် ကျွန်မတို့မသိပါ၊ ဤအတိုင်း မမှန်ပါက ထိုမိန်းမ၏ ကျွန်ဖြစ်ပါစေဟု ကျိန်ဆိုကြလေသည်။ ဖောက်ပြန် ကျူးလွန်သောမိန်းမသည် မကြာမီ သေလွန်လျှင် သီလဆောက်တည်သောလင်ကို လိမ်လည်ပြောဆိုမိသော မုသာဝါဒကံကြောင့် ဟိမဝန္တာတော ကဏ္ဏမုဏ္ဏာအိုင်အနီး၌ နတ်ပြိတ္တာမဖြစ်လေသည်။ ကြွင်းသောမိန်းမ လေးရာ့ကိုးဆယ့်ကိုးယောက်တို့သည်လည်း မမှန်မကန်စကားကျိန်ဆိုမိသောကြောင့် ထိုမိန်းမ၏ကျွန်များ ဖြစ်လာကြကုန်၏။

ကာမဂုဏ်ဖောက်ပြန်မှုနှင့် မုသားဆိုသော ထိုမိန်းမတို့သည် တစ်ချိန်က ရတနာသုံးပါးအား ကြည်ညိုပြီး တရားနာခဲ့ဖူးသော ကောင်းမှုကြောင့် နေ့အခါလွန်စွာ ကြီးကျယ်ခမ်းနားသော ရွှေဗိမာန်၌ နတ်စည်းစိမ်ကို ခံစားရသည်။ ညဉ့်အခါ ခွေးနက်ကြီးကိုက်စားခံကြရသည်။ ထိုမိန်းမတို့သည် နတ်စည်းစိမ်ကို ခံစားနေရသော်လည်း ယောက်ျားမရှိကြ၊ ယောက်ျား

နှင့်ကင်းကွာနေရသဖြင့် ပျော်ရွှင်မှုမရှိ၊ ပျင်းရိငြီးငွေ့နေကြရကုန်၏။ မုသာဝါဒသည် အကုသိုလ်အရာတွင် အကြီးဆုံးအပြစ်ဖြစ်၍ သစ္စာစကားသည် ကုသိုလ်အရာတွင် အကျိုးအကြီးဆုံး ဖြစ်သည်။

**သုရာမေရယသိက္ခာပုဒ်အဖွင့်**

သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာန ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ၊ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ-မေ့လျော့ပေါ့စခြင်း၏ အကြောင်းစင်စစ် မူးယစ်စေတတ်သော သေရည်အရက်ကို သောက်စားခြင်းမှ ဝေရမဏိ သိက္ခာပဒံကို သမာဒိယာမိ-ပါ၏။ သေရည်အရက် သောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။ ဟူလို [သုရာ-သေရည်+မေရယ-အရက် + မဇ္ဇ=မူးယစ်စေတတ်+ ပမာဒ= ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ + ဌာန= အကြောင်း]

မူးယစ်စေတတ်သောပစ္စည်းတစ်ခုကို ထည့်ခတ်၍ စီရင်အပ်သော ထန်းရည်၊ ပေရည်၊ ဓနိရည် စသည်တို့ကို သေရည်ဟူ၍ ခေါ်ပါတယ်။ မူးယစ်အောင်စီစဉ်အပ်သော ပန်းပွင့်ရည်၊ စပျစ်ရည် စသည်တို့ကို အရက်ဟူ၍ခေါ်ပါတယ်။ ယခုကာလသုံးစွဲနေကြတဲ့ ကဇော်၊ ဘိန်း၊ ကိုကင်း၊ ဆေးခြောက် စသည်တို့ဟာလည်း ဤသိက္ခာပုဒ်၌ အကျုံးဝင်ပါတယ်။

ထိုသေရည်အရက် စသည်တို့၌ သောက်စားမိလျှင် မူးယစ်၍ တွေးချင်ရာတွေးကာ ကုသိုလ်ကောင်းမှုနှင့် အလုပ်ကိစ္စတို့၌မေ့လျော့တတ်၏။ ဒါကြောင့် သေရည် သေရက် စသည်တို့ကို “မေ့လျော့ခြင်းအကြောင်း” ဟူ၍ ဆိုထားခြင်းဖြစ်ပါတယ်။

သုရာမေရယအင်္ဂါ (၄) ပါး
(၁) သုရာစသည် တစ်ပါးပါးဖြစ်ခြင်း
(၂) သောက်စားလိုသောစိတ်ရှိခြင်း
(၃) သောက်စားသုံးစွဲရန် အားထုတ်ပြုလုပ်ခြင်း
(၄) သောက်စားသုံးစွဲခြင်း

**အရက်သောက်ခြင်းအပြစ် (၆) ပါး**

ဘုရားရှင်သည် သိင်္ဂါလသတို့သားအား အရက်သေစာ သောက်စားခြင်းနှင့်ပတ်သက်၍ မျက်မှောက်ဘဝတွင် အပြစ် (၆) ပါးဖြစ်နိုင်ကြောင်း အောက်ပါအတိုင်း ဟောကြားထားပါသည်။

သေရက်သေရက်စသည်တို့သောက်စားမိလျှင် -
(၁) အရေးအခွင့်ခြင်း သင့်မသင့်ကို မသိတတ်ခြင်း
(၂) ပျင်းရိတတ်ခြင်း
(၃) မေ့လျော့မူးရူးတတ်ခြင်း (နောက်ဘဝ အဆက်ဆက်၌ အရူးအနှမ်းရောဂါဖြစ်တတ်ခြင်း)
(၄) သူပြုဖူးသောကျေးဇူးကို မသိတတ်ခြင်း
(၅) ဟိရီဩတ္တပ္ပဟူသော အရှက်အကြောက်မှ ကင်းခြင်း
(၆) သေရည်အရက်သောက်မိလျှင် မည်သည့် အကုသိုလ်မှ မရှောင်ဘဲ အလုံးစုံမကောင်းမှုကို ပြုမိလွယ်ခြင်း

**သုရာမေရယကံပျက်လျှင် ခံရမည့်အပြစ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးမျိုး၌ဖြစ်သည်။ ဘုရားလောင်းသည် ဒါနသီလ စသောကောင်းမှု

တို့ကိုပြုပြီးနောက် သေလွန်သောအခါ တာဝတိံသာ၌ သိကြားမင်းဖြစ်လေသည်။

ဘုရားအလောင်း၏သားသည် မိဘတို့ကွယ်လွန်သော် ကျန်ရစ်သောပစ္စည်းဥစ္စာများကို သေအရက်သောက်ကာ သုံးဖြုန်းပစ်ခဲ့သည်။ ထိုငွေကုန်ပြန်သောအခါ မြေ၌မြှုပ်ထားသော ကုဋေလေးဆယ်ကို ဖော်ထုတ်ပြီး သေတင်းကုတ်ဆောက်သည်။ သူငယ်ချင်းအပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါး အရက်သောက်စားသည်။ အရက်မူးသောအခါ ကျွမ်းသမားကချေသည်တို့ကို အသပြာတစ်ယောက်တစ်ထောင်စီပေးပြီး ဖျော်ဖြေစေသည်။

ဤသို့ဖြင့် သောက်စားသုံးဖြုန်းလာခဲ့ရာ ကုဋေလေးဆယ်သည်ကုန်ပြီး ဆင်းရဲမွဲတေသည့်ဘဝသို့ ဆိုက်ရောက်ခဲ့သည်။

စိန်တိုင်ထွန်း

× × × × ×



# ငါးပါးသီလနိဂုံး

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ ဒီတစ်ပတ်တော့ ငါးပါးသီလသိက္ခာပုဒ်တွေအကြောင်း ဆွေးနွေးခဲ့ပြီးလို့ နိဂုံးအနေနဲ့ ပြန်လည်သုံးသပ်ကြည့်တဲ့ အပိုင်းကို ဆွေးနွေးတင်ဆက်သွားမှာပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်တို့လည်း အလေးအနက်ထား နားထောင်နေကြပါတယ်။

ကျွန်ုပ် ။ တကယ်တော့ ငါးပါးသီလဟာ အရေအတွက်အားဖြင့် နည်းနည်းကလေးဆိုပေမယ့် လုံခြုံအောင်ထိန်းသိမ်းနိုင်ဖို့ကတော့ အတော်လေးခဲယဉ်းပါတယ်။ ကျွန်တော်ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် သာမန်အားဖြင့် ငါးပါးသီလမြဲသူတစ်ဦးလို့ မှတ်ထင်ထားပေမယ့် အကြောင်းကိစ္စတစ်ခုကြောင့် သစ္စာပြုရန်ပေါ်လာလို့ ငါးပါးသီလတစ်ပါးချင်း မြဲမမြဲလိုက်စစ်ကြည့်တော့ စင်းလုံးချောလုံခြုံအောင် စောင့်ထိန်းနိုင်သည့်သိက္ခာပုဒ် ရှာမှရှားဆိုတာ တွေ့လာရပါတယ်။ မိမိသိတတ်သောအရွယ်ရောက်ချိန်မှစ၍ နိဒါန်းစပြီး စဉ်းစားကြည့်ရာ စိတ်ချရဆုံး သိက္ခာပုဒ်တစ်ခုသာရှိတော့သည်။ ၎င်းသိက္ခာပုဒ်မှာ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်တစ်ခုသာ ရှိတော့တယ်။ ဒါ့ကြောင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးတို့လို

မြဲအောင်စောင့်ထိန်းဖို့ရာ အလွန်တရာမှခက်လှတာကို တွေ့ရမှာဖြစ်ပါတယ်။

တကယ်တော့ ငါးပါးသီလကျင့်စဉ်ဟာ အခြေခံအကျဆုံး ကျင့်စဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ငါးပါးသီလကိုသာ တကယ်တမ်း မှန်မှန်ကန်ကန်နဲ့ လိုက်နာကျင့်သုံးကြမည်ဆိုပါက ဒီလောကကြီးဟာ ငြိမ်းချမ်းသာယာမှာဖြစ်ပါတယ်။ မငြိမ်းချမ်းစရာအကြောင်းမရှိပါ။

အမှန်တော့ ငါးပါးသီလဟာ လောကကိုငြိမ်းချမ်းစေနိုင်တဲ့ အခြေခံအကျဆုံးဖြစ်သော လူသားအားလုံးရဲ့ ကျင့်စဉ်ဖြစ်ပါတယ်။ လူသားအားလုံးရဲ့ ကျင့်စဉ်ဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်များသာမကဘဲ လူမျိုးမရွေး၊ ဘာသာမရွေး လူသားတိုင်း လူသားတိုင်း လောကီငြိမ်းချမ်း ရေးအတွက် လိုက်နာကျင့်သုံးကြရမည့် လောကပါလ ကျင့်စဉ်လည်း ဖြစ်ပါတယ်။

ငါးပါးသီလဟာ နိစ္စသီလဖြစ်ဖို့အတွက် ကာလဒေသ၊ ပုဂ္ဂလအရလည်း နိစ္စလို့ဆိုရမှာဖြစ်ပါတယ်။ ကာလအရကြည့်လျှင် အတိတ်ကမ္ဘာ၌လည်းနိစ္စ၊ အနာဂတ်ကာလ၌လည်းနိစ္စ၊ ပစ္စုပ္ပန်ကမ္ဘာ၌လည်း နိစ္စဖြစ်ပါတယ်။ အချုပ်ဆိုရလျှင် လောကသံသရာရှိနေသေးသမျှကာလပတ်လုံး အမြဲတမ်းလိုက်နာကျင့်သုံးရမယ့် ကိုယ့်ကျင့်သိက္ခာဆိုင်ရာ ကျင့်ဝတ်ဖြစ်တာတွေ့ရပါတယ်။

ဒေသအရကြည့်ပြန်လျှင်လည်း မည်သည့်ဒေသ၌မဆို အမြဲတမ်းလိုက်နာကျင့်သုံးရမယ့် နိစ္စဖြစ်ပါ

တယ်။ ပုဂ္ဂလအရ ပြန်ကြည့်မည်ဆိုလျှင်လည်း မည်သည့်ပုဂ္ဂိုလ်မဆို အမြဲတမ်းလိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။ မည်သည့်ဘာသာ၌ဖြစ်စေ လူမှုန်သမျှအတွက် နိစ္စသီလဖြစ်ပါတယ်။ ဒါကြောင့် ပဉ္စသီလဆိုတဲ့ ငါးပါးသီလကို ဘာသာစကား၏ ဓမ္မတာသီလလို့ ဆိုရမှာဖြစ်တယ်လို့ ဆရာကြီးဦးရွှေအောင်က သူ့ဘဝအမြင် သစ်စာအုပ်တွင် ဖော်ပြထားပါတယ်။

အမှန်မှာ သီလဆိုတာ ကိုယ်ကျင့်သိက္ခာ ထိန်းသိမ်းမှုနှင့် ဆက်စပ်နေပါတယ်။ ကိုယ့်ကျင့်သိက္ခာ ထိန်းသိမ်းမှုဆိုရာမှာလည်း မိမိကိုယ်ကိုမိမိက ပြန်လည်လေးစားခြင်းသဘောပင် ဖြစ်ပါတယ်။ မိမိကိုယ်ကို မိမိက ပြန်လည်လေးစားရာ၌လည်း လောကကို လေးစားခြင်းသဘော ဓမ္မကိုလေးစားခြင်းသဘောတွေ ပါ၍နေပါတယ်။ မိမိကိုယ်ကိုလေးစားခြင်းကို အတ္တာဓိပတိ၊ လောကကိုလေးစားခြင်းကို လောကာဓိပတိ၊ ဓမ္မကိုလေးစားခြင်းကို ဓမ္မာဓိပတိဟု ဆိုရမည်ဖြစ်ပါတယ်။ ဒီအဓိပတိသုံးပါးကပ်ပြီဆိုလျှင် သီလနှင့်ပြည့်စုံမှာဖြစ်ပါတယ်လို့ ဆရာကြီးဦးရွှေအောင်က အဆိုပါစာအုပ်တွင် ဆက်လက်ဖော်ပြထားပါတယ်။

ဒါကြောင့် အရေးကြီးတဲ့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းကြပါလို့ နိဂုံးအနေနဲ့ တိုက်တွန်းလိုက် ပါတယ်။

**စိန်တိုင်ထွန်း**

× × × × ×



# ဗြဟ္မစရိယ ပဥ္စမကသီလ
# (ကောမာရ ဗြဟ္မစရိယ သီလ)

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ ကျွန်တော် ခင်ဗျားတို့ကို ငါးပါးသီလအကြောင်း ဆွေးနွေးပြီးပါပြီ။ ဒီတစ်ပတ်တော့ ဗြဟ္မစရိယ ပဥ္စမကသီလ အကြောင်း ဆက်ဆွေးနွေးပါ့မယ်။

အောင် ။ ဆရာ ကျွန်တော်တို့ ငါးပါးသီလ၊ ရှစ်ပါးသီလ စတဲ့ အကြောင်းတွေသာ ကြားဖူးပါတယ်။ ဗြဟ္မစရိယ ပဥ္စမကသီလဆိုတာ မကြားဖူးပါဘူး။ ဆရာ ဆက်ရှင်းပြပေးပါဦး။

ကျွန်ုပ် ။ အေးဗျာ ဒီသီလကတော့ လူသိအတော်နည်းသေးတဲ့ သီလဖြစ်တယ်။ ဆောက်တည်နိုင်လျှင် အင်မတန်အကျိုးများပါတယ်။ အပျိုလူပျိုတွေအနေနဲ့ (၈) ပါး၊ (၉) ပါးသီလများကို မဆောက်တည်နိုင်သေးခင်မှာ ငါးပါးသီလကို တိုးချဲ့ဆောက်တည်လိုက်တဲ့ သဘောပါပဲ။ ငါးပါးသီလမှာပါတဲ့ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်မှာ မိမိတို့ဇနီးခင်ပွန်းအချင်းချင်း ပေါင်းသင်းဆက်ဆံခွင့်ရပါသေးတယ်။ ခုဆောက်တည်တဲ့ အဗြဟ္မစရိယသိက္ခာပုဒ်မှာတော့ ဇနီးခင်ပွန်းအချင်းချင်း ဆက်ဆံခြင်းကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဥပုသ်

စောင့်တဲ့လူတွေအနေနဲ့တော့ ကာမေသုသိက္ခာပုဒ် အရာ၌ အပြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်နေတာဖြစ်ပါတယ်။ အိမ်ထောင်မရှိကြသော သူတော်စင်များအနေနဲ့ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို အထူးမဆောက်တည်တော့ဘဲ ဖော်ပြပါ အပြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်ထားပါက အကျိုးသာ၍များပါတယ်။

မေထုန်အကျင့်ဆိုတာ လူများမှာသာမက ကာမ (၁၁) ဘုံ၌အကုန်ရှိပါတယ်။ နတ်ပြည်တွင်မူ ပို၍ခမ်းနားကြီး ကျယ်လှပါတယ်။ ယုတ်စွအဆုံး ရေနေကုန်းနေ ကောင်းကင်နေကြတဲ့ ပိုးမွှားကလေးများကအစ တိရစ္ဆာန်တွေမှာလည်း မေထုန်အမှု ရှိကြပါတယ်။

ဒီမေထုန်အမှုကို မစွန့်နိုင်ကြလို့ ရိုက်နှက်သတ်ပုတ် ထိုးနှက်၊ လုယက်၊ မသမာမှု၊ အနိုင်အထက်ပြုမှုစသည်တို့ ဖြစ်ပွားကာ ပစ္စုပ္ပန်ဘဝမှာပင် ဖမ်းဆီးခံရ၊ ထောင်ကျခံရ စသည့်ဖြင့်ခံနေကြရပါတယ်။ တမလွန်ဘဝကျတော့လည်း အပယ်ငရဲများ၊ ဝဋ်ငရဲများ ခံစားကြရပါတယ်။

ဆင်းရဲဒုက္ခမှန်သမျှ ဤငါးဖြာအာရုံ ကာမဂုဏ်တို့မှ စတင်ခဲ့ကြခြင်းဖြစ်လို့ သာသနာတော်တွင်း သာသနာပ သူတော်စင်မှန်သမျှတို့မှာ အထူးသဖြင့် ဤမေထုန်ကာမမှ အကျွတ်အလွတ် ရှောင်ကြဉ်ကြတာဖြစ်ပါတယ်။

ကဿပဘုရားရှင်လက်ထက်တော်က ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရီ၊ ဓမ္မဒိန္နာ၊ ကုဏ္ဍလကေသီ၊

ကိသာဂေါတမီထေရီများနှင့် ဝိသာခါတို့၏ အလောင်း အလျာများဖြစ်တဲ့ ကိကီမင်းကြီး၏သမီးတော် ညီ အစ်မခုနစ်ဖော်တို့သည် အနှစ်နှစ်သောင်းပတ်လုံး အပျိုစင်ဘဝနဲ့ ဉာကောမာရဗြဟ္မစရိယခေါ် ငါးပါး သီလကို စောင့်ထိန်းခဲ့ကြပါတယ်။

အလားတူစွာ အလောင်းတော် ဥဒယဘဒ္ဒမင်း နှင့် မင်းသမီးတို့သည်လည်းကောင်း ဒုကူလနှင့် ပါရိ ကာတို့သည်လည်းကောင်း အိပ်ရာတစ်ခုတည်းမှာ အိပ်စက်ကြသော်လည်း ကျူးလွန်ဖောက်ပြားခြင်း မရှိ ကြတော့ဘဲ စင်ကြယ်သောမေတ္တာဓာတ်ဖြင့် ရစ်ပတ် ဖွဲ့နှောင်ကာ သက်ဆုံးတိုင်အောင် စောင့်စည်းခဲ့ကြ ပါတယ်။

ဒါကြောင့် အပျိုလူပျိုများ၊ အိမ်ထောင်မရှိသူများ၊ အိမ်ထောင်ရှိသော်လည်း အခိုက်အတန့်ခွဲခွာနေသူများ အနေနဲ့ ရိုးရိုးငါးပါးသီလအစား ဉာကောမာရဗြဟ္မ စရိယသီလကို အမျိုးသမီးဖြစ်လျှင် ကောမာရီဗြဟ္မ စရိယသီလကို ဆောက်တည်သင့်ကြပါတယ်။ ပို၍ နူပျို ကျန်းမာ အသက်ရှင်စွာနေကြရမှာဖြစ်ပါတယ်။

**ကောမာရဗြဟ္မစရိယသီလဆောက်တည်ပုံ**

အဟံဘန္တေ တိသရဏေနသဟကောမာရဗြဟ္မ စရိယသီလံ (အမျိုးသမီးဖြစ်လျှင်-ကောမာရီဗြဟ္မ စရိယသီလံ ဟုဆိုပါ။) ဓမ္မယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေနသဟကောမာရ ဗြဟ္မစရိယသီလံ

တတိယမိ အဟံဘန္တေ တိသရဏေနသဟကောမာရ ဗြဟ္မစရိယသီလံ

**အနက်** - ကောမာရဗြဟ္မစရိယသီလံ ငယ်သွေးငယ်မူ ဖြူစင်သူတို့၏ မြတ်သောအကျင့်သီလဟူသော ဓမ္မ- သိက္ခာပုဒ်အကျင့်ကို စသည်ဖြင့် ဆက်ဆိုပါ။ ကျန် သီလများကိုလည်း ငါးပါးသီလအတိုင်းဆိုပါ။ ကာမေသု မိစ္ဆာစာရ နေရာ၌ အဗြဟ္မစရိယကို ထည့်၍ဆိုရုံသာ ထူးပါတယ်။

ကျွန်ုပ် ။ ဦးဝေအောင်ရှင်းပြီလား။

အောင် ။ ဟုတ်ကဲ့ ရှင်းပါတယ်ဆရာ။ အပျိုလူပျိုများ၊ အိမ်ထောင် မရှိသူများ၊ အိမ်ထောင်ရှိပေမယ့် အခိုက်အတန့် ခွဲခွာ နေရသူများအနေနဲ့ ဥပုသ်သီလမှာ တစ်ပါးအပါအဝင် ဖြစ်တဲ့ အဗြဟ္မစရိယသိက္ခာပုဒ်ကို တိုးချဲ့ဆောက် တည်ရလို့ ပိုအကျိုးရှိတာမို့ ကျယ်ကျယ်ပြန့်ပြန့် ဆောက် တည်သင့်တဲ့ သိက္ခာပုဒ်ဖြစ်တယ်ဆိုတာ မှတ်ချက်ပေးရ မယ်လို့ ပြောချင်ပါတယ်။ ဤသို့ ဆောက်တည်ခြင်းမျိုး ကျယ်ပြန့်လာအောင် အလေ့အကျင့်ပြုပေးရင် ကောင်း မယ် ထင်ပါတယ်။

ကျွန်ုပ် ။ ဟုတ်ကဲ့ပါ။ ဒီတစ်ပတ်တော့ နားကြဦးစို့။

× × × × ×

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။ ဒီတစ်ပတ်မှာ (၈) ပါးသီလဆိုတဲ့ ဥပုသ်သီလဆောက်တည်ပုံကို ဆွေးနွေး သွားပါမယ်။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ လောလောဆယ် အောက်ပါဖော်ပြပါ သိက္ခာပုဒ်တွေကို အရ ကျက်ထားပါခင်ဗျာ။

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၃) အဗြဟ္မစရိယာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၅) သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၇) နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓါရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ

(၈) ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

အဗြဟ္မစရိယပုဒ်အဖွင့်

ကျွန်ုပ် ။ အမှတ်စဉ် (၁) (၂) (၄) (၅) တို့ ရှင်းပြီးဖြစ်၍ ကျန်ရှိတဲ့ သိက္ခာပုဒ်တွေကို ဆက်လက်ရှင်းပြပါ့မယ်။ ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ဆောက်တည်ရပြီး၊ ရှစ်ပါးသီလတွင်မူ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် အစား ဤအဗြဟ္မစရိယသိက္ခာပုဒ်ကို ဆောက်တည်နေရပါတယ်။

အဗြဟ္မစရိယာ-မမြတ်သော မေထုန်အကျင့်မှ ဝေရမဏီ သိက္ခာပဒံကို သမာဒိယာမိ-ပါ၏။ မေထုန်အကျင့်မှ ရှောင်ကျဉ်ပါ၏ဆိုတဲ့ အဓိပ္ပာယ်ရပါတယ်။

မမြတ်သော မေထုန်အကျင့်ဆိုရာဝယ် မေထုနဆိုတဲ့ ပါဠိဝေါဟာရကို မေထုန်ဟူ၍ မြန်မာမှုပြုထားတာ ဖြစ်ပါတယ်။ အချင်းချင်းကိစ္စလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် မိန်းမယောက်ျား နှစ်ဦးသားတို့ရဲ့ ပျော်မြူး ပေါင်းဖက်ဆက်ဆံခြင်းကို မမြတ်သော မေထုန်အကျင့် ဟု ခေါ်ခြင်းဖြစ်ပါတယ်။

**ဝိကာလဘောဇနသိက္ခာပုဒ်အဖွင့်**

ဝိကာလဘောဇနာ-နေလွဲအခါ၌စားခြင်းမှ ဝေရမဏီ သိက္ခာပဒံကို သမာဒိယာမိပါ၏။ နေလွဲညစာစားခြင်းမှ ရှောင်ကြဉ်ပါ၏လို့ အဓိပ္ပာယ်ရပါတယ်။ နေ့လယ်မွန်း တည့် ၁၂ နာရီအချိန်မှ နောက်ကို မွန်းလွဲဟုခေါ်ပြီး ထိုအချိန်မှစ၍ ညစာအတွက် စားခြင်းသာမက နောက် နေ့အရုဏ်တက်သည်အထိ အဖျော်ရည်၊ ဆေး၊ စတုမဓု စသည်တို့မှအပ ထမင်းဟင်းလျာ၊ ကွမ်း၊ ဆေး၊ လက် ဖက် သစ်သီးဟူသမျှ မစားကြရတော့ပါ။ ဆာလောင် မွတ်သိပ်လျှင်မူ မကျည်းဖျော်ရည်များကို သောက် ကောင်း၍ မကျန်းမာလျှင် ဆေးအမျိုးမျိုးနှင့် စတုမဓု စသည်တို့ကို သောက်ကောင်းပါတယ်။

အောင် ။ ဆရာ မကျည်းဖျော်ရည်၊ ဘိလပ်ရည် စတဲ့ အချိုရည် တွေကို သောက်ကောင်းပါသလား။

ကျွန်ုပ် ။ ဟုတ်ကဲ့ အရည်ကိုတော့ သောက်ကောင်းပါတယ်။ အဖတ်ကိုတော့ မစားကောင်းပါ။ ဒါကြောင့် မိမိတို့ ကိုယ်တိုင်စိမ်၍သောက်တဲ့ မကျည်းဖျော်ရည် စသည် တို့ကို အမှုန့်အဖတ်မပါအောင် စင်ကြယ်စွာစစ်ပြီးမှ သောက်ရပါတယ်။

အောင် ။ ဆရာ ညစာမစားဘဲကျင့်တာ ဘာအကျိုးရှိပါသလဲ။ ညစာအငတ်ခံတာ ကိုပဲ ဥပုသ်စောင့်တယ်၊ ကျင့်တယ် လို့ ဆိုပါသလားခင်ဗျာ။

ကျွန်ုပ် ။ တကယ်တော့ ညစာမစားဘဲနေခြင်းဟာ အင်္ဂါ (၈) ပါးရှိတဲ့ ဥပုသ်သီလတွင် တစ်ပါးသာဖြစ်ပါတယ်။ ညစာမစားဘဲနေခြင်းကို ဥပုသ်စောင့်တယ်လို့ မဆိုနိုင်ပါ။ ညစာမစားခြင်းမှာ (၈) ပါးသီလတွင် အပေါ့ပါးဆုံး အကျင့်တစ်ခုသာဖြစ်ပါတယ်။ ညစာမစားတဲ့အတွက် ကိစ္စနည်းပါး၍ တရားအာရုံရရန် အချိန်များစွာရစေခြင်းနှင့် လောကီအာရုံ ကာမဂုဏ်တို့ စိတ်ဝင်စားမှုမရှိအောင် ချုပ်တီးပြီးသားဖြစ်ခြင်းဆိုတဲ့ အကျိုးနှစ်မျိုးကိုသာ ရနိုင်မှာဖြစ်ပါတယ်။

ထပ်၍ရှင်းပြပါဦးမယ်။ ညစာအတွက် ချက်ရပြုတ်ရတဲ့အလုပ်ဟာ အတော်ကိစ္စများတဲ့အလုပ်ဖြစ်ပါတယ်။ ထိုအလုပ်များလုပ်ကိုင်နေရချိန်အတွင်းမှာ ဘုရား တရား စသည်တို့ကို အာရုံပြုဖို့ရာ အချိန်မရနိုင်တော့ပါ။ ယခု လူအများစု စောင့်စည်းတဲ့ဥပုသ်မျိုးမဟုတ်ဘဲ တကယ်စောင့်ထိန်းရမယ့် အရိယာဥပုသ်မျိုးကား သီလဆောက်တည်ပြီးတာနဲ့ ဘုရားအာရုံ စတဲ့အာရုံတစ်မျိုးမျိုးကိုသာ အာရုံပြုနေရမှာဖြစ်ပါတယ်။ ဒါကြောင့် ညစာမစားခြင်းမှာ ကိစ္စနည်း၍ တရားအာရုံကိုယူနေရာ၌ အချိန်များစွာ ရစေခြင်းဆိုတဲ့ အကျိုးရှိပါတယ်။ ဤသို့ရှောင်ကြဉ်နေရ တဲ့အတွက် မိမိအတွက်အခက်အခဲတစ်စုံတစ်ရာမရှိပါ။ ဆာလောင်ပါက ဖျော်ရည်ကို ဒီအတိုင်း စားသောက်နိုင်တဲ့အတွက်

ဆာလောင်မွတ်သိပ်လျက် အငတ်ခံနေခြင်းလို့ ပြော၍မရပါ။

လူအများစုမှာ ညစာကို အထူးတလည်စီမံ စားသောက်လေ့ရှိတယ်လို့ ကျမ်းဂန်တို့၌ဆိုထားပါတယ်။ ယခုကာလ ညစာကို အထူးတလည်စီမံ၍ ညစာစားပွဲပြုလုပ်ခြင်း စသည်တို့ကိုကြည့်က သိနိုင်ပါတယ်။ ဒီလိုပြုလုပ်စားသောက်ကြခြင်းက အခြားအကျိုးမရှိပါ။ ကောင်းကောင်းမွန်မွန်စားသောက်ပြီး ပျော်ပါးဖို့သက်သက်ဖြစ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

ဒီလိုညစာစားခြင်းမျိုးဟာ လောကီအာရုံ ကာမဂုဏ်ဘက်ကိုသာ စိတ်ညွတ်စေတတ်တဲ့အတွက် အဖြဟ္မစရိယ သိက္ခာပုဒ်တော်ကိုထိန်း၍ မေထုန်စောင့်စည်းရင် ညစာစားမှုကိုရှောင်နိုင်မှသာ အမြီးအမောက်တည့်ကာ အဖုံးအဖိတည့်သောအကျင့်ကို ကျင့်ရာရောက်မှာဖြစ်လို့ ဝိကာလဘောဇနသိက္ခာပုဒ်တော်ကို သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။

**နစ္စဂီတသိက္ခာပုဒ်**

နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူကဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ-အကုသိုလ်များကြောင့် မကောင်းမှုဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ဘုရားအဆုံးအမတော်၏ ဆန့်ကျင်ဘက်သို့ပမာ ဖီလာဖြစ်သော ကြည့်ရှုနားထောင်ခြင်း၊ ပန်းပန်ခြင်း၊ နံ့သာပြင်ကို နိမ့်ရာရပ်သို့ ဖို့သိပ်ခြင်း၊ နံ့သာရည်၊ နံ့သာမှုန့်တို့ကို လိမ်းကျံခြယ်လှယ်ခြင်းမှ ဝေရမဏီသိက္ခာပဒံ-ကို သမာဒိယာမိ၏။

အောင် ။ ဆရာ ကခြင်း၊ သီဆိုခြင်း၊ စသည်တို့ဆိုရာ၌ အခုကာလ မှာ အင်မတန်ကြည့်ရတာလွယ်ကူတဲ့အတွက် လမ်းသွား ရင် တွေ့မြင်၍ဖြစ်စေ၊ တီဗွီ စသည်တို့မှလာသည်ကို တွေ့၍ဖြစ်စေ ကြည့်ရှုခြင်း၊ နားထောင်ခြင်းတို့ကို ပြုလုပ်ပါက သိက္ခာပုဒ် ပျက်ပါသလားဆရာ။

ကျွန်ုပ် ။ မိမိဘာသာ နေ့စဉ်သော်လည်းကောင်း၊ သွားရင်းလာ ရင်းသော်လည်းကောင်း၊ အဆိုပါကခြင်းသီချင်းအမှုတို့ ကို ကြည့်ရှုမိလျှင် သီလမပျက်ပါ။ ဒါပေမဲ့ မမြင်မြင် အောင် တမင်တကာလှည့်၍ကြည့်ခြင်းမျိုး မပြုရပါ။

အောင် ။ ဆရာနံ့သာလိမ်းခြင်းအကြောင်း အနည်းငယ် ရှင်းပြ ပေးပါဦး။

ကျွန်ုပ် ။ ဒီနံ့သာလိမ်းကျံခြင်း စတဲ့လုပ်ငန်းတွေကို သာယာသော အားဖြင့် မပြုကောင်းပါ။ အနာရောဂါရှိလျှင်မှု လိမ်း ကောင်းပါတယ်။ လိမ်းကောင်းတယ်ဆိုရာတွင်လည်း ထိုနံ့သာများနှင့် သင့်မြတ်သောရောဂါရှိမှသာ လိမ်း ကောင်းပါတယ်။ မဖြစ်စလောက်သောရောဂါကို ရှိုးမယ် ဖွဲ့ကာ မျက်နှာစသော မဆိုင်ရာအရပ်မှ နံ့သာမလိမ်း ကောင်းပါ။

ဒါပေမဲ့ ရဟန်းတော်များ၌ ကိုယ်နံ့မကောင်း လျှင် နံ့သာ (ရေမွှေးဆပ်ပြာစသည်) ကို ခွင့်ပြုထားတဲ့ အတွက် ဥပုသ်သည်များအနေနဲ့လည်း ကိုယ်၌အနံ့ မကောင်းသောအခါ ထိုအနံ့ကို ကာကွယ်ဖို့အတွက် ဆပ်ပြာမွှေးကိုသုံးကောင်းသည်ဟု ဆိုသင့်ကြောင်း အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီးက အမိန့် ရှိခဲ့ပါတယ်။

ဥစ္စာသယန မဟာသယနာ

ဥစ္စာသယန မဟာသယနာ - မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်ခြင်း၊ နေထိုင်ခြင်းမှ ဝေရမဏီ သိက္ခာပဒံ- ကို သမာဒိယာမိ-၏

ဥစ္စာသယန မဟာသယန-ဆိုရာဝယ် အခြေတစ်ထောင့်ထွာထက်ရှည်သော အိပ်ရာခုတင်၊ ကုလားထိုင်ကြီးများကို ဆိုခြင်းဖြစ်ပါတယ်။ လူကြီးကအောက်အနိမ့်မှာနေလျှင် ဥပုသ်သည်လူငယ်က အထက်အမြင့်၌ မနေကောင်းဆိုတဲ့ အမြင့်မျိုးကို ဆိုခြင်းမဟုတ်ပါ။ ဥစ္စာသယန -မြတ်သောနေရာ၌ အိပ်စက်နေထိုင်ခြင်းဆိုသည်မှာ အခါအားလျော်စွာ ခံစားစံစားလေ့ရှိကြသော စည်းစိမ်ရှင်ကြီးများ၏ အိမ်ဝယ်ရှိတတ်သော လက်လေးသစ်မက အမွေးရှည်သော သားမွေးအခင်းခြသေ့်၊ သစ်ကျားရုပ်များဖြင့် ခမ်းနားဆန်းကြယ်သော သားမွေးအခင်း ရွှေချည် ငွေချည်တို့ဖြင့် ချုပ်လုပ်အပ်သော ပိုးအခင်း (ရိုးရိုးအခင်းမျိုးမဟုတ်) လဲ၊ ဝါဂွမ်းမျိုးသွတ်ထားသော မွေ့ရာမျိုးဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ မွေ့ရာကို ခုကာလဥပုသ်သည်များ သုံးစွဲနေကြခြင်းမှာ မသင့်ပါ။ အုန်းဆံသွတ်မွေ့ရာ အဝတ်အစား ပိုးချည်အစာပါသော မွေ့ရာမျိုးကိုကား သုံးကောင်းပါတယ်။ သင်ဖြူးချော၊ ကော်ဇောနုနု စသည်တို့နှင့် ရဟန်း သံဃာ ဂုဏ်ဝါကြီးသူတွေရဲ့နေရာ စသည်တို့မှာ ဤသိက္ခာပုဒ်အရ မြတ်သောနေရာဟု မဆိုထိုက်ကြောင်း ရတနာဂုဏ်ရည်ကျမ်းတွင် ဖော်ပြထားပါတယ်။

ဥပုသ်သီလများ၌ စဉ်းစားဖွယ်ရာအကြောင်းကို ရတနာ့ ဂုဏ်ရည်စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

ဥပုသ်စောင့်တဲ့အခါ ရိုးရိုးငါးပါးသီလထက် အပို ယူကာ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်နေရာ၌ အဗြဟ္မ စရိယ သိက္ခာပုဒ်ကို ထည့်သွင်း၍ဆောက်တည်ရခြင်း၊ ဝိကာလဘောဇ-နစ္စဂီတ-ဥစ္စာသယန မယာသနယ သိက္ခာပုဒ်များကို ဆောက်တည်ရခြင်းဆိုတဲ့ အပို ဆောက်တည်ရတဲ့အကြောင်းကို စဉ်းစားကြည့်ပါက ဥပုသ်စောင့်သည့်အခါ မဖြစ်ပေါ်အောင် ထိန်းရမည့် အကုသိုလ်စိတ်များ ထင်ရှားစွာ ပေါ်လာတာ တွေ့ရပါ တယ်။ ထိုစိတ်များမှာ ကာမဂုဏ်စိတ် (ကိလေသာ တဏှာစိတ်) ဆိုတာတွေ့ရမှာဖြစ်ပါတယ်။ ခမ်းနား သော အိမ်ရာနေရာ၌ အိပ်စက်နေထိုင်ခြင်း၊ ဖီးလိမ်း ပြင်ဆင်ခြင်း၊ ကပြသီဆိုတီးမှုတ်ခြင်း၊ ညစာထမင်း စားခြင်းတို့မှာ ကိလေသာ (တဏှာလောဘ) စိတ်ကို သွေးဆောင်ခေါ်ယူသောအပြုအမူများပင်ဖြစ်ပါတယ်။ ဒါကြောင့် တဏှာလောဘကိလေသာကာမစိတ်တို့ကို ပိတ်ဆို့ထားဖို့ရာ ဥစ္စာသယနသိက္ခာပုဒ်ဖြင့် ခမ်းနား သော အိပ်ရာနေရာတို့၌ အိပ်စက်နေထိုင်ခြင်းကို တားမြစ်ထားတာ ဖြစ်ပါတယ်။ နစ္စဂီတ သိက္ခာပုဒ်ဖြင့် ကပြသီဆို တီးမှုတ်မှုနှင့်တကွ ဖီးလိမ်းပန်ဆင်မှုများကို တားမြစ်ထားပါတယ်။ ဝိကာလဘောဇန သိက္ခာပုဒ်ဖြင့် ညစာထမင်းစားမှုကို တားမြစ်ထားတာဖြစ်ပါတယ်။ ဖော်ပြပါ သိက္ခာပုဒ် (၃) ရပ်နဲ့ ကာမစိတ်ဓာတ်ကို

တွန်းလှန်ပိတ်ဆို့မှုသာ အပြဟွစရိယသိက္ခာပုဒ်တော်အရ မေထုန်အမှုမှ ကျကျနန ရှောင်ကြဉ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဥပုသ်စောင့်တဲ့အခါ အပြဟွစရိယ စတဲ့ (သိက္ခာပုဒ်တာ်များကို ငါးပါးသီလထက်ပို၍) ထိန်းခြင်းမှာ အဖုံးအပိတ်ညီမျှတဲ့ အကျင့်ကောင်းဖြစ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

**ဥပုသ်ကာလအပိုင်းအခြား**

ဥပုသ်မှာကာလပိုင်းခြား၍ စောင့်အပ်သောဥပုသ် အသက်ထက်ဆုံးစောင့်အပ်သော ဥပုသ်ဟူ၍ (၂) မျိုးရှိပါတယ်။ ကာလပိုင်းခြား၍စောင့်ခြင်းမှာ ၂ ရက် ၃ ရက် စသည်ဖြစ်စေ၊ တစ်နေ့တစ်ညဉ့်လုံးဖြစ်စေ၊ နေ့ဝက် ညဉ့်ဝက်ဖြစ်စေ၊ တစ်ခဏမျှ (တရားနာခိုက်) ဖြစ်စေ စောင့်ကောင်းပါတယ်။ အနာထပိဏ်သူဌေး၏ အလုပ်သမားတစ်ယောက်ဟာ ဥပုသ်နေ့၌ လယ်ထွန်သွားပြီးနောက် ပြန်လာတဲ့အခါ သူများတွေဥပုသ်စောင့်ကြောင်းသိရတဲ့အတွက် ထမင်းကိုမစားတော့ဘဲ နေ့တစ်ဝက်မျှ ဥပုသ်စောင့်နေစဉ် လေနာထ၍ စုတေကွယ်လွန်ခဲ့တဲ့အတွက် ရုက္ခစိုးနတ်ဖြစ်သွားတာ တွေ့ရပါတယ်။ ထို့ကြောင့် အချိန်ပိုင်းခြား၍လည်းကောင်း စောင့်နိုင်ကြောင်း တွေ့ရပါတယ်။

ယခုကာလ အချို့တရားပွဲအလှူမဏ္ဍပ် စသည်တို့၌မူ မဏ္ဍပ်ကမထွက်ခင် ၈ ပါးသီလဆောက်တည်ကြဟုဆိုပြီး ဖီးလိမ်းပြင်ဆင်ထားသူတို့ကား မာလာဂန္ဓဝိလေပန သိက္ခာပုဒ်တွေကို ဓမ္မကထိကလုပ်သူတို့က ချပေးကြပါတယ်။ ဥပုသ်မစောင့်ခင်ကတည်းက ဖီး

လိမ်းထားခြင်းများကြောင့် မာလာဂန္ဓဝိလေပန သိက္ခာပုဒ်မပျက်ဟု ပြောတတ်ကြသေးသည်။ နည်းလမ်းကျမကျ စဉ်းစားကြည့်က သိနိုင်ကြမည်ဖြစ်ပါတယ်။

× × × × ×



# အာဇီဝဋ္ဌမကသီလ

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ပါ။
အောင် ။ ဟုတ်ကဲ့ပါဆရာ။
ကျွန်ုပ် ။ ဒီတစ်ပတ်တော့ အာဇီဝဋ္ဌမကသီလအကြောင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းဥစ္စာရှာဖွေရသော အလုပ်အကိုင်ဟူသမျှကို ပါဠိလို **"အာဇီဝ"** ဟုခေါ်ပြီး၊ မသမာသောနည်းလမ်းနဲ့ ပစ္စည်းဥစ္စာရှာဖွေမှုကိုတော့ **"မိစ္ဆာဇီဝ"** ဟုခေါ် ပါတယ်။ ထိုမိစ္ဆာဇီဝမှ ရှောင်ကြဉ်လျက် တရားသောနည်းလမ်းနဲ့ ပစ္စည်းဥစ္စာရအောင် ရှာဖွေမှုကို **"သမ္မာအာဇီဝ"** ဟူ၍ခေါ်ပါတယ်။ ၈ ပါးမြောက်သိက္ခာပုဒ်တော်ကို ပါဠိဘာသာနဲ့ "အဋ္ဌမ" ဟု ခေါ်ပါတယ်။ ပါဏာတိပါတာ ဝေရမဏီမှစ၍ ရေတွက်ရပါက မိစ္ဆာဇီဝါစာဝေရမဏီသည် ၈ ပါးမြောက် သိက္ခာပုဒ်ဖြစ်ပါတယ်။ဒါကြောင့် မိစ္ဆာဇီဝမှရှောင်ကြဉ်ရလျှင် ၈ ပါးမြောက်မှာရှိတဲ့သီလကို အာဇီဝဋ္ဌမကသီလဟူ၍ ခေါ်ပါတယ်။

ဤအာဇီဝဋ္ဌမကသီလဆောက်တည်ပုံကို ပါဠိတော်နှင့် အဋ္ဌကထာတို့တွင် တိုက်ရိုက် ပြထားမှုမရှိပါ။ ငါးပါးသီလ စသည်တည်ဆောက်ပုံကိုနည်းယူ၍ ရှေးပညာရှိတို့ ဆောက်တည်ပုံကို ပြထားခြင်းဖြစ်ပါတယ်။

အာဇီဝဌမက (၈) ပါးမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၅) ပိသုဏာဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၆) ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၇) သမ္ဖပ္ပလာပဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၈) မိစ္ဆာဇီဝါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

အမှတ် (၁) မှ (၄) အထိ အနက်ကိုရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

(၅) ပိသုဏာဝါစာ-ချောပစ်ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ဝေရမဏီသိက္ခာပဒံကို သမာဒိယာမိ၏။
(၆) ဖရုသဝါစာ-ကြမ်းတမ်းစွာဆဲဆိုပြောဆိုခြင်းမှ ဝေရမဏီသိက္ခာပဒံကို သမာဒိယာမိ၏။
(၇) သမ္ဖပ္ပလာပဝါစာ-အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောခြင်းမှ ဝေရမဏီသိက္ခာပဒံကို သမာဒိယာမိ ၏။
(၈) မိစ္ဆာဇီဝါ-မတရားစီးပွားရှာ အသက်မွေးခြင်းမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်း ကောင်းမြတ်သောသိက္ခာပုဒ်ကို သမာဒိယာမိ ကောင်းစွာကျင့်သုံးခံယူဆောက်တည်ပါ၏။

**ပိသုဏဝါစာ**

သူနှစ်ယောက်တို့ ညီညွတ်နေရာ တစ်ယောက်အကြောင်း တစ်ယောက်ထံပြောပြသဖြင့် တစ်ယောက်နှင့်တစ်ယောက် အချစ်ပြယ်၍ ညီညွတ်မှုကွဲပြားသွားတတ်သည်တို့ဆိုသော ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ရပါတယ်။

**ပိသုဏဝါစာဖြစ်ရန် အင်္ဂါ (၅) ပါး**

(၁) ညီညွတ်သူနှစ်ဦးရှိခြင်း၊

(၂) ကွဲပြားစေလိုသောစိတ်ရှိခြင်း၊ မိမိကိုချစ်စေလိုသော စိတ်ရှိခြင်း၊

(၃) ကွဲပြားအောင် လုံ့လပြုအားထုတ်ခြင်း

(၄) ထိုသို့ပြောသည်ကို သူနှစ်ဦးတို့က နားလည်ခြင်း၊

(၅) ကွဲပြားကြခြင်း

**ပိသုဏဝါစာ၏ အပြစ်ဆိုးကျိုးများ**

- မိတ်ဆွေနှစ်ယောက် ညီညွတ်မှုကို ကွဲပြားအောင် ကုန်းတိုက်သောသူသည် သေသည်၏ အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာခံရသည်။ အပါယ်လေးပါးမှ လွတ်မြောက်လာပြီးနောက် လူဖြစ်လာသော်လည်း အောက်ပါဆိုးကျိုးများကို ခံစားရပါသည်။ (ရှောင်ကြဉ်၍ရရှိသော ကောင်းကျိုးများကို အပြန်နည်းအားဖြင့် မှတ်ယူပါ)

(၁) အဆွေခင်ပွန်းချစ်ကျွမ်းဝင်သူတို့နှင့် စိတ်ဝမ်းကွဲပြားရခြင်း။

(၂) သူတစ်ပါးလုံ့လကြောင့် သေကြေပျက်စီးရခြင်း။

(၃) အခြွေအရံ မဲ့ရခြင်း။

(၄) သူတော်ကောင်းတရား၌ သက်ဝင်ယုံကြည်မှု သဒ္ဓါတရားမရှိခြင်း။
(၅) မိတ်ဆွေအပေါင်းအသင်း မတည်မြဲခြင်း။
(၆) လူအများအမုန်းခံရခြင်း။
(၇) စိတ်ဓာတ်ညစ်ညမ်းခြင်း။

**ဖရုသဝါစာ**

မကြားဝံ့မနာသာ အယုတ်တမာဆဲဆိုမှု၊ ကျွဲခတ်၍ သေပါစေ၊ ကားတိုက်၍သေပါစေ၊ လောင်မီးကျပါစေ၊ မိုးကြိုးပစ်ပါစေ ယုတ်ညံ့သောအင်္ဂါနှင့်တိုင်းပြီး ပြောဆိုခြင်း၊ ကျိန်ဆဲခြင်း စသည်တို့သည် ဖရုသဝါစာ ဖြစ်ပါသည်။

တရားကိုယ်အားဖြင့် ဆဲဆိုလိုသော စေတနာသည် ဖရုသဝါစာမည်ပါသည်။ ဖရုသဝါစာဟူရာ၌ နှုတ်ထွက်ကြမ်းသည်ဖြစ်စေ၊ ချိုသာသည်ဖြစ်စေ ပဓာနမဟုတ်ပါ။ စေတနာကြမ်းကိုသာ အကြမ်းဟု ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် မိဘတို့က သားသမီးတို့ကိုကျိန်ဆဲရာ၌ ဖရုသဝါစာမဖြစ်ပါ။ ဘုရင်မင်းမြတ်တို့သည် လူတစ်ယောက်ကို သတ်စေရာ၌ "ချမ်းသာစွာအိပ်ပါစေ" ဟုဆိုလိုက်ခြင်းမှာ စကားအရာချိုသာသော်လည်း ဖရုသဝါစာထိုက်ပါတယ်။

**ဖရုသဝါစာမြောက်ရန် အင်္ဂါ (၃) ချက်**

(၁) အဆဲခံရသူရှိခြင်း
(၂) အမျက်ထွက်စိတ်ဆိုးခြင်း
(၃) ဆဲရေးခြင်း

**ဖရုသဝါစာအပြစ်များ**

- ကြမ်းကြုတ်သောစကားကိုဆိုသောသူသည် သေသည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲစွာခံစားရပါတယ်။ အပါယ်လေးပါးမှလွတ်မြောက်ပြီးနောက် လူဖြစ်လာသောအခါတွင်လည်း ရောဂါဆိုးမျိုးများ ခံစားရပါတယ်။

(၁) မနှစ်သက်သောအသံကိုကြားရခြင်း။

(၂) အများအမုန်းခံရခြင်း။

(၃) ကဲ့ရဲ့ပြစ်တင်ခံရခြင်း။

(၄) ဆင်းဆင်းရဲရဲနေထိုင်ရခြင်း။

(၅) သာယာနာပျော်ဖွယ်သောအသံမရှိခြင်း။

(၆) အလုံးစုံသော အသံအင်္ဂါပျက်စီးခြင်း (ဆွံ့အခြင်း)

ဖရုသဝါစာကို ရှောင်ကြဉ်ခြင်းကြောင့် အောက်ပါကောင်းကျိုးများလည်း ရရှိခံစားရပါတယ်။

(၁) လူသတ္တဝါများ၏ ချစ်ခင်မှုခံရခြင်း။

(၂) လူသတ္တဝါ၏စိတ်နှလုံးကို နှစ်သက်စေနိုင်ခြင်း။

(၃) ချမ်းသာစွာနေရခြင်း။

(၄) သာယာနာပျော်ဖွယ်သောစကားရှိခြင်း။

(၅) လူအများချီးမွမ်းခံရခြင်း။

(၆) အင်္ဂါရှစ်ပါးရှိသောအသံနှင့်ပြည့်စုံခြင်း။

**သမ္ဖပ္ပလာပဝါစာ**

- စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊ အနက်အဓိပ္ပာယ်မရှိ၊ ပြိန်ဖျင်းသောစကားကို ဆိုကြောင်းဖြစ်သော စေတနာသည် သမ္ဖပ္ပလာပဖြစ်ပါတယ်။

ပရအတ္ထစက္ခုဒီပနီကျမ်း၌ ဒီပဲယင်းဆရာတော်ဘုရားကြီးက အနက်ဆံကင်းဆိုသည်မှာ ရာမမင်း၏

သီတာဒေဝီမိဖုရားကို ခေါင်းဆယ်လုံးရှိ ဘီလူးမင်း ခိုးယူသည်။ ရွှေယုန်နှင့်ရွှေကျား သက်ကယ်ရိတ် သွားကြသည်။ ဤသို့စသည် ရှေ့က မဖြစ်ဖူး မရှိဖူးသည်ကို ဖြစ်ဖူးရှိဖူးသကဲ့သို့ သူတစ်ပါး ရာဂပွားရန်၊ ဒေါသပွားရန်၊ မောဟပွားရန် ကြံဖန်ပြောဆိုသော စကားဟူသမျှ စပါးဖျင်းကဲ့သို့ အနက်ဆံမပါသည်ကို ဆိုသည်။ သူ့ကို ဆုံးမရာ တရားဓမ္မဟောရာပြောရာ၌ ထင်လွယ်အောင် ဥပမာပုံပြ၍ ထည့်သွင်းပြောဆိုရာတို့၌ သမ္ဖပ္ပလာပ မဖြစ်ပါဟု ဖွင့်ဆိုထားကြောင်း တွေ့ရပါတယ်။

**သမ္ဖပ္ပလာပဖြစ်ရန် အင်္ဂါ (၃) ပါး**

(၁) အနက်ဆံကင်းပြိန်ဖျင်းသောစကားကို ဆိုလိုသော စိတ်ရှိခြင်း၊

(၂) ပြိန်ဖျင်းသောစကားကိုဆိုခြင်း၊

(၃) သူတစ်ပါးယုံကြည်ခြင်း၊

**သမ္ဖပ္ပလာပ၏မကောင်းဆိုးကျိုး**

စီးပွားချမ်းသာကို ဖျက်ဆီးတတ်သောစကား၊ အနက်အဓိပ္ပာယ်မရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုသောသူသည် ကွယ်လွန်သည်၏အခြားမဲ့၌ အပါယ်လေးပါး၌ ဆင်းရဲကြီးစွာခံစားရတတ်ပါတယ်။

အပါယ်လေးပါးမှ လွတ်မြောက်ပြီး လူဖြစ်လာသောအခါတွင်လည်း အောက်ပါမကောင်းကျိုးများ ခံစားရပါတယ်။

(၁) မိမိပြောဆိုသောစကားကို သူတစ်ပါး မယုံကြည်ခြင်း၊

(၂) မိမိကို လူအများက မုန်းတီးခြင်း၊

(၃) လူအများက မိမိကိုအလေးမထားခြင်း၊
(၄) အများယုံကြည်ဖွယ်ဖြစ်အောင် မပြောတတ်ခြင်း၊
(၅) လာဘ်လာဘနည်းပါးခြင်း၊
(၆) ဘုန်းတန်ခိုးအရှိန်အာနုဘော်နည်းပါးခြင်း၊
(၇) ပညာသေးသိမ်မှေးမှိန်ခြင်း၊



# နဝင်္ဂဥပုသ်သီလ (ကိုးပါးသီလ)

စိန်တိုင်ထွန်း

ကျွန်ုပ် ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင် ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ် ။ ဒီတစ်ပတ်တော့ နဝင်္ဂဥပုသ် (ကိုးပါးသီလ) အကြောင်း ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ နဝင်္ဂ=နဝ=ကိုးပါး + အင်္ဂ= အစိတ်အပိုင်းဟု ခွဲခြားကာ အင်္ဂါကိုးပါးရှိသောသီလကို နဝင်္ဂဥပုသ် (ကိုးပါးသီလ) ဥပုသ်ဟု ခေါ်ဆိုထားခြင်းဖြစ်ပါတယ်။ ဆောက်တည်ရာတွင်လည်း (၈) ပါးသီလ ဆောက်တည်ပြီးနောက် မေတ္တာကို အောက်ပါအတိုင်း ထည့်သွင်းဆောက်တည်လျှင် နဝင်္ဂဥပုသ် ဖြစ်ပါတယ်။ မေတ္တာသဟဂတေန စေတသာ သမ္မဝါစာ ဘုတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ ထည့်သွင်းဆောက်တည်ရမှာ ဖြစ်ပါတယ်။

ဤ (၉) ပါးသီလကို နဝင်္ဂအင်္ဂုတ္တိုရ်ပါဠိတော်၌ တိုက်ရိုက် ဖော်ပြထားတာဖြစ်ပါတယ်။ ဒါပေမဲ့ မေတ္တာဆိုတာပါဏာတိပါတာစတဲ့ သိက္ခာပုဒ်တွေလို သိက္ခာပုဒ်တစ်ပါးမဟုတ်ပါ။ သူတစ်ပါးအသက်ကိုသတ်ခြင်း (ပါဏာတိပါတ) မှာ တစ်နေ့လုံးရှောင်ကြဉ်နေနိုင်သော်လည်း မေတ္တာစိတ်ဖြင့် တစ်နေ့လုံးမနေနိုင်သဖြင့် သိက္ခာပုဒ်တစ်ပါးဟု မဆိုရခြင်းဖြစ်ပါတယ်။

မေတ္တာမှာ အကျိုးများလှတဲ့အတွက် ဘုရားရှင်လက်ထက်တော်မှာပင် အချို့ပုဂ္ဂိုလ်များ ဆောက်တည်ကျင့်သုံးကြပါတယ်။ မေတ္တာဟူသည် ပွားများရသောဘာဝနာတရားဖြစ်၍ (၈) ပါးသီလဆောက်တည်ပြီးနောက် "မေတ္တာသဟဂတေန စေတသာ" ဟူ၍ မဆို မဆောက်တည်ပေမဲ့ စွမ်းအားရှိသလောက် မေတ္တာပွားနေပါက (၉) ပါးသီလမည်တော့သည်သာ ဟု အာရိယဝါဒတစ်ရပ် ရှိကြောင်းသိရပါတယ်။

မှန်ပါတယ်။ "မေတ္တာသဟဂတေန စေတသာ" ဟု သီလဆောက်တည်ပြီးမှ မေတ္တာပွားများသည်ဖြစ်စေ၊ မဆောက်တည်ဘဲမေတ္တာပွားများသည်ဖြစ်စေ မိမိပွားများမှုနှင့် ထိုက်တန်သလောက် မေတ္တာပွားများခြင်း၏ အကျိုးရရှိမှာဖြစ်ပါတယ်လို့ ဆိုသည့်အတွက် "မေတ္တာ သဟဂတေန စေတသာ"ဟုဆို၍ သီလဆောက်တည်စရာမလို။ အပိုဟူ၍ကား အပြစ်မမြင်သင့်ပါ။ ကုသိုလ်အရာကြံစည်ခြင်း၊ ရွတ်ဆိုခြင်းဖြစ်၍ မနောကံကုသိုလ် ဝစီကံကုသိုလ်များ ရရှိမှာဖြစ်ပါတယ်။

ဒါ့ကြောင့် (၉) ပါးသီလဆောက်တည်ကျင့်သုံးလိုသူ အနေနဲ့ (၈) ပါးသီလဆောက်တည်ပြီးနောက် "မေတ္တာသဟဂတေန စေတနာသာ" စသည်ဖြင့် ရွတ်ဆိုဆောက်တည်ကာ မေတ္တာပွားနည်းတစ်မျိုးကို ပွားများနေပါက (၉)ပါးသီလကျင့်ဝတ်သိက္ခာပုဒ်ကို ဆောက်တည်ကျင့်သုံးခြင်းပင်ဖြစ်ကြောင်း မှတ်ယူသင့်ပါတယ်။

## (၁၀) ပါးသီလ

ဆယ်ပါးသီလသည် ရှင်သာမဏေများ အမြဲတမ်း ဆောက်တည်နေတဲ့သီလဖြစ်ပါတယ်။ လူများအတွက်မူ မိမိပိုင်ရွှေငွေရတနာတွေကို အမြဲတမ်းကာလမပြတ် မစွန့်နိုင်စေကာမူ မကိုင်တွယ်မသုံးစွဲဘဲ တစ်နေ့တာစွန့် ပယ်ထားနိုင်ပါက (၁၀) ပါးသီလကို စောင့်ထိန်း ကောင်းပါတယ်။

### (၁၀) ပါးသီလဆောက်တည်ပုံ

(၁) ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိ ယာမိ
(၄) မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာ ပဒံ သမာဒိယာမိ
(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိ ယာမိ
(၇) နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
(၈) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၉) ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
(၁၀) ဇာတရူပ ရဇတပဋိဂ္ဂဟနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

(၁၀) ပါးသီလတွင် အမှတ်စဉ် (၇) နှင့် အမှတ်စဉ် (၈) တို့ကို ခွဲခြား၍သီးခြားသိက္ခာပုဒ်တစ်ပါးစီပြထားပါတယ်။ ဒီလိုခွဲထားရာမှာ နစ္စဂီတသိက္ခာပုဒ်၌ပါဝင်သော အမှုများနှင့် မာလာဂန္ဓသိက္ခာပုဒ်၌ ပါဝင်သောအမှုများ တစ်ခုနှင့်တစ်ခု သဘောထားဆက်သွယ်မှု မရှိလှ၍ ယခုကဲ့သို့ သိက္ခာပုဒ် (၂) ပုဒ်ခွဲခြား၍ပြဆိုထားခြင်းဖြစ်ပါတယ်။

(၈) ပါးသီလတွင်မူ နစ္စဂီတဆိုရာ မာလာဂန္ဓဆိုရာ နှစ်ရပ်စလုံးကိုပင် သဘောထားခြင်းမတူသော်လည်း ရှစ်ပါးဖြစ်အောင် ပေါင်းစပ်ထားခြင်းဖြစ်ပါတယ်။ ဆိုလိုသည်မှာ နစ္စဂီတနှင့် မာလာဂန္ဓတို့ကို သိက္ခာပုဒ် (၂) ပါးအဖြစ် ကေန်ခွဲခြားသင့်ကြပေမဲ့လည်း ရှေးရိုးစဉ်လာထုံးစံအားဖြင့် (၉) ပါးမဟုတ် (၈) ပါးသာဖြစ်၍ အားလုံးပါဝင်ဖို့ရန် ပေါင်း၍ဆောက်တည်ရခြင်းဖြစ်ပါတယ်လို့ အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက သူ၏ရတနာဂုဏ်ရည်ကျမ်းတွင် ပြဆိုထားကြောင်း ဖော်ပြထားပါတယ်။

**ဇာတရူပသိက္ခာပုဒ်အဖွင့်**

ဇာတရူပရဇတပဋိဂ္ဂဟနာ-ရွှေတုံးရွှေခဲသာမက ရွှေဖြင့်ပြုလုပ်ထားသော အဝတ်တန်ဆာအားလုံးနှင့် ဘော်သာခွာငွေကိုသာမက နေရာဒေသအမျိုးမျိုး၌ သုံးစွဲရိုးဖြစ်သောငွေစက္ကူအားလုံးတို့ကို လက်ဖြင့်ကိုင်ခြင်း၊ ခံယူခြင်း စီမံသုံးစွဲခြင်းတို့မှ ဝေရမဏိသိက္ခာပဒံ ကို သမာဒိယာမိ ၏။

ဇာတရူပရဇတပဋိဂ္ဂဟနာ=ဇာတရူပ=ရွှေ+ရဇတ=ပဋိဂ္ဂဟနာ= ခံယူခြင်း)

(၁၀) ပါးသီလစောင့်ထိန်းသူများလိုက်နာရန် အချက်များ

- မိမိ၌ရှိသော ရွှေငွေကို ယုံကြည်လောက်သူထံ အပ်နှံထားရမည်။
- သီလစောင့်ထိန်းစဉ် ထိုရွှေငွေကို မကိုင်ရ။ ဘယ်မှာထားလိုက်ပါ၊ သိမ်းထားလိုက်ပါဟူ၍ မပြောရ။
- ထိုရွှေငွေဖြင့် ဘာဝယ်လိုက်ပါ စသည်ကိုလည်း မပြောရ၊
- မိမိအသုံးလိုနေသော ပစ္စည်းကိုသာ ဘာလိုချင်သည်၊ ဘာစားချင်သည် စသည်ဖြင့် ပြောဆိုရမည်။
- သူတစ်ပါးက ငွေလာပေးခဲ့သော် ထိုငွေကို ကိုယ်တိုင် လည်းမယူရ၊ သူများကိုလည်းမယူခိုင်းရ၊ နားလည်သူတစ်ယောက် သို့မဟုတ် ကပ္ပိယလုပ်သူက ယူထားလျှင်မူ မိမိမှာအပြစ်မရှိပါ။
- မိမိထံ မန်နီးအော်ဒါ (ငွေပို့လွှာ) လာလျှင် ငွေလက်ခံရရှိကြောင်း လက်မှတ်ထိုးရုံနှင့် အပြစ်မရှိပါ။
- လက်မှတ်ထိုးပြီးနောက် စာပို့ကပေးသောငွေကို ကိုယ်တိုင်လည်းမကိုင်ယူပါနှင့် သူများကိုလည်း အယူမခိုင်းပါနှင့်။
- နားလည်သူကပ္ပိယတစ်ယောက်က ယူထားလျှင်မူ မိမိမှာအပြစ်မရှိပါ။
- သီလစောင့်ထိန်းနေစဉ် ရွှေ၊ ငွေတို့ကိုသာမက စိန်၊ ကျောက်၊ ပုလဲ၊ ပတ္တမြား စတဲ့ ရတနာတွေလည်း မကိုင်ရ မခံရချေ။

## (၁၀) ပါးသီလစောင့် ကောင်းမကောင်းအဆုံးအဖြတ်

ဝါဒကွဲပြားလျက်ရှိကြ၏။ အချို့က သစ်ခေါက်ဆိုးဝတ်၍ အမြဲစောင့်နိုင်မှဟူ၍လည်းကောင်း မိမိ၌စွဲသော ရွှေငွေတို့ကို စွန့်ပစ်နိုင်မှလည်းကောင်း စောင့်ကောင်းသည်ဟု ဆိုကြ၏။ သို့ရာတွင် ဒက္ခိဏေယျသံဃာဂုဏ်ကိုပြခဲ့သော မင်းသားတို့၌ကား မိမိ၌ရှိနေသော ရွှေငွေပစ္စည်းများကို တစ်ခါတည်းပြတ်အောင်သူတစ်ပါးအား အပိုင်မပေးကြဘဲ ကပ္ပိယထံအပ်နှံထားရုံမျှဖြင့် (တစ်စုံတစ်ခုကိုမျှလည်း မထိမိတော့ဘဲ) (၁၀) ပါးသီလ စောင့်ကြပေ၏။

ထို့ကြောင့် ရွှေ၊ ငွေ ဥစ္စာကို လုံးဝမစွန့်လွှတ်ဘဲ ကပ္ပိယထံ အပ်နှံထားရုံမျှဖြင့် တစ်နေ့တစ်ရက်ဖြစ်စေ (၁၀) ပါး သီလစောင့်ကောင်းကြောင်း၊ ဆရာများဆုံးဖြတ်ကြသည်။ 'အဘိဓမ္မာအဖြစ် ပြန်စဉ်းစားကြည့်ကလည်း ကုသိုလ်စိတ်ပို၍ဖြစ်ဖွယ်ရှိသောကြောင့် မစောင့်ကောင်းစရာ အကြောင်းမဖြစ်ပါဟူ၍ အမရပူရမဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက အမိန့်ရှိပါတယ်။

စိန်တိုင်ထွန်း

× × × × ×

# မေတ္တာအကြောင်း တစေ့တစောင်း

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။
အောင်။ ။ ဟုတ်ကဲ့ပါဆရာ၊
ကျွန်ုပ်။ ။ ဒီတစ်ပတ်တော့ မေတ္တာအကြောင်းဆွေးနွေးတင်ပြရန် အလှည့်ကျရောက်လာပြီဖြစ်လို့ မေတ္တာကို နိဒါန်းအနေနဲ့ ဆွေးနွေးကြပါစို့။
ကျွန်ုပ်။ ။ ပထမဦးစွာ မေတ္တာသုတ်ပေါ်ပေါက်လာပုံအကြောင်း တင်ပြမှာ ဖြစ်ပါတယ်။ ခင်ဗျားတို့လဲသိပြီးဖြစ်မှာပါ ယခုအခါ နှစ်စဉ်ဝါခေါင်လပြည့်နေ့ကို မေတ္တာတော်နေ့ သတ်မှတ်ပြီးကျင်းပနေကြတာဖြစ်ပါတယ်။

ဖြစ်ပေါ်လာပုံက ဒီလိုပါ။ ကျွန်တော်တို့ရဲ့ ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်က ရဟန်းငါးရာတို့ဟာ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတရားများတောင်းခံပြီးနောက် ဟိမဝန္တာနှင့်တစ်ဆက်တစ်စပ်တည်းဆိုတဲ့ တောအုပ်တစ်ခုတွင် ဝါဆိုဝါကပ်ပြုကြပါတယ်။ ထိုတောရပ်အတွင်း နေထိုင်သောနတ်တို့သည် ရဟန်းတော်များရဲ့ သီလတန်ခိုးကြောင့် မိမိတို့နေထိုင်ရာ သစ်ပင်ထက်တွင် မနေနိုင်ကြတော့ဘဲ နေရာဖယ်ပေးရသဖြင့် သားသမီးများပါ နေရေး၊ ထိုင်ရေး ဒုက္ခရောက်နေကြရပါ

တယ်။ နတ်တို့နေရထိုင်ရတာ ကြပ်တည်းလှသဖြင့် ၎င်းတို့က တရားတော်များအားထုတ်နေကြတဲ့ ရဟန်းတော်များ မနေနိုင်အောင် ခြောက်လှန့်ကြပါတယ်။ ထိုအခါ ရဟန်းတော်များ တရားအားထုတ်ရာတွင် သမာဓိမရဖြစ်သဖြင့် တရားကို ဖြောင့်ဖြောင့်မတ်မတ် အားမထုတ်နိုင်အောင် ဖြစ်နေကြပါတယ်။ ဒါကြောင့် ရဟန်းတော်များ စိတ်ဓာတ်များကျကာ ဘုရားရှင်ထံ ပြန်ကြွသွားကြပါတယ်။ ဘုရားရှင်ထံ ရောက်သောအခါ ဘုရားရှင်အား အကြောင်းစုံကို လျှောက်ထားကြပါတယ်။

ထိုအခါ ဘုရားရှင်က ထိုနေရာသည် ထိုရဟန်းတော်တွေအတွက် တရားထူးရနိုင်သော နေရာဖြစ်တဲ့အတွက် ရဟန်းတော်များအား မေတ္တာသုတ်ကို ဟောပြောသင်ကြား၍ ထိုအရပ်သို့ပြန်စေပါတယ်။ မေတ္တာပွားခြင်းဆိုတဲ့ မေတ္တာလက်နက်ကို ယူဆောင်ကာ ပြန်ကြွလာကြတဲ့ ရဟန်းတော်တွေကို နတ်များက ဆီးကြိုပြုစုကြပါတယ်။

ဒီအချက်ကိုကြည့်ရင် မေတ္တာဓာတ်၏စွမ်းအားကို သတိပြုကြရမည်ဖြစ်ပါတယ်။ တစ်ချိန်က ရန်သူလိုသဘောထားကာ ခြောက်လှန့်ခဲ့သော နတ်တို့က ပြုစုစောင့်ရှောက်ကြလို့ မေတ္တာတရားဟာ ရန်သူကို မိတ်ဆွေဖြစ်အောင် စွမ်းဆောင်နိုင်ခဲ့တာတွေ့ရမှာ ဖြစ်ပါတယ်။ မေတ္တာစွမ်းအင်ရဲ့ လေးနက်ပုံဖြစ်ပါတယ်။

နောက်တစ်ခါ မေတ္တာပွားခြင်း၏အကျိုးကြီးမားပုံကို ဆက်လက်ဆွေးနွေးပါမယ်။ ဘုရားရှင်က အနာထပိဏ်သူဌေးကြီးအား ဝေလာမပုဏ္ဏားကြီး၏ အလှူ

အကြောင်းဟောထားရာတွင် အမျိုးပေါင်း ၈၄၀၀၀ မျှသော အလှူကြီးကို စီမံခန့်ခွဲ လှူဒါန်းခဲ့ပါတယ်။ ထိုဇာတ်တော်တွင် အလှူ၏ တစ်ခုထက်တစ်ခု အကျိုးကြီးမားပုံများကို အောက်ပါအတိုင်း နှိုင်းယှဉ် ဖော်ပြထားပါတယ်။

- ဆင်မြင်းကျွဲနွား၊ စားဖွယ်ပစ္စည်းအမျိုးမျိုး ၈၄၀၀၀စီ လှူသောအလှူထက်
- သောတာပန်ပုဂ္ဂိုလ်တစ်ဦးကို လှူဒါန်းသည်က ပိုမြတ်ကြောင်း
- သောတာပန်တစ်ရာကို လှူသည်ထက် သကဒါဂမ်တတစ်ဦးကို လှူသည်က ပိုမြတ်ကြောင်း
- သကဒါဂမ်တစ်ရာကို လှူသည်ထက် အနာဂါမ်ပုဂ္ဂိုလ်တို့ကို လှူသည်က ပိုမြတ်ကြောင်း
- အနာဂါမ်တစ်ရာကို လှူသည်ထက် ရဟန္တာတစ်ပါးကို လှူသည်ကပိုမြတ်ကြောင်း
- ရဟန္တာတစ်ရာကိုလှူသည်ထက် ပစ္စေကဗုဒ္ဓါတစ်ပါးကို လှူသည်က ပိုမြတ်ကြောင်း
- ပစ္စေကဗုဒ္ဓါတစ်ရာကို လှူသည်ထက် ဘုရားရှင်ကို လှူသည်က ပိုမြတ်ကြောင်း
- ဘုရားတစ်ဆူကို လှူသည်ထက် ဘုရားအမှူးရှိသော သံဃာကိုလှူသည်က ပိုမြတ်ကြောင်း
- ဘုရားအမှူးရှိသောသံဃာကိုလှူသည်ထက် ကျောင်းတစ်ဆောင်ကိုဆောက်လုပ်လှူဒါန်းသည်က ပိုမြတ်ကြောင်း

- ကျောင်းလျှသူထက် ဘုရားတရားသံဃာဟူသော သရဏဂုံကိုးကွယ်ဆည်းကပ်သည်က ပိုမြတ်ကြောင်း
- ဘုရားတရားသံဃာဟူသော သရဏဂုံဆည်းကပ်ကိုးကွယ်သူထက် ငါးပါးသီလစောင့်ထိန်းသူက ပိုမြတ်ကြောင်း
- ငါးပါးသီလစောင့်ထိန်းသူထက် နံ့သာတစ်ရှူခန့်လောက်မေတ္တာစိတ်ပွားများခြင်းက ပိုမြတ်ကြောင်း
- မေတ္တာစိတ်ပွားများခြင်းထက် လက်ဖျစ်တစ်တွက်ခန့်မျှ အနိစ္စသညာကို ပွားများသူကပိုမြတ်ကြောင်း

အဆင့်ဆင့်မြတ်ပုံအကျိုးပိုကြီးပုံများကို ဟောကြားထားပါတယ်။ ဒါကို ကြည့်ပါက မေတ္တာတရားပွားပုံမည်မျှအကျိုးကြီးမားကြောင်း သိသာနိုင်ပါတယ်။

ကျွန်ုပ်။ ။ တစ်ထောင့်ငါးရာကိုလေသာမေတ္တာအစစ် ငါးရာနှစ်ဆယ့်ရှစ်ဆိုတဲ့ စကားအရဒီနေရာမှာ မေတ္တာအစစ် ငါးရာ့နှစ်ဆယ့်ရှစ်တွက်ပုံကို ဗဟုသုတအဖြစ်ဖော်ပြသွားပါမယ်။

- နောဓိပဥ္စ၊ ဩသတ္တပေါင်းက တစ်ဆယ့်နှစ် "န္တု" လေးသွယ်မြှောက်ဆင့်ကယ်အကျယ်လေးဆယ့်ရှစ်
- အရပ်ဆယ်မျက်နှာ မြှောက်ဆင့်ပါ လေးရာရှစ်ဆယ်ဖြစ်ဆိုတဲ့ အဆိုအမိန့်အရ

**အနောဓိသပုဂ္ဂိုလ် (၅) ယောက်**

(၁) သဗ္ဗေသတ္တာ-အားလုံးသောသတ္တဝါတွေ

(၂) သဗ္ဗေပါဏာ-အားလုံးသောအသက်ရှူသူတွေ

(၃) သဗ္ဗေဘူတာ-အားလုံးထင်ရှားရှိသူတွေ
(၄) သဗ္ဗေပုဂ္ဂလာ-အားလုံးပုဂ္ဂိုလ်တွေ
(၅) သဗ္ဗေအတ္တဘာဝပရိယာပန္နာ-အားလုံးခန္ဓာကိုယ်အတ္တဘောရှိသူတွေဆိုတဲ့ ပုဂ္ဂိုလ်ငါးယောက်ကို မည်သူမည်ဝါ ယောက်ျားမိန်းမစသည်ဖြင့် ကန့်သတ်ခြင်းမရှိတဲ့အတွက် အနောဓိသပုဂ္ဂိုလ်ကို ခေါ်ပါတယ်။

ဩဓိသပုဂ္ဂိုလ် (၇) ယောက်

(၁) သဗ္ဗာဣတ္ထိယော-အားလုံးအမျိုးသမီးတွေ
(၂) သဗ္ဗေပုရိသာ-အားလုံးအမျိုးသားတွေ
(၃) သဗ္ဗေအရိယာ-အားလုံးအရိယာတွေ
(၄) သဗ္ဗေအနရိယာ-အားလုံးပုထုဇဉ်တွေ
(၅) သဗ္ဗေဒေဝါ-အားလုံးနတ်ပြဟ္မာတွေ
(၆) သဗ္ဗေမနုဿာ-အားလုံးလူသားတွေ
(၇) သဗ္ဗေဝိနိပါတိက-အားလုံးအပါယ်သတ္တဝါတွေဆိုတဲ့ ပုဂ္ဂိုလ် (၇) ယောက်ကို ပိုင်းခြားရည်ညွှန်းချက်သူ့အဖို့နှင့် သူ့အာရုံယူရတဲ့ အတွက် ဩဓိသပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။

န္တလေးသွယ်

(၁) အဝေရာဟောန္တု-ရန်ကင်းကြပါစေ
(၂) အဗျာပဇ္ဇာဟောန္တု-စိတ်ဆင်းရဲကင်းကြပါစေ
(၃) အနီဃာဟောန္တု-ကိုယ်ဆင်းရဲကင်းကြပါစေ
(၄) သုခီအတ္တာနံပရိဟရန္တု-ကျန်းမာချမ်းသာ ကိုယ်ခန္ဓာကောင်းစွာဆောင်ရွက်နိုင်ကြပါစေ။

အထက်တွင်ဖော်ပြခဲ့တဲ့ အနောဓိသပုဂ္ဂိုလ် (၅) ယောက်နှင့်ဩဓိသပုဂ္ဂိုလ် (၇) ယောက်ပေါင်း (၁၂) ယောက်ကို အဝေရာ

ဟောန္တမှုစတဲ့ "န္တ"လေးဖြာနှင့် မြှောက်ပါက (၄၈) ပါး ရပါတယ်။ ၎င်းကို ဒိသာအနောဓိသ=(အရပ်မျက်နှာပိုင်းခြားသတ်မှတ်ချက် မထားဘဲ ရှုပွားရတဲ့အတွက်) မေတ္တာလို့ ခေါ်ပါတယ်။

၎င်း ၄၈ ပါးကိုပင် အရပ်မျက်နှာ ၁၀ ခုနဲ့ ထပ်မြှောက်တဲ့အခါ ၄၈၀ ပါး ရရှိပါတယ်။ ၎င်းကို ဒိသာဩဓိသ အရပ်ဆယ်မျက်နှာဖြင့် ပိုင်းခြားသတ်မှတ်ပွားများအပ်တဲ့အတွက်) မေတ္တာလို့ ခေါ်ပါတယ်။ ဒိသာအနောဓိသမေတ္တာ ၄၈ ပါး+ ဒိသာဩဓိသ မေတ္တာ ၄၈၀ပါး=၅၂၈ ပါး ကျွန်ုပ်တို့ ယခုခေါ်ဝေါ်နေကြတဲ့ မေတ္တာ အစစ် ၅၂၈ ကို ရမှာဖြစ်ပါတယ်။

**မှတ်ချက်။၅၂၈ မေတ္တာပွားနည်းကို ဗဟုသုတအဖြစ်နောက်ဆက်တွဲဖြင့် ဖော်ပြထားပါတယ်။**

ကျွန်ုပ်။ ။ လာဗျာဦးဝေအောင်တို့ထိုင်ကြပါ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ပြီးခဲ့တဲ့အပတ်က မေတ္တာနှင့်ပတ်သက်၍ ပဏ္ဏာမ အနေနဲ့ဗဟုသုတဖြစ်ဖွယ်ဆွေးနွေးသွားတာပါ။ ဒီအပတ်မှာ မေတ္တာဘာဝနာပွားများပုံကို ဆက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မေတ္တာဆိုတာ-မေတ္တာကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရားလေးပါးတွင် ပါဝင်တဲ့တရား တစ်ပါးဖြစ်ပါတယ်။ ဗြဟ္မဝိဟာရဆိုတာ မြတ်သောနေခြင်း၊ မြတ်သောယောဂီသူတော်စင်၏ နေခြင်းလို့ အဓိပ္ပါယ်ရယူတယ်။ ဗြဟ္မာတို့သည် အပြစ်ကင်းစွာနေထိုင်ကြသလို ယောဂီပုဂ္ဂိုလ်ဟာလည်း မေတ္တာစတဲ့ တရားလေးပါးတို့ကို ရှုပွားနေထိုင်ပါက

ဗြဟ္မဝိဟာရာဖြစ်ကောင်းတဲ့ နေထိုင်ခြင်းလို့ ဆိုရမှာဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ သာသနာတော်တွင် ပဋိပတ်ဝန်ဆောင် မထေရ်ကြီးများဟာ ခေတ်အဆက်ဆက်ပင် အစောင့်အရှောက်တရား (စတုရာရက္ခတရား) လေးပါးကို အစဉ်အဆက် ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့ကြပါတယ်။ ဒီတရားလေးပါးကို ခုခေတ်တရားအားထုတ်သူများလည်း အများအားဖြင့် ကျင့်ကြံအားထုတ်လျက်ရှိကြပါတယ်။ ထိုအစောင့်အရှောက်တရားလေးပါးမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မေတ္တာကမ္မဋ္ဌာန်း၊ အသုဘကမ္မဋ္ဌာန်းနဲ့ မရဏာဿတိကမ္မဋ္ဌာန်းလေးမျိုးတို့ ဖြစ်ကြပါတယ်။

ထိုအစောင့်တရားလေးပါးကို ကျင့်ကြံသူတို့မှာ ယခု ပစ္စုပ္ပန်ဘဝတွင် တွေ့ကြုံရမယ့် သောကပရိဒေဝစတဲ့ တွင်းပန္နစ်တန် ဘေးရန်များ နောင်တမလွန်၌ ကြုံတွေ့ရမယ့် အပါယ်ဘေးစတဲ့ ဆင်းရဲဒုက္ခများမှ လွတ်ကင်း အောင်စောင့်ရှောက်တတ်ပါတယ်။ ဒါကြောင့် အစောင့်အရှောက်တရားလေးပါး (စတုရာရက္ခ) လေးပါးဟု ခေါ်ဆိုခြင်းဖြစ်ပါတယ်။

၎င်းလေးပါးထဲက မေတ္တာကမ္မဋ္ဌာန်း၊ မေတ္တာဘာဝနာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မေတ္တာဆိုတာ ဒေါသ၏ ဆန့်ကျင်ဘက်တရား၊ ပုဂ္ဂိုလ်သတ္တဝါပညတ်ကိုအာရုံပြုကာ "ချမ်းသာပါစေ၊ ဘေးရန်ကင်းပါစေ" စသည်ဖြင့် သတ္တဝါတို့၏ ကြီးပွားချမ်းသာမှုကိုလိုလားတောင့်တတဲ့ အဒေါသစေတသိက်ကို မေတ္တာလို့ ခေါ်ခြင်းဖြစ်ပါတယ်။

မေတ္တာကို ချစ်ခြင်းဟု မြန်မာမှုပြုကြပါတယ်။ သို့ရာတွင် လင်ချစ်မယားချစ် ချစ်ခြင်းမှာ တဏှာပေမ ချစ်ခြင်းနှင့် မိဘညီအစ်ကိုမောင်နှမ ချစ်ခြင်းများမှာ ဂေဟာဿိတပေမချစ်ခြင်းမျိုးဖြစ်၍ မေတ္တာစစ်များ မဟုတ်ကြ မေတ္တာတုများသာဖြစ်ပါတယ်။ သူတစ်ပါး၏ ကြီးပွားချမ်းသာစေလိုမှုမျိုးသာ မေတ္တာစစ် ချစ်ခြင်းအစစ် ဖြစ်ပါတယ်။မေတ္တာဘာဝနာပွားများ သည့်အခါ အောက်ပါအချက်များကို သတိပြုရမှာ ဖြစ်ပါတယ်။

**မေတ္တာစတင်မပွားသင့်သူများ**

(၁) မချစ်မနှစ်သက်သူ

(၂) အလွန်ချစ်ခင်ကျွမ်းဝင်သောမိတ်ဆွေ

(၃) မမုန်းမချစ်အလယ်အလတ်ဖြစ်သူ

(၄) ရန်သူ-တို့ဖြစ်ပါတယ်။

**မေတ္တာမပွားသင့်သူများ**

(၁) လိင်မတူသူ

(၂) ကွယ်လွန်သူ တို့ဖြစ်ကြပါတယ်။

လိင်မတူသူကို သီးသန့်( ဩဓိသ) မေတ္တာပွားလျှင် ရာဂ ဖြစ်တတ်ပါတယ်။ ကွယ်လွန်သူကို မေတ္တာပွားလျှင် ဥပစာသမာဓိ အပ္ပနာစျာန်သမာဓိများ မရနိုင်ပါ။

**မေတ္တာစတင်ပွားများရမည့်သူ**

မိမိကိုယ်ကို စတင်မေတ္တာပွားများရမည်။ (ပွားများပုံ) ငါသည် ချမ်းသာရပါလို၏။ ဆင်းရဲကင်းရပါလို၏။ ပြင်ပရန်ကင်းရပါလို၏။ စိတ်ဆင်းရဲကင်းရပါလို၏။ ကိုယ်ဆင်းရဲကင်းရပါလို၏။ မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ရပါလို၏ဟူ၍ အဖန်ဖန်မေတ္တာပွားများရမှာ ဖြစ်ပါတယ်။ ဒီလို မေတ္တာပွားများခြင်းမှာ ကိုယ်ချမ်းသာတတ်ရန် ဖြစ်ပါတယ်။

**ချစ်ခင်သူ၌မေတ္တာပွားခြင်း**

- မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာအဖန်ဖန်အထပ်ထပ် ပွားပြီးနောက်
  - မြတ်နိုးလေးစားထိုက်သောဆရာ
  - ဆရာကဲ့သို့ လေးစားထိုက်သောပုဂ္ဂိုလ်
  - ဥပဇ္ဈာယ်ဆရာ
  - ဥပဇ္ဈာယ်ဆရာကဲ့သို့ လေးစားထိုက်သော ပုဂ္ဂိုလ်

တို့၏ သီလ၊ သုတစသော ဂုဏ်အခြားမြတ်နိုးလေးစားဖွယ်ဂုဏ်တို့ကို ဆင်ခြင်အောက်မေ့၍ ဤသူတော်ကောင်း"ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ" စသည်ဖြင့် ရှေ့ကအတိုင်း မေတ္တာပွားရပါတယ်။

ထို့နောက် အလွန်ချစ်သောမိတ်ဆွေ၊ အလယ်အလတ် (မချစ်မမုန်း) ပုဂ္ဂိုလ်၊ ရန်သူတို့ကို လည်း ဖော်ပြပါနည်းအတိုင်း အစဉ်အတိုင်း ပွားရမှာဖြစ်ပါတယ်။ (ရန်သူအပေါ် မေတ္တာပွားလျှင် ဒေါသပြေပျောက်ပုံများကို အကြိမ်ကြိမ်စဉ်းစားဆင်ခြင်ပြီး ပွားရန်ဖြစ်ပါတယ်။)

မေတ္တာပွားရာ၌အထူးသတိပြုရမည်မှာ-မိမိ၊ မိမိချစ်ခင်သူ၊ အလယ်အလတ်ပုဂ္ဂိုလ်ရန်သူဆိုတဲ့ ပုဂ္ဂိုလ်လေးဦးစလုံးအပေါ်၌ မေတ္တာစိတ်ကို အညီအမျှဖြစ်စေကာ တစ်သားတည်းဖြစ်အောင် အားထုတ်ရမှာဖြစ်ပါတယ်။

ဖော်ပြခဲ့သော ပုဂ္ဂိုလ် (၄) ဦးတို့အတူရှိနေကြစဉ်မှာ ဓါးပြများရောက်ရှိလာပြီး သင်တို့လေးဦးထဲမှ တစ်ဦးဦးကို ပေးပါ။ အဲဒီ ခင်ဗျားတို့ပေးတဲ့လူကို သတ်ပြီး လည်ချောင်းသွေးနဲ့ ယဇ်နတ်ပူဇော်မယ်လို့ အတင်းအကြပ်တောင်းခံလာပါက မိမိကိုဖြစ်စေ အခြားသူတစ်ဦးဦးကိုဖြစ်စေ ပေးလိုတဲ့စိတ် ရှိနေသေးတယ်ဆိုရင် ထိုပုဂ္ဂိုလ်လေးဦးတို့အပေါ်၌ မေတ္တာစိတ်ထားမှာ တစ်သားတည်း မဖြစ်သေးပါ။

အဘယ်ကြောင့်ဆိုလျှင် အသေခံရသူရဲ့ အကျိုးစီးပွား ကို အလိုမရှိဘဲ ဓါးပြတို့ရဲ့ အကျိုးစီးပွားကို အလိုရှိရာရောက်တဲ့ အတွက် ဖြစ်ပါတယ်။ တကယ်ဆိုပါက ထိုပုဂ္ဂိုလ်လေးဦးထဲက မိမိကိုဖြစ်စေ၊ အခြားတစ်ဦးဦးကိုဖြစ်စေ ခိုးသားဓါးပြတို့အား မပေးလိုပဲ မိမိအပါအဝင် ပုဂ္ဂိုလ်လေးဦးတို့အပေါ်၌ အကျိုးစီးပွား ကို လိုလားတဲ့စိတ်အညီအမျှဖြစ်နေပါက မေတ္တာစိတ်တစ်သား တည်း (သီမာသမ္ဘေဒ) ဖြစ်နေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီလို မေတ္တာစိတ်တစ်သားတည်း ထားနိုင်လောက်သောအဆင့်သို့ ရောက် လျှင် မေတ္တာဘာဝနာပွားသူဟာ လောကီဈာန်ရဲ့အနီးအပါး (ဥပ စာရအဆင့်) သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ဆက်လက်၍ မေတ္တာ ပွားများပါက ပထမဈာန် စတဲ့တရားထူးများကို ရရှိမှာဖြစ်ပါတယ်။

ဒီလို ပထမဈာန်စတဲ့ တရားထူးများကို ရရှိတဲ့ ပုဂ္ဂိုလ်ဟာ အပိုင်းအခြားအကန့်အသတ်မထားဘဲ ပို့လွှတ်တဲ့မေတ္တာ (အနောဓိသဖရဏမေတ္တာ) အပိုင်းအခြားအကန့်အသတ်ဖြင့် ပို့ လွှတ်တဲ့မေတ္တာ (ဩဓိသဖရဏမေတ္တာ) အရပ်မျက်နှာအားလုံး ဖြန့်၍ ပို့လွှတ်တဲ့မေတ္တာ (ဒိသာဖရဏမေတ္တာ) တို့ကို ပိုင်ပိုင်နိုင်နိုင် ပွားများနိုင်မှာ ဖြစ်ပါတယ်။

မေတ္တာပွားများရာတွင် ဈာန်ရအောင်ပွားနည်းဘာဝနာ ကုသိုလ်ဖြစ်အောင်ပွားများနည်းဟူ၍ နှစ်မျိုးရှိရာ အရပ်(၁၀) မျက်နှာပွားပုံ၊ ၅၂၈-သွယ် မေတ္တာပွားပုံတို့မှာ ဈာန်ရပြီးတဲ့ ပုဂ္ဂိုလ် တွေရဲ့ ပွားပုံတွေသာဖြစ်ပါတယ်။ သို့သော် ထိုနည်းအတိုင်း မည်သူမဆို ပွားများနိုင်ပါတယ်။ ဒါပေမယ့်ဘာဝနာကုသိုလ်မျှသာ ဖြစ်တယ်ဆိုတာကို မှတ်ယူရမှာဖြစ်ပါတယ်။ စတင်ပွားများတဲ့ ပုဂ္ဂိုလ်တွေအတွက် အာရုံကျယ်ပြောတဲ့အတွက် သမာဓိမျှပင်ရဖို့ မလွယ်ပါဘူး။ ဒါကြောင့် သေက္ခတောင်ဆရာတော်စတဲ့ ဆရာ

တော်ကြီးတွေရဲ့နည်းတွေကိုမှီး၍ ရှေးဦးစွာ ပုဂ္ဂိုလ်တစ်ဦးအပေါ်၌ စူးစိုက်ပိုင်နိုင်အောင်ပွားများပြီးမှ အခြားပုဂ္ဂိုလ်သတ္တဝါအာရုံသို့ ပြောင်းရွေ့ပွားများသင့်ပါသည်။

ဖေါ်ပြခဲ့တဲ့ မေတ္တာပွားနည်းတွေအနက် တစ်နည်းနည်းနဲ့မေတ္တာပွားများတဲ့ပုဂ္ဂိုလ်တွေဟာ ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာ နိုးထရခြင်း၊အိပ်မက်ဆိုးမမြင်မက်ခြင်း၊ လူများချစ်ခင်မြတ်နိုးခြင်း၊ နတ်များချစ်ခင်မြတ်နိုးခြင်း၊ နတ်များချစ်ခင် စောင့်ရှောက်ခြင်း၊ အဆိပ်လက်နက်ဘေးမသင့်ခြင်း၊ လျင်စွာ စိတ်တည်ခြင်း၊ မျက်နှာကြည်လင်ခြင်း၊ မတွေဝေဘဲသေရခြင်း၊ သေလျှင်ဗြဟ္မာပြည်သို့ ရောက်ရခြင်းဆိုတဲ့ မေတ္တာအကျိုး (၁၁) မျိုး ရရှိမှာဖြစ်ပါတယ်။

အတိုကိုတော့ မဟာဒွါရသာသနာပိုင် အုတ်ဖိုလ်ဆရာတော်ဘုရားကြီးက ချမ်းသာအိပ်နိုး လန့်စိုးကြောက်ရှက် အိပ်မက်မမြင် နှစ်အင်လူနတ် ချစ်မြတ်သနား၊ နတ်များစောင့်ရှောက် ဆိပ်တောက်လက်နက် မီးအဂ္ဂိမျိုး မတိုးမလောင် ရှောင်တခင်မျှ ဖြစ်အင်သမာဓိ တည်လာရှိ၍ ကြည်ဘိမျက်နှာ၊ သေခါမတွေဝေ သေလေပြီးနောက် နတ်ပြည်ရောက်၏ဟု စပ်ဆိုထားသည်ကို မှတ်သားနာယူကာ အရကျက်ထားရန် တိုက်တွန်းလိုက်ပါတယ်။

စိန်တိုင်ထွန်း



## ၅၂၈ မေတ္တာ (ငါးရာနှစ်ဆယ်ရှစ်သွယ်မေတ္တာပွားပုံ)

၁။ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၂။ သဗ္ဗေပါဏာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၃။ သဗ္ဗေဘူတာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၄။ သဗ္ဗေပုဂ္ဂလာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၅။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၆။ သဗ္ဗာဣတ္ထိယောအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၇။ သဗ္ဗေပုရိသာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၈။ သဗ္ဗေအရိယာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၉။ သဗ္ဗေအနရိယာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၁၀။ သဗ္ဗေဒေဝါအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၁၁။ သဗ္ဗေမနုဿာအဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၁၂။ သဗ္ဗေဝိနိပါတိကာအဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

(အရပ်ကို မရည်ညွှန်းဘဲ ပို့သသောမေတ္တာ ၁၂ ယောက်ရှိ ၎င်းကို (န္တု) လေးဖြာနှင့် မြှောက်ပါက ၄၈ ပါးရသည်။)

- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေသတ္တာအဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေပါဏာအဝေရာဟောန္တု (စသည်ဖြင့် ပို့ပါ။)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေဘူတာအဝေရာဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေပုဂ္ဂလာအဝေရာဟောန္တု၊(---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေဣတ္ထိယော အဝေရာဟောန္တု၊(---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေပုရိသာ အဝေရာဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေအရိယာ အဝေရာဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေအနရိယာအဝေရာဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေဒေဝါအဝေရာဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊ သဗ္ဗေမနုဿာအဝေရာဟောန္တု (---)
- ပုရတ္ထိမာယဒိသာယ၊သဗ္ဗေဝိနိပါတိကာအဝေရာဟောန္တု(---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေပါဏာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေဘူတာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေပုဂ္ဂလာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေအတ္တဘာဝပရိယာပန္တာ အဝေရာ ဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗာဣတ္ထိယော အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေပုရိသာ အဝေရာဟောန္တု (---)

- ပစ္ဆိမာယဒိသာယ အရိယာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ အနရိယာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေဒေဝါ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေမနုဿာ အဝေရာဟောန္တု (---)
- ပစ္ဆိမာယဒိသာယ သဗ္ဗေဝိနိပါတိကာ အဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေပါဏာအဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေဘူတာအဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေပုဂ္ဂလာအဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗာဣတ္ထိယော အဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေပုရိသာ အဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေအရိယာ အဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေအနရိယာအဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေဒေဝါ အဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေမနုဿာ အဝေရာဟောန္တု (---)
- ဥတ္တရာယဒိသာယ သဗ္ဗေဝိနိပါတိကာအဝေရာဟောန္တု (---)
- ဒိက္ခိဏာဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တု (---)
- ဒိက္ခိဏာဒိသာယ သဗ္ဗေပါဏာအဝေရာဟောန္တု (---)
- ဒိက္ခိဏာဒိသာယ သဗ္ဗေဘူတာအဝေရာဟောန္တု (---)
- ဒိက္ခိဏာဒိသာယ သဗ္ဗေပုဂ္ဂလာအဝေရာဟောန္တု (---)
- ဒိက္ခိဏာဒိသာယ သဗ္ဗေအတ္တဘာဝပရိယာပန္နာ အဝေရာ ဟောန္တု (---)
- ဒိက္ခိဏာဒိသာယ သဗ္ဗာဣတ္ထိယော အဝေရာဟောန္တု (---)

- ဒိက္ခဏာဒိသာယ သဗ္ဗေပုရိသာ အဝေရာဟောန္တု (---)
- ဒိက္ခဏာဒိသာယ သဗ္ဗေအရိယာ အဝေရာဟောန္တု (---)
- ဒိက္ခဏာဒိသာယ သဗ္ဗေအနရိယာ အဝေရာဟောန္တု (---)
- ဒိက္ခဏာဒိသာယ သဗ္ဗေဒေဝါအဝေရာဟောန္တု (---)
- ဒိက္ခဏာဒိသာယ သဗ္ဗေမနုဿာအဝေရာဟောန္တု (---)
- ဒိက္ခဏာဒိသာယ သဗ္ဗေဝိနိပါတိကာအဝေရာဟောန္တု (---)

- ပုရတ္ထိမာယအနုဒိသာယသဗ္ဗေသတ္တာ၊ အဝေရာဟောန္တု(---)
- သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာကုတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ တို့နှင့် ပုရိတ္ထိမာယ အနုဒိသာယ တွဲပါ။ (၈၄) ပါးရ။

- ပစ္ဆိမာယာအနုဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တု(---)
- သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာကုတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ တို့နှင့် ဥတ္တရာယအနုဒိသာယ တွဲပါ။

- ဥတ္တရာယအနုဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု (---)
- သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ သဗ္ဗာကုတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ တို့နှင့် ဥတ္တရာယအနုဒိသာယ တွဲပါ။

- ဒက္ခိဏာယအနုဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တု၊ (---)
- သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ တို့နှင့် ဒက္ခိဏာယအနုဒိသာယ တွဲပါ။

- ဟေဋ္ဌိမာယဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တု၊ (---)
- သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ တို့နှင့် ဟေဋ္ဌိမာယဒိသာယ တွဲပါ။

- ဥပရိမာယဒိသာယ သဗ္ဗေသတ္တာအဝေရာဟောန္တု၊ (---)
- သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ တို့နှင့် ဥပရိမာယဒိသာယ တွဲပါ။

**(အရပ်၁၀-မျက်နှာနှင့်ပုဂ္ဂိုလ် ၁၂-ယောက်မြှောက်ပါက ၁၂၀ ပါး ရ၏။ ၎င်းကို "န္တု" လေးဖြာနှင့် မြှောက်လျှင် ၄၈၀ပါးရ၏။ ၎င်း ၄၈၀ ကို အရပ်မျက်နှာ အညွန်းတဲ့ ၄၈ပါးနှင့် ပေါင်း ပါက ခု ကျွန်ုပ်တို့ ပြောနေတဲ့ ၅၂၈ (ငါးရာနှစ်ဆယ့်ရှစ် မေတ္တာရပါသည်။)**

# ဆုတောင်း

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ ဦးဝေအောင်တို့ထိုင်ကြပါ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ဒီတစ်ပတ်တော့ ဆုတောင်းတဲ့အပိုင်းကို ဆွေးနွေးကြတာပေါ့ဗျာ။

အောင်။ ။ ဆရာ ကျွန်တော်ကြားဖူးတာ ဗုဒ္ဓဘာသာဟာ ဆုတောင်းတိုင်းရတဲ့ဘာသာမဟုတ်ပါဘူး။ တခြားဘာသာဝင်တွေက သူတို့ဘုရားထံမှာ ဆုတောင်းလို့တယ်လို့ ကြားဖူးပါတယ်။ အဲဒါကို ရှင်းပြပေးစေချင်ပါတယ်ဆရာ။

ကျွန်ုပ်။ ။ ကျွန်တော်တို့ဟာ မိရိုးဖလာဗုဒ္ဓဘာသာဝင်တွေက အများစုဖြစ်တဲ့အတွက် အများစုကြီးက ဆုတောင်းရင်ရတယ်လို့ ထင်တတ်ကြပါတယ်။ အမှန်မှာ ကျွန်တော်တို့ ဘုရားရှင်က တောင်းတဲ့ဆုကို မပေးနိုင်ပါဘူး။ကောင်းတာလုပ်ရင် ကောင်းကျိုးရမယ်။ မကောင်းတာလုပ်ရင် မကောင်းကျိုးရမှာပဲ။ ဘယ်သူမပြု မိမိမှုဆိုတဲ့အတိုင်း ကောင်းကျိုး၊ မကောင်းကျိုးကိုတော့ ခံစားကြရမှာ ဖြစ်ပါတယ်။
ဘုရားရှင်တို့မည်သည် လမ်းညွှန်ပုဂ္ဂိုလ်သာဖြစ်ကြောင်း တစ်ဖက်ပါအတိုင်း မိန့်ကြားထားတာလဲရှိပါတယ်။

- တုမှေဟိကိစ္စမာတပ္ပံ၊ အက္ခာတာရော တထာဂတာ။ ပဋိပန္နာပမောက္ခန္တိ ဈာယိနော မာရဗန္ဓနာ (ဓမ္မပဒ -၂၇၆)
- သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် (လမ်းမှန်ကို) ညွှန်ကြားရုံမျှ ဖြစ်ကုန်၏။
- ကျင့်ကြကုန်၍ ကိလေသာကို ရှို့မြိုက်ကြကုန်သူတို့ သည်သာ မာရ်မင်း၏အနှောင်အဖွဲ့မှ လွတ်မြောက် နိုင်ကုန်၏။

ဖော်ပြပါအတိုင်း ဓမ္မပါဒဂါထာ (၂၇၆) လာ ဘုရားရှင် ၏မိန့်ကြားချက်ကိုကြည့်လျှင် ဆုတောင်း၍ မရနိုင်ကြောင်း မိမိကိုယ်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်မှသာ ရနိုင်ကြောင်း ဆုတောင်းရင်လည်း မိမိတောင်းသောဆုနှင့် လျော်ညီစွာ ကျင့်ကြံ အားထုတ်မှသာ ရနိုင်ကြောင်း ါသာထင်ရှားလှပါတယ်။

ယခုကာလဆု ာတောင်းခြင်းနှင့် ပတ်သက်၍ အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး အရှင်ဇနကာဘိဝံသက "ဩကာသစသည်ဖြင့် ရှိခိုးပြီးနောက် အပါယ်လေးပါး၊ ကပ်သုံးပါး စသည်မှ လွတ်မြောက်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရလိုပါ ကြောင်းဆုတောင်းကြကြောင်း ဆုပေးသောဘုန်းကြီးကမူ အသက် ရှည်ခြင်း၊ အဆင်းလှခြင်းစသည်ဖြင့် မတောင်းသောဆုကိုပါ အပိုပေး၏။ ဆုတောင်းတိုင်းဆုပေးတိုင်း (ကောင်းအောင်မကျင့် ဘဲ) အကျိုးရနိုင် မရနိုင်ကို စဉ်းစားလျှက် မရနိုင်ဟုမှတ်ပါ။ မိမိ တောင်းသောဆုနှင့် ထိုက်တန်အောင် (အပါယ်လေးပါးစသည်မှ လွတ်အောင်) ဒုစရိုက်ကိုရှောင်ကြဉ်၍ သုစရိုက်ကုသိုလ်၊ ပုည ကြိယာ ဝတ္ထုကုသိုလ်များကိုပြုမှသာ (နိဗ္ဗာန်မြန်မြန်ရအောင် ကမ္မဋ္ဌာန်းကို အားထုတ်မှ (သို့မဟုတ်) ပါရမီကို ကြိုးစားဖြည့်မှသာ)

ဆုတောင်းအားလျော်စွာ အကျိုးရနိုင်မည်ဟု ရတနာဂုဏ်ရည် စာအုပ်တွင် ဖော်ပြထားတာ တွေ့ရပါတယ်။

ဆရာတော်ဘုရားကြီးကဆက်၍ "စိတ်မပါ တပါနှင့် တောင်းသောဆု ဘုန်းကြီးက နှုတ်တိုက်ချပေးသောဆုများကို အားကိုးနေခြင်းထက် မိမိတို့ကိုယ်တိုင် ပိုင်ပိုင်ကြီးအလုပ်လုပ်ခြင်း ကသာ အကျိုးရမည်ဟုမှတ်ပါ။ သို့သော် အများနှင့်မဆန့်ကျင် အောင် ထုံးစံအတိုင်း ဩကာသကန်တော့ချိုး ဆိုပြီးနောက် ဆု တောင်း၍ ဘုန်းကြီးပေးသောဆုကိုလည်း အာမဘန္တေ လိုက်ကြပါ လေတော့။ (အပြစ်မရှိ၍ အများနှင့်မဆန့်ကျင်သင့်ပါ) ဟူ၍ အဆိုပါကျမ်းစာတွင် ဆက်လက်ဖော်ပြထားပါတယ်။

အချုပ်ဆိုရလျှင် ဆုတောင်းမှုဆိုတာ မိမိလိုအပ်တဲ့ အကျိုးကိုစိတ်ဖြင့် မှန်းဆ၍ဖြစ်စေ၊နှုတ်ဖြင့်တမ်းတ၍ ဖြစ်စေ၊ တောင်းဆိုခြင်းဖြစ်တယ်။ ကောင်းမှုကိုလဲ ကိုယ်လိုချင်တဲ့အရာ တောင်းပါက လိုရာအမှန် ပြီးစေတတ်၏။ တောင်းသောဆုနှင့် ထိုက်တန်အောင်ကား ကုသိုလ်ကောင်းကျိုးကို ပြုကြရမှာဖြစ်ပါ တယ်။ ဒါကြောင့် အောက်ဖော်ပြပါဆုများထဲမှ မိမိတို့နှစ်သက်ရာ ဆုတစ်မျိုးမျိုးကို ပန်ဆင်ပြီး မိမိတို့ပန်ဆင်သောဆုနှင့် လျော်ညီစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမှာဖြစ်ပါတယ်။

**သမ္မာသမ္ဗောဓိဆု**

၁။ ပညာဓိကဘုရားလောင်းဖြစ်လျှင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း

၂။ သဒ္ဓါဓိကဘုရားလောင်းဖြစ်လျှင် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း

၃။ ဝိရိယာဓိကဘုရားလောင်းဖြစ်လျှင် တစ်ဆယ့်ခြောက် သင်္ချေနှင့် ကမ္ဘာတစ်သိန်း

- တစ်ဖက်ဖော်ပြပါကာလကြာအောင် ဒါနသီက နေကွခမ္မ စသောပါရမီ (၁၀) ပါး အပြား (၃၀) တို့ ဖြည့်ကျင့် ရမှာဖြစ်ပါတယ်။

၂။ **ပစ္စေကဗောဓိဆု**

- ပစ္စေကဗုဒ္ဓါဘုရားဖြစ်လိုသူများသည် အချိန်ကာလ အားဖြင့်အနည်းဆုံး နှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းဒါနသီလ နေကွခမ္မစသောပါရမီများကို ဖြည့်ကျင့်ရမှာဖြစ်ပါတယ်။ ၎င်းတို့မှာ မိမိတို့ကိုယ်တိုင်သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး နိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်ကြပေမဲ့ သတ္တဝါအများစုတို့အား နိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်ရန် တရားမဟောကြားပေ။ အဘယ်ကြောင့်ဆိုသော် သာသနာပကာလမှာ ပွင့်ထွန်းတော်မူတဲ့အတွက်ဖြစ်ပါတယ်။

၃။ **အဂ္ဂသာဝကဆု**

အဂ္ဂသာဝကဆုပန်ဆင်လိုသူများသည် အနည်းဆုံး တစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်းဖြည့်ကျင့်ရမှာဖြစ်ပါတယ်။ အဂ္ဂ သာဝကဆိုသည်မှာ ကျွန်ုပ်တို့ ဘုရားရှင်လက်ထက်တွင် ပညာအရာ ၌ ဧတဒဂ်ရလကျာတော်ရံအရှင်သာရိပုတ္တရာနှင့် တန်ခိုးအရာ၌ ဧတဒဂ်ရလက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကြီး တို့ဖြစ်ပါတယ်။

၄။ **မဟာသာဝကဆု**

- မဟာသာဝကဆုကို ပန်ဆင်လိုပါလျှင် အနည်းဆုံး ကမ္ဘာတစ်သိန်းကာလ၌ ပါရမီများကို ဖြည့်ကျင့်ဆည်းပူးရန် လိုအပ် ပါတယ်။ ကျွန်ုပ်တို့ဘုရားရှင်လက်ထက်တွင် အရှင်မဟာကဿပ အရှင် အနုရုဒ္ဓါ၊ အရှင်အာနန္ဒာစတဲ့ မထေရ်မြတ်ကြီးတို့လိုမျိုး ဖြစ်ပါတယ်။

၅။ **ပကတိသာဝကဆု**

- ပကတိသာဝကဆုကို ပန်ဆင်လိုသူများမှာ နှစ်ကာလ ကန့်သတ်ချက်မရှိဘဲ ဝိပဿနာတရားများကို ပွားများအားထုတ်နိုင်ပါတယ်။ ပကတိသာဝကများအတွက် ပါရမီဖြည့်ကျင့်ဆည်းပူးရန်မလိုဘဲ မိမိတို့သီလ၊ သမာဓိပညာ ဝီရိယအားလျော်စွာ နိဗ္ဗာန်ကို အကန့်အသတ်အချိန်ကာလမရှိမျက်မှောက်ပြုနိုင်ပါတယ်။ အားထုတ်လျှင် အားထုတ်သလောက် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အချိန်ကာလကြာမြင့်နိုင်ပါတယ်။ ကြိုးစားအားထုတ်မှုသာ ပဓာန ဖြစ်ပါတယ်။

ဆုတောင်းတိုင်းရမရနှင့်ပတ်သက်၍ အောက်ပါကဗျာ လေးကို လေ့လာကြည့်ပါ-

- ဘုရားရှေ့မှာ လက်ဆယ်ဖြာမိုး
သင်ရှိခိုး၍ ရိုကျိုးဆုတွေ
တောင်းခြွေလေတိုင်း
ပြည့်နေသည်လို့ ထင်ပါသလား။
- အတိတ်ရဲ့ကံ ကျိုးပေးမှန်မှ
ခံစားရမည်မသိသလော။
- တကယ်ကုသိုလ်အကျိုးလိုလျှင်
ကုသိုလ်ဒါန ကျင့်သီလနှင့်
ပွားကြဘာဝနာဤသုံးဖြာကို
စဉ်သာကျင့်ကြံကြရမည်။
- ဝိပဿနာကမ္မဋ္ဌာန်း အစဉ်စီးဖြန်း၍
အေးချမ်းမှုရှာ မြတ်ဗုဒ္ဓါ၏
ဟောလာဓမ္မ အဆုံးအမကို
တောင်း၍မရ လုပ်မှရမည်။
ဘဝနောင်ရေးစိတ်အေးရေးအတွက်
ပေးပါတောင်းမရ ကျင့်မှရမည်။
မုချမလွဲ စိတ်မှာစွဲ၍
အမြဲကျင့်ကြံအားထုတ်လော့။

ရွှေဘိုတင်အောင်



# အမျှဝေနဲ့ သာဓုခေါ်ပုံ

စိန်တိုင်ထွန်း

ကျွန်ုပ်။ ။ လာဗျာ ဦးဝေအောင်တို့ ထိုင်ကြပါ။

အောင်။ ။ ဟုတ်ကဲ့ပါဆရာ။

ကျွန်ုပ်။ ။ ကျွန်တော်ခင်ဗျားတို့နဲ့ဗုဒ္ဓဘာသာရဲ့အခြေခံ အကြောင်းဆွေးနွေးခဲ့တာ ခုအပတ်မှာ ခေါင်းစဉ်တစ်ခုပြီးဆုံးမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့နိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓဘာသာ စတင်ထွန်းကားလာကာ မြန်မာ့ယဉ်ကျေးမှုတွင် တစတစ အမြစ်တွယ်လာပြီဖြစ်၍ ခုအခါ မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်နေပါပြီ။ ကျွန်ုပ်တို့ဟာ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာတာနဲ့ ထိခြင်းငါးပါးနဲ့အညီ ဘုရားရှိခိုးခြင်း၊ ဩကာသကန်တော့ချိုး ရွတ်ဆိုဘုရားကန်တော့ခြင်းတို့ကို မလွဲမသွေပြုလုပ်ကြရတာဖြစ်ပါတယ်။ ကန်တော့ပြီးတဲ့နောက် သီလဆောက်တည်ခြင်း၊ ဘုရားဂုဏ် (၉) ပါး၊ တရားဂုဏ် (၆) ပါး၊ သံဃာဂုဏ် (၉) ပါးတို့ကို အလှည့်ကျရွတ်ဆိုပူဇော်ခြင်း၊ ပရိတ်တရားတော်များကို အလှည့်ကျရွတ်ဆိုခြင်း၊ မေတ္တာပို့ခြင်း၊ ဆုတောင်းခြင်း၊အမျှဝေခြင်း၊ သာဓုခေါ်ခြင်းဆိုသည့် ကျင့်ဝတ်တို့ကို အမြဲမပြတ်ပြုကျင့်ကြရတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂုဏ်တော်ပိုင်းနဲ့ပရိတ်ပိုင်း

တို့ကို ချန်လှပ်ထားခဲ့ပြီး ကျန်တဲ့အပိုင်းကို ဆွေးနွေးခဲ့တာ ခုနောက်ဆုံးပိုင်းကို ရောက်လာပြီဖြစ်ပါတယ်။ အဲဒါကတော့ အမျှဝေခြင်းနဲ့သာဓုခေါ်ဆိုခြင်းတို့ဘဲ ဖြစ်ပါတယ်။

သတ္တဝါတွေ ချမ်းသာသုခတိုးပွား များပြားစေဖို့ ပြုလုပ်သင့်တဲ့ ကောင်းမှုကုသိုလ်လုပ်ငန်းများကို ပုညကြိယာဝတ္ထုလို့ ပါဠိဘာသာဖြင့် ခေါ်ပါတယ်။ ၎င်းပုညကြိယာဝတ္ထုဟာ(၁၀)မျိုးရှိရာ ပတ္တိဒါန= မိမိပြုလုပ်တဲ့ကုသိုလ်အဖို့ကို အမျှဝေခြင်းနဲ့ ပတ္တာနုမောဒန=သူတစ်ပါးတို့ ကုသိုလ်ကောင်းမှုပြုပြီး အမျှပေးတာကို ဝမ်းမြောက်ဝမ်းသာစွာ သာဓုခေါ်ဆိုခြင်းဆိုတဲ့ တရားနှစ်ပါး ပါဝင်ပါတယ်။

- ပတ္တိဒါန၊ပတ္တာနုမောဒနာဖြစ်ပုံမှာ ကုသိုလ်ကောင်းမှုပြုတဲ့အခါ မိမိကုသိုလ်ရသလို တခြားလူတွေလဲ မိမိနှင့်အညီအမျှ ကုသိုလ်အကျိုးရစေရန် ဝေငှခြင်းကို ပတ္တိဒါန=အမျှဝေခြင်းလို့ ခေါ်ပါတယ်။ ထိုအမျှဝေတဲ့အသံကိုကြားရတဲ့သူတွေက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပါက ကောင်းမှုရှင်နဲ့အလားတူစွာ ကုသိုလ်အဖို့ကို ရပါတယ်။ ပြိတ္တာဖြစ်နေသူတွေ သာဓုခေါ်ရာတွင် ချက်ချင်းအကျိုးခံစားကြရပါတယ်။ ဝမ်းမြောက်ဝမ်းသာမဟုတ်တဲ့ ဝတ်ကျေတန်းကျေခေါ်လျှင် တော်ရုံသာရမှာဖြစ်ပါတယ်။ သူတစ်ပါး လှူဒါန်းတာကို မနာလိုဖြစ်ပါက "ဣဿာ" အကုသိုလ်ပင်ဖြစ်တတ်ပါတယ်။
- အမျှဝေမှုသာဓုခေါ်မှုတို့ဟာ စိတ်စေတနာထက်သန်လျှင် ထက်သန်သည်အလျှောက် အကျိုးပေးနိုင်

ပါတယ်။ သာမန်ကိစ္စများလို အမှတ်မယူပါနဲ့။ ၎င်းတို့ဟာ ဘဝပေါင်းများစွာ ကောင်းကျိုးပေးနိုင်ကြပါတယ်။ သူတစ်ဦးကောင်းမှုပြုလုပ်နေတာကို မိမိမပြုလုပ်နိုင်သေးပါက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမှာ ဖြစ်ပါတယ်။ ဒီလိုဝမ်းမြောက်ဝမ်းသာ အားပေးထောက်ခံတဲ့အနေနဲ့ သာဓုခေါ်တဲ့အတွက် နှစ်ဦးနှစ်ဘက်စလုံးတွင် ကုသိုလ်တရားတွေတိုးပွားလာကြမှာ ဖြစ်ပါတယ်။ ဒီအမျှဝေမှုနဲ့သာဓုခေါ်မှုမျိုးဟာ ဆီမီးတိုင်တစ်တိုင်က ဆီမီးတွေကို ပွား၍ယူတာနဲ့တူပါတယ်။ မိမိဆီမီးတိုင်တစ်တိုင်က အခြားသော ဆီမီးတိုင်များစွာကို မျှဝေ၍ ထွန်းညှိပေးတဲ့အခါ မိမိဆီမီးတိုင်တွင် အလင်းရောင်လျော့မသွားသလို အခြားဆီမီးတိုင်တွေလဲ အလင်းရောင် ကျယ်ကျယ်ပြန့်ပြန့် ထွန်းတောက်သွားကြာတာ ဖြစ်ပါတယ်။ အလားတူပဲ အမျှဝေတဲ့လူမှာ ကုသိုလ်လျော့ မသွားဘဲ သာဓုခေါ်တဲ့လူမှာလဲ ကုသိုလ်အကျိုးပွားတိုးခံစားလာရတာ ဖြစ်ပါတယ်။

- တိရောကုဋ္ဋသုတ်တော်တွင် ကွယ်လွန်သွားတဲ့သူတွေ သာဓုခေါ်နိုင်တဲ့ ပြိတ္တာမျိုးတို့၌ ဖြစ်နေပါက ထိုသူတို့အတွက်ရည်စူး၍ ကုသိုလ်ပြုလုပ်ကာ အမျှဝေရပါတယ်။ ဒီလိုအမျှဝေတဲ့အခါ ပြိတ္တာတွေက သာဓုခေါ်ကြပါက ပြိတ္တာဘဝ ဆင်းရဲကလွတ်မြောက်ကာ နတ်၌ဖြစ်တဲ့ အဝတ်တန်ဆာ ဥယျာဉ်ဗိမာန် အသုံးအဆောင်တွေကို စားသုံးရတယ်လို့ ဘုရားရှင် ဟောကြားထားပါတယ်။ ပေတဝတ္ထုတွင်လည်း သာဓု

ခေါ်ရုံမျှနဲ့ ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်နိုင်ကြောင်း ဖော်ပြထားတာ တွေ့ရပါတယ်။

- နာကိုးတောင်းရှစ်၊ သာဓုတစ် ဟောလစ်အသခေျ်ဟူ၍ ဆိုသည့်အတိုင်း တရားဟောတဲ့ပုဂ္ဂိုလ်အသခေျ် အပါယ်မလားနိုင်။ တရားနာ ပုဂ္ဂိုလ်ကိုကမ္ဘာအပါယ်မလားနိုင်။ တရားဟောရန် တောင်းပန်သောပုဂ္ဂိုလ် ရှစ်ကမ္ဘာ အပါယ်မလားနိုင်။သာဓုခေါ်တဲ့ ပုဂ္ဂိုလ်ကတော့ တစ်ကမ္ဘာ အပါယ်မလားနိုင်လို့ ကျမ်းဂန်စာပေတို့တွင် သာဓုခေါ်ခြင်းရဲ့အကျိုးကို ဖော်ပြထားတာ တွေ့ရပါတယ်။
ဒါကြောင့် မိမိကိုယ်တိုင် ကုသိုလ်ကောင်းမှုပြုပြီးတဲ့အခါတွင်လည်း သူတစ်ပါးတို့အား မိမိကုသိုလ်ရဲ့ အဖို့ဘာဂကို အမျှဝေပေးရမှာဖြစ်ပါတယ်။ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော ဝေနေယျသုခိတ-ဒုက္ခိတ သတ္တဝါတွေကို ရည်မှန်းပြီး အမျှဝေရမှာဖြစ်ပါတယ်။
- အထူးအားဖြင့် မိမိအတွက် ကျေးဇူးကြီးမားလှတဲ့ မိဘဆွေမျိုး ဉာတကာမိတ်သဟာတွေနဲ့ ကွဲလာတဲ့ ပရိသတ် အရပ်ရပ်တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်စတဲ့ နတ်များစွာတို့အားလည်းကောင်း ဒါ့အပြင် ငရဲသနင်း ယမမင်း၊ နိုင်ငံသနင်းပြည်ရှင်မင်း စသည်တို့အားလည်းကောင်း အမျှဝေရမှာ ဖြစ်ပါတယ်။
- ထိုနည်းအတူ သူတော်ကောင်းတို့ပေးဝေသောကုသိုလ်အဖို့ကိုလည်း မိမိကဝမ်းမြောက်ဝမ်းသာ

သာဓုခေါ်ဆိုရမှာ ဖြစ်ပါတယ်။ ဒီလို ခေါ်ဆိုပါက ပတ္တာနုမောဒန ကုသိုလ်ပွားကာ အကျိုးများစွာ ရနိုင်ပါတယ်။

- ဒါကြောင့် သူတော်ကောင်းတွေအနေနဲ့ မိမိတို့ ကုသိုလ်ပြုပြီးတဲ့အချိန်အတိုင်း အမျှဝေခြင်းသာဓုခေါ်ခြင်းတို့ကို အလေးအနက်ထားကာ ပြုလုပ်သင့်ကြောင်း တိုက်တွန်းလိုက်ရပါတယ်။

“ဟောတုတေ အာယဝဍ္ဎနံ”

စိန်တိုင်ထွန်း

အမှတ်
ရက်စွဲ ...... ...... ......

# စွယ်စုံလှသူ

နံ့သည့် ဉာဏ၊ သုတမရှိ၊ သီလရှိသော်
သီလအတွက်၊ နှစ်သက် ကုန်ကြ၊ ချီးမွမ်းရ၏။
သီလမရှိ၊ သုတရှိသော်၊ တက်သည့် ချည်းနှီး၊
ကျိုးမပြီးဟု၊ မချီးမွမ်းကြ၊ ကဲ့ရဲ့ရ၏။
သုတ သီလ၊ စွယ်စုံလှမူ၊ ထိုသသူကို၊
နတ်လူကောင်းချီး အံ့မပြီးဟု၊ အံ့ချီးကော်ရော်၊
ရှိခိုးပူဇော်၍ ကော်ရော်ဦးခိုက်၊ ရှိခိုးထိုက်ရှင့်။

မဃဒေဝလင်္ကာသစ်